

ပဋိပက္ခအတွင်း
လိင်အကြမ်းဖက်မှုကို
စုံစမ်း စစ်ဆေးခြင်းနှင့်
မှတ်တမ်းပြုခြင်းနှင့်ပတ်သက်၍
နိုင်ငံတကာလုပ်ထုံးလုပ်နည်း
များကို ဖြည့်စွက်မွမ်းမံခြင်း

# မြန်မာ

မြန်မာနိုင်ငံတွင် လက်တွေ့
ဆောင်ရွက်နေသူများအတွက် အထူးလမ်းညွှန်

မတ် ၂၀၁၈

IICI Institute for International Criminal Investigations

REDRESS
Ending Torture, Seeking Justice for Survivors



© Minzayar Oo/Panos Pictures

Design: Vilmar Luiz

# ပဋိပက္ခအတွင်း
# လိင်အကြမ်းဖက်မှုကို
# စုံစမ်း စစ်ဆေးခြင်းနှင့်
# မှတ်တမ်းပြုခြင်းနှင့်ပတ်သက်၍
# နိုင်ငံတကာလုပ်ထုံးလုပ်နည်း
# များကို ဖြည့်စွက်မွမ်းမံခြင်း

# မြန်မာ

## မြန်မာနိုင်ငံတွင် လက်တွေ့ ဆောင်ရွက်နေသူများအတွက် အထူးလမ်းညွှန်

မတ် ၂၀၁၈


Institute for International Criminal Investigations

REDRESS
Ending Torture, Seeking Justice for Survivors

## ကျေးဇူးတင်လွှာ

ဤဖြည့်စွက်မှမ်းမံချက်ကို ရက်ဒရပ်စ် (REDRESS) မှ ဆာရာဖူလ်တန် (Sarah Fulton) ၏ ကိုယ်စားရေးသားခြင်းဖြစ်ပြီး နာအိုမီဘာကာ (Naomi Barker) ၏ သုတေသနထပ်ဆင့်ပြုလုပ်မှုအကူအညီဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ မြန်မာဥပဒေနှင့် ပတ်သက်သော အခန်းများကို အယ်လ်ခွန်းရိန်ပန်းက စစ်ဆေးပေးသည်။ ဤဖြည့်စွက်မွမ်းမံချက်တွင် ပါဝင်သော အချက်အလက်များကို စစ်ဆေးအတည်ပြုကာ ကူညီထောက်ပံ့ပေးခဲ့ပြီး အမည်မဖော်လိုသော တစ်ဦးတစ်ယောက်ချင်းစီကိုလည်း ၎င်းတို့၏ ကူညီထောက်ပံ့ပေးမှုများအတွက် ကျေးဇူးတင် ကြောင်းပြောကြားလိုပါသည်။ ရက်ဒရပ်စ် (REDRESS) ၏ ဥပဒေနှင့်မူဝါဒဌာနမှ ဌာနမှူး ဂျီရ်ဂန်စခါးရ် (Jürgen Schurr) နှင့် နိုင်ငံတကာရာဇဝတ်မှုစုံစမ်းထောက်လှမ်းရေး ("IICI") စီမံချက်ဒါရိုက်တာ ဂါဘရီယယ်အူးစ်သွယ်ဇင် (Gabriël Oosthuizen) တို့ကလည်း ဤဖြည့်စွက်မွမ်းမံချက်ကို စစ်ဆေးအတည်ပြုပေးခဲ့ကြသည်။ ဤဖြည့်စွက်မွမ်းမံချက်ကို ရေးသားဖြစ်ခြင်းသည် ဗြိတိသျှအစိုးရ၏ နိုင်ငံခြားရေးနှင့် ဓနသဟာယရုံး (Foreign & Commonwealth Office )၏ စွမ်းစွမ်းတမံထောက်ပံ့ကူညီပေးမှုဖြင့်သာ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

## ဤဖြည့်စွက်မွမ်းမံချက်နှင့် ပတ်သက်သည့် မူပိုင်ခွင့်နှင့် ဤဖြည့်စွက်မွမ်းမံချက်ကို ပြင်ဆင်ညှိနှိုင်းခြင်းနှင့်ပတ်သက်သော မှတ်သားဖွယ်ရာ

ဤဖြည့်စွက်မွမ်းမံချက်ကို IICI နှင့် ရက်ဒရပ်စ် (REDRESS) က မူပိုင်ခွင့်ရရှိထားသည်။ သို့သော် ဤဖြည့်စွက်မွမ်းမံချက်ကို သက်ဝင်နေပြီး လက်တွေ့သုံးနိုင်သော စာရွက်စာတမ်းဖြစ်နိုင်ရန် ရည်ရွယ်ထားသည်။ အသုံးပြုသူအားလုံးအတွက် အခမဲ့ဖြစ်ပြီး ခေတ်မီ မှန်ကန်သည့်အပြင် လိုအပ်မှုနှင့်အညီ ပြင်ဆင်ညှိနှိုင်းနိုင်သည်။ ထိုပြောင်းလဲပြင်ဆင်မှုအတွက် IICI နှင့် ရက်ဒရပ်စ် (REDRESS)၊ ဤဖြည့်စွက်မွမ်းမံချက်ကို ရေးသားပြုစုသူများ သို့မဟုတ် နိုင်ငံခြားရေးနှင့် ဓနသဟာယရုံး (FCO)တို့ထံမှ ခွင့်ပြုချက်တောင်းခံရန် မလိုအပ်ပေ။ သို့သော် ပြင်ဆင်ညှိနှိုင်းမှုပြုလုပ်ပါက ဤဖြည့်စွက်မွမ်းမံချက်ကို အသိအမှတ်ပြုမှုပေးရန် မေတ္တာရပ်ခံပါသည်။

## မသက်ဆိုင်ကြောင်းရှင်းလင်းချက်

ဤဖြည့်စွက်မွမ်းမံချက် - *ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းပြုခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ* -တစ်ခုလုံးကို သို့မဟုတ် ၎င်းတွင်ပါဝင်သော စာရွက်စာတမ်းကို အခြားသူများမှ အသုံးပြုခြင်း နှင့်/သို့မဟုတ် ဖြည့်စွက်ပြင်ဆင်ခြင်းတို့ ပြုလုပ်ပါက သို့မဟုတ် ၎င်းနှင့်ဆက်စပ်သော အကျိုးဆက်များပေါ်ပေါက်ပါက IICI နှင့် ရက်ဒရပ်စ် (REDRESS) အနေဖြင့် မည်သည့်တာဝန်မှမရှိသည့်နည်းတူ နောင်လည်း မည်သည့်တာဝန်ယူမှုမျှရှိမည်မဟုတ်ပေ။ ဖော်ပြပါ စာရွက်စာတမ်းများကို အသုံးပြုသူတိုင်းသည် ၎င်းတွင် ပါဝင်သောအကြောင်းအရာများကို လက်တွေ့ကျင့်သုံးခြင်း နှင့်/သို့မဟုတ် အသုံးပြုရန်ဘေးကင်းခြင်းနှင့် သင့်တော်ခြင်းများရှိမရှိ အကဲဖြတ်ရန် တာဝန်ရှိသည်။

ဤဖြည့်စွက်မွမ်းမံချက်တွင် ဤဖြည့်စွက်မွမ်းမံချက်၏ အခန်း (၁) တွင် ရှင်းပြထားသည့်အတိုင်း မတော်တဆ အမှုမဲ့အမှတ်မဲ့ မှားယွင်းမှုများပါရှိကောင်းပါရှိနိုင်သည်။ အကြောင်းအရာများ ခေတ်မီခြင်းရှိမရှိနှင့် မှန်ကန်ခြင်းရှိမရှိကို စစ်ဆေးရန်မှာ အသုံးပြုသူများ၏ တာဝန်သာဖြစ်သည်။

## IICI ၏ နောက်ကြောင်းရာဇဝင်

နိုင်ငံတကာရာဇဝတ်မှုစုံစမ်းစစ်ဆေးရေး အဖွဲ့အစည်းသည် စစ်ရာဇဝတ်မှုများ၊ လူသားချင်းညှာတာထောက်ထားမှုဆိုင်ရာ ရာဇဝတ်မှုများ၊ လူမျိုးတုံးသတ်ဖြတ်မှုနှင့် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် မှတ်တမ်းပြုစုရန်အတွက် နိုင်ငံတကာဆိုင်ရာ၊ ပြည်တွင်းဆိုင်ရာ၊ မြို့ပြလူ့အဖွဲ့အစည်းဆိုင်ရာနှင့် အခြားစုံစမ်းစစ်ဆေးသူများနှင့် လက်တွေ့ကျင့်သုံးသူများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ခြင်းနှင့် မြှင့်တင်ပေးခြင်းတို့တွင် အထူးပြုလုပ်ဆောင်ရွက်သည်။ ၎င်းအဖွဲ့အစည်းမှ ပေးအပ်သော သင်တန်းများတွင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်မှုနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ သင်တန်းပေးခြင်းပါဝင်သည်။ IICIနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက www.iici.globalတွင် ဖတ်ရှုနိုင်သည်။

## ရက်ဒရပ်စ် (REDRESS) ၏ နောက်ကြောင်းရာဇဝင်

ရက်ဒရပ်စ် (REDRESS) သည် ဗြိတိသျှနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့တွင် အခြေစိုက်ထားသော နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတကာရာဇဝတ်မှုများနှင့် နှိပ်စက်ညှဉ်းပန်းမှုများမှ လွတ်မြောက်ရှင်သန်လာသူများကို ကူညီပံ့ပိုးပေးရန်၊ စစ်လျော်ကြေးကဲ့သို့သော အခြားပုံစံလျော်ကြေးများနှင့် တရားမျှတမှုရရှိရန်၊ နှိပ်စက်ညှဉ်းပန်းမှုကျူးလွန်ခဲ့ကြသူများနှင့် အစိုးရများကို တာဝန်ယူခိုင်းနိုင်ရန်၊ ခံရသူများအတွက် ပြန်လည်ထူထောင်ခြင်းကို ပြုလုပ်ခြင်းနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ လုပ်ဆောင်ခြင်းနည်းလမ်းများကို ချမှတ်နိုင်ရန် လုပ်ပိုင်ခွင့်အာဏာရှိသည်။ ရက်ဒရပ်စ် (REDRESS) နှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက www.redress.org တွင် ဖတ်ရှုနိုင်သည်။

## မာတိကာ

*ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းပြုခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများစာအုပ် ("IP2") ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေမှု (မတ်လ ၂၀၁၇) တွင် ပါဝင်သောဤအခန်းများနှင့် အခန်းခွဲများသည် လွယ်ကူစွာကိုးကားနိုင်သည့် လိင်အကြမ်းဖက်မှုနှင့် ပတ်သက်သော အချက်များများစွာ ဖော်ပြပါရှိသော်လည်း အခန်းများအားလုံးသည် နိုင်ငံအလိုက် ထပ်မံမွမ်းမံပြုပြင်ခြင်း တို့ပါရှိရန် လိုအပ်ကြောင်း သတိပြုပါ။*


**အတိုကောက်များ ... vi**

**အပိုင်း ၁။ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံတွင် အသုံးပြုခြင်း ... 1**

*အခန်း ၁ - နိဒါန်း ... 1*

**အပိုင်း ၂။ လိင်အကြမ်းဖက်မှုဆိုသည်မှာ အဘယ်နည်း။ ... 2**

*အခန်း ၂ - မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်မှုကို နားလည်ခြင်း ... 2*

၁။ စစ်တပ်နှင့် နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်များကြား ပဋိပက္ခ ... 2

၂။လူမျိုးရေးအစွန်းရောက် ဗုဒ္ဓဘာသာဝင်များ၏ လှုပ်ရှားမှုများ မြင့်တက်လာခြင်း ... 3

ဇယား ၁။ ရိုဟင်ဂျာမူဆလင်များကို တိုင်းရင်းသားထဲမှထုတ်ပယ်ခြင်း ... 4

၃။ ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုမှတ်တမ်းများ ... 5

၄။ စစ်တပ်နှင့် ရဲများက အပြစ်လွတ်နေခြင်း ... 5

(ခ) မြန်မာနိုင်ငံရှိ ပဋိပက္ခနှင့် ရက်စက် ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုပုံစံများ ... 5

၅။ မုဒိမ်းမှု ... 5

၆။ ထိန်းသိမ်းစခန်းတွင် ညှဉ်းပန်းမှုနှင့် လိင်ကျွန်ပြုမှုပုံစံဖြင့် လိင်အကြမ်းဖက်မှု ... 7

၇။ အတင်းအကျပ် ကလေးပျက်စေခြင်းနှင့် ကလေးဖျက်ချခြင်း ... 7

၈။ အတင်းအကျပ် လက်ထပ်စေခြင်းနှင့် ကိုယ်ဝန်ဆောင်စေခြင်း ... 7

၉။ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်း၊ မုဒိမ်းကျင့်ရန် ခြိမ်းခြောက်ခြင်းနှင့် အတင်းအကျပ် ကိုယ်လုံးတီးဖြစ်စေခြင်း ... 7

၁၀။ နေရပ်တွင်းထွက်ပြေးတိမ်းရှောင်နေရသူများနှင့် သက်ဆိုင်သော လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှု ... 7

(ဂ)ပဋိပက္ခနှင့် ရက်စက်မှုဆိုင်ရာ လိင်အကြမ်းဖက်မှု ... 8

၁။ လုံ့ဆော်မှုများ ... 8

၂။ မတိုင်တန်းကြသော လိင်အကြမ်းဖက်မှု ... 8

(၃) ခံရသူသားကောင်များ ... 8

၄။ ကျူးလွန်သူများ ... 9

၅။ လိင်အကြမ်းဖက်မှု အတိုင်းအတာ ... 10

(ဃ) မြန်မာနိုင်ငံရှိ ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု၏ ရိုက်ခတ်မှု ... 10

**အပိုင်း ၃။ တာဝန်ခံနိုင်မှုလမ်းကြောင်းများနှင့် ပြန်လည်ကုစားနိုင်မှု ... 13**

*အခန်း ၃။ မြန်မာနိုင်ငံနှင့်ဆက်နွယ်သော တာဝန်ခံနိုင်မှု လမ်းကြောင်းများနှင့် ပြန်လည်ကုစားနိုင်မှုအပေါ် သုံးသပ်ချက် ... 13*

(က) မြန်မာနိုင်ငံ၏ ဥပဒေရေးရာအနေအထား ... 13

(ခ) တရားရုံးများ၏ နည်းပါးသောအခန်းကဏ္ဍ ... 14

ဇယား ၂။ မြန်မာနိုင်ငံတွင် တရားရုံးများကို ရှောင်ရှားခြင်း ... 14

(ဂ) မြန်မာနိုင်ငံနှင့်ဆက်နွယ်သော တာဝန်ခံနိုင်မှု လမ်းကြောင်းများနှင့် ပြန်လည်ကုစားနိုင်မှုအပေါ် သုံးသပ်ချက် ..... 15
၁။ ပြည်တွင်းလမ်းကြောင်းများ (မြန်မာ) ..... 15
ဇယား ၃။ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးကော်မရှင်တွင် တိုင်ကြားသူများကို လက်တုံ့ပြန်ခြင်းများ ..... 16
၂။ လူ့အခွင့်အရေးဆိုင်ရာ ဒေသတွင်းလုပ်ငန်းစဉ်များ ..... 17
၃။ နိုင်ငံတကာ တာဝန်ခံနိုင်မှု လုပ်ငန်းစဉ်များ ..... 17
၄။ စုံစမ်းစစ်ဆေးရေးနှင့် အချက်အလက်ရှာဖွေခြင်းအဖွဲ့များ ..... 18
၅။ နိုင်ငံတကာနှင့် ဖက်စပ် တရားရုံးများနှင့် ခုံရုံးများ ..... 18
ဇယား ၄။ မြန်မာနိုင်ငံတွင်းရှိ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး လုပ်ဆောင်ချက် ..... 18
၆။ တတိယနိုင်ငံများတွင် လုပ်ဆောင်ခြင်း - ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့်အပါအဝင် နယ်ပယ်ချဲ့ထွင်တရားစီရင်ပိုင်ခွင့် ၁၈၈ ..... 19
(ဃ) တာဝန်ယူနိုင်မှု လမ်းကြောင်း ဇယား ..... 20
*အခန်း ၄။ မြန်မာနိုင်ငံဥပဒေအရ ရာဇဝတ်မှုဆိုင်ရာ တစ်ဦးချင်းတာဝန်ယူမှု ..... 22*
(က) ဥပဒေဖွဲ့စည်းပုံ ..... 22
ဇယား ၅။ စစ်တပ်၏ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုအတွက် တရားမဲ့မှုများ ..... 23
(ခ) မြန်မာနိုင်ငံဥပဒေအရ လိင်အကြမ်းဖက်မှု ..... 23
၁။ မြန်မာနိုင်ငံဥပဒေအရ ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုပုံစံများနှင့်စပ်လျဉ်းသော ရာဇဝတ်မှုများ ..... 24
ဇယား ၆။ ပုံမှန်ရှိနေသော ရာဇဝတ်မှုများကို အသုံးပြုမှုအားနည်းခြင်း ..... 29
၂။ တာဝန်ယူမှုနည်းလမ်းများ ..... 30
တာဝန်ယူမှုနည်းလမ်းများ ..... 30
သက်ဆိုင်သည့် ပုဒ်မများ ..... 30
ဖော်ပြချက် ..... 30
၃။ ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုကို ဖယ်ရှားနေသော ကာကွယ်မှုများ၊ ဆင်ခြေများနှင့် အခြား နောက်ကွယ် အကြောင်းရင်းများ ..... 31
ဇယား ၇။ ဥပဒေနှင့်မညီသော အမိန့်များကို သိသာစွာပြုလုပ်နေသော သစ္စာမရှိသော ကာကွယ်ရေးတပ် ..... 33
၄။ ကလေး ပြစ်မှုကျူးလွန်သူများ ..... 33
၅။ ညွှန်ကြားချက်များ ..... 33
၆။ ကင်းလွတ်ခွင့်နှင့် လွတ်ငြိမ်းချမ်းသာခွင့် ..... 33
ဃ။ လုပ်ငန်းစဉ်များနှင့် သက်သေများကို ဆောင်ရွက်ခြင်းစည်းမျဉ်းများ ..... 33
၁။ သဘောတူညီခြင်း ..... 33
၂။ အတည်ပြုခြင်း ..... 34
၃။ စတင်လုပ်ဆောင်မှုနှင့် နောက်ဆက်တွဲလိင်ထိပါးမှု ..... 34
၄။ သက်သေစံနှုန်း ..... 34
၅။ လုပ်ငန်းစဉ် ..... 34

**အပိုင်း ၄။ လက်တွေ့မှတ်တမ်းတင်ခြင်း - ပြင်ဆင်ခြင်း ..... 37**
*အခန်း ၇။ ထိခိုက်နစ်နာမှု မဖြစ်စေရေး ..... 37*
(က) ခံရသူများနှင့် မျက်မြင်သက်သေများကို ထိခိုက်နစ်နာနိုင်စေသည့် အလားအလာရင်းမြစ်များ ..... 37
(ခ) အကြောင်းကြားထားသော သဘောတူညီချက် ..... 38
(ဂ) ထိခိုက်နစ်နာမှုကို လျော့ပါးစေခြင်း ..... 39
၁၉။ ငြိမ်းချောက်မှုနှင့် အန္တရာယ်ကို အကဲဖြတ်ခြင်းများ ..... 39

ဇယား (၈)။ ။အခွင့်ရ ပုဂ္ဂိုလ်များ ........................................ 40
**၂။ လျှို့ဝှက်ချက်ထိန်းသိမ်းမှု** ........................................ 41
**၄။ လွှဲပြောင်းပေးခြင်းများ** ........................................ 41
*အခန်း (၈) ။ ။ **အန္တရာယ်ကင်းရေးနှင့် စိတ်ပိုင်းဆိုင်ရာလုံခြုံရေး** ........................................ 43*
**(က) နိဒါန်း** ........................................ 43
**လက်တွေ့လုပ်ဆောင်သူများအတွက် အန္တရာယ်များကို စီမံလုပ်ဆောင်ခြင်း** ........................................ 43
ဇယား (၉)။ ။ သွယ်ဝိုက်ရရှိသော စိတ်ဒဏ်ရာကို ဖော်ထုတ်ခြင်း ........................................ 44
**(ဂ) သတင်းအချက်အလက်ဆိုင်ရာ အန္တရာယ်များကို စီမံလုပ်ဆောင်ခြင်း** ........................................ 44
**အကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ၏ အန္တရာယ်များကို စီမံလုပ်ဆောင်ခြင်း** ........................................ 44
*အခန်း (၁၀)။ **မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်မှုများတွင် သက်သေအမျိုးအစားများ** ........................................ 46*
**(က) နိဒါန်း** ........................................ 46
**(ခ) ထွက်ဆိုချက်သက်သေ** ........................................ 46
**(ဂ) စာရွက်စာတမ်းသက်သေ** ........................................ 46
ဇယား (၁၀) ဆရာမများကို မုဒိမ်းကျင့် သတ်ဖြတ်ခြင်းတွင် ရရှိသော ရုပ်ပိုင်းဆိုင်ရာ သက်သေများကို စုဆောင်းခြင်းနှင့် ပတ်သက်သည့် အချက်များ ........................................ 46
**(ဃ) ရုပ်ပိုင်းဆိုင်ရာသက်သေ** ........................................ 46
**အဆုံးသတ်မှတ်စုများ** ........................................ **47**

# အတိုကောက်များ

| | |
|---|---|
| AA | ရခိုင်တပ်မတော် |
| ABSDF | ဗမာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး |
| ALP | ရခိုင်လွတ်လပ်ရေးပါတီ |
| ARIF | ရခိုင်ရိုဟင်ဂျာ အစ္စလာမ်တပ်ဦး |
| ARSA | ရခိုင်ရိုဟင်ဂျာ ကယ်တင်ရေးတပ် |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ |
| CARSV | ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု |
| CEDAW | အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်း ပုံစံအားလုံးကို ဖယ်ရှားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း |
| CEDAW Committee | အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်း ပုံစံအားလုံးကို ဖယ်ရှားခြင်းဆိုင်ရာ ကော်မတီ |
| CNF | ချင်းအမျိုးသားတပ်ဦး |
| CRC | ကလေးသူငယ် အခွင့်အရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း |
| CrPC | ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ |
| CRPD | မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း |
| DKBA | ကရင်ဗုဒ္ဓဘာသာ/ ပရဟိတဆိုင်ရာ ဒီမိုကရက်တစ်တပ်မတော် |
| EAOs | တိုင်းရင်းသား တပ်မတော်အဖွဲ့အစည်းများ |
| FIR | ပထမဦးဆုံးအကြမ်းဖက်မှုမှတ်တမ်း |
| HaY | ဟာရာခါ အယ်လ်-ယာရှင် |
| HREIB | မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးဆိုင်ရာ ပညာပေးအဖွဲ့အစည်း |
| HRW | လူ့အခွင့်အရေးစောင့်ကြည့်မှု |
| ICESCR | စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာလုပ်ထုံးလုပ်နည်း |
| ICC | နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး |
| ICJ | နိုင်ငံတကာ ဂျူရီလူကြီးများကော်မရှင် |
| IDP | ပြည်တွင်းနေ ထွက်ပြေးတိမ်းရှောင်သူများ |
| IED | လက်ဖြစ်ပေါက်ကွဲပစ္စည်းကိရိယာ |
| IICI | နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်း |
| IP2 | ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းပြုခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများ (ဒုတိယအကြိမ်ပုံနှိပ်ခြင်း မတ်လ ၂၀၁၇) |
| KA | ကရင်နီတပ်မတော် |
| KIO/KIA | ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း/တပ် |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ် |
| KPC | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်နှင့် ငြိမ်းချမ်းရေးကောင်စီ |
| KNU | ကရင်အမျိုးသားအဖွဲ့ |
| KNWO | ကရင်နီ အမျိုးသမီးအဖွဲ့အစည်း |
| KWAT | ထိုင်းနိုင်ငံရှိ ကချင်အမျိုးသမီးအဖွဲ့အစည်း |

| | |
|---|---|
| KWO | ကရင်အမျိုးသမီးအဖွဲ့အစည်း |
| LAN | ဥပဒေထောက်ပံ့ရေးကွန်ရက် |
| MN-DAA | မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် |
| NCA | ပြည်တွင်းအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် |
| NHRC | မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် |
| NHRC Act | မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် အက်ဥပဒေ ၂၀၁၄ |
| NMSP | မွန်ပြည်နယ်ပါတီသစ် |
| NSPAW | အမျိုးသမီးများမြှင့်တင်ရေး တစ်နိုင်ငံလုံးအဆင့်နည်းဗျူဟာစီမံချက် |
| OHCHR | လူ့အခွင့်အရေး အထူးအရာရှိ ကုလသမဂ္ဂရုံး |
| PNLO | ပအိုဝ်းလူမျိုးဆိုင်ရာ လွတ်လပ်ရေးအဖွဲ့အစည်း |
| PTSD | စိတ်ဒဏ်ရာကြောင့် စိတ်ဖိစီးမှုမူမမှန်ခြင်း |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| SSA-South | ရှမ်းပြည်နယ်တောင်ပိုင်းတပ်မတော် |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| SWAN | ရှမ်းအမျိုးသမီးများလှုပ်ရှားမှုကွန်ရက် |
| TWO | တအာင်းအမျိုးသမီးအဖွဲ့အစည်း |
| TNLA | တအာင်းအမျိုးသားလွတ်မြောက်ရေးတပ် |
| RSO | ရိုဟင်ဂျာစည်းလုံးညီညွတ်မှုအဖွဲ့ |
| RCSS | ရှမ်းပြည်နယ်ထိန်းသိမ်းရေးကောင်စီ |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |
| UNICEF | ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံတကာကလေးသူငယ်များ အရေးပေါ်ရံပုံငွေ (ယူနီဆက်) |
| UNFFM | မြန်မာနိုင်ငံရှိ ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံတကာ အချက်အလက်ရှာဖွေရေးဆိုင်ရာ လွတ်လပ်သော စီမံချက်များ |
| UNHCHR | ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးအရာရှိ |
| UPR | ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ ပုံမှန်စစ်ဆေးမှုမှတ်တမ်း |
| UWSA | ဝပြည်နယ်စည်းရုံးရေးတပ်မတော် |
| WCRP | အမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေး စီမံချက် |
| WLB | မြန်မာအမျိုးသမီးရေးရာအဖွဲ့အစ |

# အပိုင်း ၁။ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံတွင် အသုံးပြုခြင်း

## အခန်း ၁ - နိဒါန်း

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းပြုခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ စာအုပ် ("IP2") ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေခြင်းသည် စစ်ရာဇဝတ်မှုများ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ရာဇဝတ်မှုများ၊ လူမျိုးတုံးသတ်ဖြတ်မှုနှင့် ဆိုးရွားသော နိုင်ငံတကာ ရာဇဝတ်မှု၊ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေ များကို စုံစမ်းစစ်ဆေးရန်နှင့် မှတ်တမ်းပြုစုရာတွင် အကောင်းဆုံးလုပ်ဆောင်နိုင်ရန် လမ်းညွှန်ချက်များကို ချမှတ်ထားသည်။[၁] လက်တွေ့လုပ်ဆောင်သူများ၊ သီအိုရီ အယူအဆဆိုင်ရာ၊ တရားဥပဒေဆိုင်ရာနှင့် အလွန် လက်တွေ့ကျသော မှတ်တမ်းရှုထောင့်များ ပြုလုပ်ရန်အတွက် အလွန်ကောင်းသော အရင်းအမြစ်ဖြစ်သည်။

ဤလုပ်ထုံးလုပ်နည်းစာအုပ် (၂) "IP2" တွင် ရှင်းလင်းစွာပြောထားသည့် အတိုင်းပင် အကြောင်းအရာအသေးစိတ်ပါဝင်ပြီး ပဋိပက္ခတစ်ခုချင်းစီနှင့် နိုင်ငံတစ်ခုချင်းစီတွင် အကောင်းဆုံး လုပ်ဆောင်မှုလမ်းညွှန်ချက်များနှင့် အတူတွဲဖက်ပါရှိသော သီးသန့်ဥပဒေနှင့် လက်တွေ့ဆောင်ရွက်ချက်များရှိသည်။ [၂] ဤဖြည့်စွက် မွမ်းမံချက်ကို လုပ်ထုံးလုပ်နည်းစာအုပ် (၂) "IP2" ၏ တွဲဖက်အဖြစ် ရည်ရွယ်ရေးသားထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ အခြေအနေများနှင့် ကိုက်ညီသော အချက်အလက်များဖြင့် ကွာဟမှုကို ဖြည့်ထားခြင်းဖြစ်သည်။ လုပ်ထုံးလုပ်နည်းစာအုပ် (၂) "IP2" ကို ပြန်လည်ကူးရေးထားခြင်းမဟုတ်ဘဲ တစ်မျိုးတည်းလည်း အသုံးပြု၍မရပေ။ သို့သော် မြန်မာနိုင်ငံအတွင်း သိသာထင်ရှားနေသော ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု ("CARSV") ၏ သွင်ပြင်လက္ခဏာ များနှင့် အကြောင်းအရာများ၊ မြန်မာနိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်အတွင်း တရားမျှတမှုရှိစေရန် အတွက် ဥပဒေလမ်းကြောင်းများ၏ အနေအထား၊ နိုင်ငံအတွင်း ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု ("CARSV")[၃] ကို မှတ်တမ်းတင်ရာတွင် ပေါ်ပေါက်လာနိုင်သည့် လက်တွေ့ကိစ္စများ၊ လုပ်ငန်းစဉ်ဆိုင်ရာ လိုအပ်ချက်များနှင့် အသေးစိတ်သက်သေလိုအပ်ချက်များကို ရည်ရွယ်ထားခြင်း ဖြစ်သည်။

ဤဖြည့်စွက်မွမ်းမံချက်သည် လုပ်ထုံးလုပ်နည်း ၂ (IP2) အဖြစ် သတ်မှတ်ထားသော ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု ("CARSV") ကို စစ်ရာဇဝတ်မှုများ၊ လူသားချင်းညာတာထောက်ထားမှုဆိုင်ရာ ရာဇဝတ်မှုများ၊ လူမျိုးတုံးသတ်ဖြတ်မှုနှင့် ဆိုးရွားသော နိုင်ငံတကာ ရာဇဝတ်မှု၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို အလေးပေးထားသည်။ နိုင်ငံအတွင်း (နှင့် စစ်ရာဇဝတ်မှုဖြစ်လာနိုင်သော) ပြည်တွင်းလက်နက် ကိုင်ပဋိပက္ခဖြစ်ရပ်များအတွင်းတွင် ကျူးလွန်သော လိင်အကြမ်းဖက်ရာဇဝတ်မှုများနှင့် (ပြည်တွင်းလက်နက် ကိုင်ပဋိပက္ခဖြစ်ရပ်များ မဟုတ်သော်လည်း ထိုကဲ့သို့သော အခြေအနေတွင်လည်း ကျူးလွန်နိုင်သော) လူသားချင်းစာနာထောက်ထားမှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်မှုများကို အထူးအလေးပေးထားသည်။ လိင်အကြမ်းဖက်မှုကို ပဋိပက္ခနှင့်ဆက်နွယ်မှုမရှိသော ညှဉ်းပန်းမှုပုံစံတစ်ခုအဖြစ် သီးသန့်သတ်မှတ်ခြင်း မပါရှိသော်လည်း ထိုသို့သော အကြမ်းဖက်မှုသည် လူသားချင်း စာနာထောက်ထားမှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်မှုများနှင့် အခြား ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြစ်လာစေနိုင်သည်။

ဤဖြည့်စွက်မွမ်းမံချက်ကို အသုံးပြုသူများအနေဖြင့် ဥပဒေသည် ပြောင်းလဲနိုင်ကြောင်း သတိပြုသင့်ပြီး ဤအထဲတွင်ပါဝင်သော ဥပဒေသတ်မှတ်ချက်များသည် မြန်မာနိုင်ငံရှိ ခေတ်မီဥပဒေများနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးသင့်သည်။ ထိုသို့သော ရာဇဝတ်မှုများအတွက် တာဝန်ခံမှုကို မြှင့်တင်ရန်နည်းလမ်းများကို ဆက်လက်ဆွေးနွေးနေကြဆဲဖြစ်သည်။ အဓိပ္ပာယ်ဖွင့်ဆိုမှု အသစ်များနှင့် သက်သေများနှင့် လုပ်ငန်းစဉ်စည်းကမ်းများကို အသစ်ဖန်တီးခြင်းဖြင့် ဥပဒေအသစ်များနှင့် လုပ်ငန်းစဉ် အသစ်များကို ရာဇဝတ်မှုများကို ဖန်တီးနိုင်လာမည်ဖြစ်သည်။

ဤဖြည့်စွက်မွမ်းမံချက်ကို ပြည်တွင်းနှင့် ပြည်ပမှ လက်တွေ့ လုပ်ဆောင်သူများအတွက် ရည်ရွယ်ထားပြီး လွန်ခဲ့သော နှစ်များစွာက ကျူးလွန်ခဲ့သော ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှု ဆိုင်ရာ လိင်အကြမ်းဖက်မှု ("CARSV")ကို ဖြစ်စေ၊ ယခုလက်ရှိ ဖြစ်ခဲ့သော ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု ("CARSV") ကိုဖြစ်စေ ရည်ရွယ်သည်။[၄] အပိုင်း ၄ (လက်တွေ့ မှတ်တမ်း တင်ခြင်း) တွင် ဖော်ပြထားသော လက်တွေ့ ကိစ္စရပ်များသည် မြန်မာနိုင်ငံအတွက် မှတ်တမ်းတင်ခြင်းကိုသာ ရည်ရွယ်သော်လည်း နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပ နှစ်ခုလုံးတွင် မှတ်တမ်းတင်ခြင်းနှင့် သက်ဆိုင်သည်။

ဤဖြည့်စွက်မွမ်းမံချက်ကို REDRESS (www.redress.org) နှင့် IICI (www.iici.global) ဝက်ဘ်ဆိုဒ်တို့တွင် ရရှိနိုင်ပြီး မြန်မာဘာသာပြန်ဆိုထားသော စာအုပ်ကို ပုံနှိပ်ထုတ်ဝေပြီး နောက်တွင် ရရှိမည်ဖြစ်သည်။ ဗြိတိသျှအစိုးရ၏ နိုင်ငံခြားရေးနှင့် ဓနသဟာယရုံး (FCO) တွင်လည်း ၎င်း၏ ဝက်ဘ်ဆိုဒ်တွင် နှစ်ဘာသာဖြင့် တင်ထားကောင်း တင်ပေးထားမည်ဖြစ်သည်။

# အပိုင်း ၂။ လိင်အကြမ်းဖက်မှုဆိုသည်မှာ အဘယ်နည်း။

## အခန်း ၂ - မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်မှုကို နားလည်ခြင်း

လိင်အကြမ်းဖက်မှု - အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို လိင်အကြမ်းဖက်မှုသည် မြန်မာနိုင်ငံတွင် နေ့စဉ်ဘဝတွင်ဖြစ်နေသော အရာဖြစ်သည်။[၅] အခြားနေရာများကဲ့သို့ပင် "ဓလေ့ထုံးတမ်းအရနှင့် ယဉ်ကျေးမှုအရ လက်ခံလုပ်ဆောင်မှုများကို ယောကျ်ားကြီးစိုးမှုနှင့် ကျားမအခြေပြုခွဲခြားဆက်ဆံမှုဆိုင်ရာ သဘောထားများနှင့် ပေါင်းစပ်လိုက်သောအခါ [ကျားမအခြေပြုအကြမ်းဖက်မှု] ကို သာမန်အဖြစ်အပျက်ကဲ့သို့ နားလည်ခွင့်လွှတ်ပေးကြသည်။ [၆] လိင်အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်သူများကိုမူ လူမှုရေးအရနှင့် ဥပဒေအရပါ ကျယ်ပြန့်စွာ ခွဲခြားဆက်ဆံကြပြီး တရားမျှတမှုရရှိရေးလုပ်ရာတွင် အခက်အခဲများစွာကြုံရကာ တခါတရံ မကျော်လွှားနိုင်အောင်ဖြစ်တတ်သည်။

ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV) ကို ပြည်နယ်တွင်းနှင့် ပြည်နယ်မဟုတ်သော နေရာများရှိ ရေရှည် လက်နက်ကိုင်ပဋိပက္ခများနှင့် တိုက်ခိုက်မှုများတွင် လုပ်ဆောင်သူများရှိနေပြီး ပြည်သူလူထုအပေါ် အခြားလုပ်ရပ်များမှာလည်း အလွန်ဆိုးရွားကာ လိင်အကြမ်းဖက်မှု၏ ရက်စက်သော အပိုင်းများ ပါဝင်နေပေသည်။ ထိုလုပ်ရပ်အတွက် တာဝန်ရှိသူများကို စစ်ဆေးခြင်းနှင့် တာဝန်ယူခိုင်းခြင်းမှာမူ မရှိသလောက်ရှားပေသည်။

### ၁။ စစ်တပ်နှင့် နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်များကြား ပဋိပက္ခ

ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရပြီးနောက် လွှတ်တော် ဒီမိုကရေစီကာလတိုအတွင်းတွင် မြန်မာနိုင်ငံသည် စစ်တပ် အုပ်ချုပ်ရေးအောက်သို့ ၁၉၆၂ မှ ၂၀၁၁ အထိ ဆက်တိုက်နီးပါးပင် ကျရောက်ခဲ့သည်။ ထိုအုပ်ချုပ်မှုသည် တရားရုံးများနှင့် ဥပဒေ စနစ်များကို စစ်တပ်၏လွှမ်းမိုးမှုဖြင့် ထိန်းချုပ်နိုင်အောင်ထိ ချဲ့နိုင်ခဲ့သည်။[၇] စစ်အာဏာရှင်များကို ၂၀၁၁ တွင် တရားဝင် ဖျက်သိမ်းခဲ့ပြီး ဒီမိုကရေစီရွေးကောက်ပွဲများဖြင့် အရပ်သား အစိုးရကို ၂၀၁၅ တွင် တင်မြှောက်နိုင်ခဲ့ သော်လည်း စစ်တပ်သည် ပြည်သူ၏ ထိန်းချုပ်မှုအောက်ကို ကျရောက်လာသည်မဟုတ်ဘဲ မြန်မာ့ နိုင်ငံရေးတွင် အင်အားအကြီးဆုံးအဖြစ် ဆက်လက် ရှိနေခဲ့ပြီး ၂၀၀၈ အခြေခံဥပဒေအရ လွှတ်တော်ထဲတွင် ထိုင်ခုံများ၏ ၂၅% ကို ရရှိနေဆဲဖြစ်ကာ အင်အားကြီး ဝန်ကြီးဌာနများကို ချုပ်ကိုင်ထားသည်။ [၈] တရားရုံးများကို တိုက်ရိုက်လွှမ်းမိုး မှုများရှိနေဆဲဖြစ်ပြီး စစ်တပ် ဝန်ထမ်းများနှင့်ဆိုင်သော အမှုများတွင် လွတ်လပ်စွာ လုပ်ဆောင်နိုင်မှုကို အပြည့်အဝရရှိထားသည်။[၉] ထို့အပြင် အရေးပေါ်အခြေအနေတွင် အခြေခံဥပဒေအရ စစ်တပ်သည် အရပ်သားအစိုးရကို ဖြုတ်ချနိုင်ပြီး တစ်ကိုယ်တည်း အုပ်ချုပ်ခွင့်ရှိသည်။ [၁၀]

မြန်မာနိုင်ငံနယ်စပ်များကို ယခင်ကရှိခဲ့သော ယဉ်ကျေးမှု သို့မဟုတ် တိုင်းရင်းသားလူမျိုးစုများ[၁၁] ထက် ဗြိတိသျှအင်ပါယာခေတ်က သတ်မှတ်ခဲ့သော နယ်စပ်မျဉ်းပေါ်တွင် အခြေခံထားပြီး အာရှတိုက်တွင် တိုင်းရင်းသား များစွာရှိသော နိုင်ငံများထဲမှ တစ်ခုဖြစ်သည်။[၁၂] ထိုနယ်မြေများထဲမှ အချို့မှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက အုပ်ချုပ်မှုအောက်သို့ မရောက် ခဲ့ကြပေ။[၁၃] ၁၉၈၂ နိုင်ငံသားဥပဒေသည် အဓိကတိုင်းရင်းသား ၈ မျိုးကို အသိအမှတ်ပြုခဲ့ပြီး ထိုတိုင်းရင်းသားတို့မှာ ဗမာ [၁၄] (လူဦးရေ၏ သုံးပုံနှစ်ပုံခန့်)၊ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်းတို့ဖြစ်သည်။ ထိုလူမျိုး ၈ မျိုးကို "လူမျိုးစု ၁၃၅ စု" အဖြစ် အစိုးရက ထပ်မံခွဲခြားသတ်မှတ်ခဲ့သည်။[၁၅] ထိုလူမျိုးစုငယ်များသည် တရားဝင်အသိအမှတ်ပြုမှုကို မရရှိကြပေ။

လွတ်လပ်ရေးရပြီးနောက်တွင် စိတ်ကူးယဉ်သော လူ့အဖွဲ့အစည်းဖြစ်သော မြန်မာနိုင်ငံသည် ဗမာကြီးစိုးသော နိုင်ငံ[၁၆] ကို တိုင်းရင်းသားအားလုံးက တော်လှန်ပုန်ကန်ကြသည့် ပြည်တွင်းစစ်ဖြစ်ရာ နေရာဖြစ်လာသည်ပြီး လွတ်လပ်ရေးအတွက် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တိုက်ခိုက်ကြသည်။[၁၇]
တိုင်းရင်းသားကိစ္စရပ်များသည် ပစ်ခတ်မှုများကို စတင်ဖြစ်ပေါ်စေသော်လည်း သဘာဝရင်းမြစ်များကို အလွဲသုံးစားပြုလုပ်ခြင်း၊ မြေကို အသုံးပြုခြင်း၊ အခြေခံလိုအပ်ချက်စီမံကိန်းများ ဖွံ့ဖြိုးမှု မညီမျှခြင်းနှင့် မူးယစ်ဆေးကုန်သွယ်ခြင်းတို့နှင့် ဆက်စပ်သော ကိစ္စရပ်များသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လူများသော တိုင်းရင်းသားအုပ်စုကြီးများ (ဗမာ) သည်လည်း ဒီမိုကရေစီ ပြန်လည်ရရှိရန်အတွက် စစ်တပ်အုပ်ချုပ်ရေးကို တွန်းလှန်ရန်ကြိုးစားလျက်ရှိသည်။ [၁၈] ၁၉၈၈ ခုနှစ်တွင် စစ်တပ်အုပ်ချုပ်ရေးကို အကြမ်းမဖက်ဆန့်ကျင်မှုအား စစ်တပ်အင်အားဖြင့် ဖြိုခွင်းခဲ့ပြီး အရပ်သား ၃၀၀၀ - ၁၀၀၀၀ ဦးခန့် သေကြေခဲ့ကြကာ လူများစွာတို့သည်လည်း  အယူခံဝင်ခွင့်မရှိဘဲ အကျဉ်းချခံကြရသည်။[၂၀]

ဤဖြစ်ရပ်ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဟု ခေါ်ကြသည့် နိုင်ငံအဆင့်မဟုတ်သော လက်နက်ကိုင်အဖွဲ့များ အမြောက်အမြားပေါ်ပေါက်လာခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အသိအမှတ်ပြုမှုရရှိရေးကို အဆင့်မြင့်မြင့်ရရှိရန် တောင်းဆိုလာကြသည်။[၂၁] ထိုအချိန်မှစ၍ စစ်တပ်၏ အဓိကလုပ်ဆောင်ချက်မှာ ပိုင်နက်နယ်မြေတည်မြဲရေးနှင့် ဗဟိုထိန်းချုပ်မှုစနစ် တည်မြဲရေးကို အင်အားသုံးထိန်းသိမ်းရန်သာ ဖြစ်လာခဲ့သည်။ အစိုးရစနစ်အာဏာကို လက်ခံရန်ငြင်းဆန်သော လူနည်းစုတိုင်းရင်းသားများနှင့် စစ်ပွဲဖြစ်ရန် အဓိပ္ပာယ်သက်ရောက်စေခဲ့သည်။ လက်နက်ကိုင် တပ်များကို အလွန်အမင်းများပြားလာစေခဲ့ပြီး တင့်ကားအပါအဝင် စစ်လက်နက်ပစ္စည်းများ အများအပြားဝယ်ယူလာစေခဲ့သည်။ ကျန်ရှိတောင့်ခံနေသော လက်နက်ကိုင်အုပ်စုများက မီးကျွမ်းနေသော ကမ္ဘာမြေကြီးနှင့် ပြန်လည်ပုန်ကန်တိုက်ခိုက်မှု နည်းလမ်းများကို အသုံးပြုပြီး ပြောက်ကျားစစ်ပွဲကို လုပ်ဆောင်ခဲ့ကြသည်။ [၂၂]

ထိုနည်းလမ်းများ၏ အစိတ်အပိုင်းအဖြစ် စစ်တပ်သည် "ဖြတ် ၄ ဖြတ်" နည်းဗျူဟာဟု ခေါ်သည့် နည်းလမ်းကို အသုံးပြုပြီး ပြောက်ကျားစစ်တပ်များကို အထောက်အပံ့ပြုနေသည့်  မိသားစုများနှင့်

ဒေသခံရွာများကို ဖြတ်တောက်ခြင်းဖြင့် အရပ်သားများထံမှ ခွဲထုတ်ကြသည်။

အရပ်သားများစွာကို ပြည်တွင်းတွင် အတင်းအကျပ် ပြန်လည်နေရာချထားခြင်းတို့သည် စစ်တပ်၏ အဓိက နည်းဗျူဟာဖြစ်သည်။[၂၃] စစ်တပ်သည် ပြောက်ကျား တပ်များကို အထောက်အပံ့ပေးနေခြင်းမှ ဖြတ်တောက် ရန်အတွက် အတင်းအကျပ် ပြန်လည်နေရာချထားရေး ဖုံကို နေရာအကျယ်ကြီး တည်ဆောက်ခဲ့သည်။ လိုက်လျောမှုမရှိသောရွာများကို မြေကြီးသာ ကျန်သည်အထိ လွတ်လပ်ရေးတပ်များကို တိုက်ရိုက်ကူညီသည်ဟု ထင်ရသော ကျေးရွာလူထုကိုမူ ရွာ၏ ရေအရင်းအမြစ်ထဲသို့ မီးရှို့ခဲ့ပြီး ရောဂါရှိသော ကြက်ငှက်များကို စစ်တပ်မှ ပစ်ချခဲ့ကြောင်း ကောလဟာလများဖန်တီးပြီး ထွက်ပြေးအောင် ပြုလုပ်ခဲ့ကြသည်။[၂၄] ထိုနည်းလမ်းနှင့် အတူ အရပ်သားများကို ပစ်ခတ်ခြင်းနှင့် အတင်းအကျပ်ခိုင်းစေခြင်း၊ ဥပဒေပြင်ပ သတ်ဖြတ်ခြင်း၊ လိင်အကြမ်းဖက်ခြင်း၊ ညှဉ်းပန်းခြင်း၊ ရိုက်နက်ခြင်း နှင့် အခြားနှိပ်စက်ခြင်း၊ ပြည်သူများ၏ ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ကြသည်။[၂၅] ၁၉၉၀ ပြည့်နှစ်များတွင် နှစ်စဉ် လူဦးရေ ၁၀၀၀၀ ခန့် တိုက်ပွဲကြောင့် သေကြေခဲ့သည်မှာ နှစ်ပေါင်း ၄၀ ရှိပြီဟု ခန့်မှန်းသိရှိရသည်။[၂၆]

ဤဖြစ်စဉ်အတွင်း စစ်တပ်သည် အဖွဲ့အများစုကို ချွေးသိပ်ပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သော်လည်း နောက်ပိုင်းတွင် အချို့ကို ချိုးဖောက်ခဲ့ခြင်း (ကချင်တွင် ပိုမိုသိသာစွာ) သို့မဟုတ် အချို့ကိစ္စရပ်များတွင် ရက်စက်မှုသည် ဆက်လက်ဖြစ်ပွားနေခဲ့သည် (ဥပမာအားဖြင့် ရှမ်းပြည်မြောက်ပိုင်း)။ [၂၇] နှစ်သိမ့်ပေး ထားသော နေရာများတွင် နိုင်ငံရေးအရ အကြမ်းဖက်မှု နည်းလမ်းကို အသုံးပြုပြီး နယ်မြေကို ထိန်းသိမ်းထားသည်။ [၂၈]

၂၀၁၅ အောက်တိုဘာ ၁၅ ရက်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အစိုးရ၏ ရွေးကောက်ပွဲဖြစ်ခဲ့ပြီးနောက် တိုင်းရင်းသား တပ်မတော်အဖွဲ့အစည်းများနှင့် ဗဟိုအစိုးရတို့ အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ်များချုပ်ဆိုခဲ့ကြသည်။ [၂၉]

**သို့သော် အကြီးဆုံး** တိုင်းရင်းသား တပ်မတော်အဖွဲ့ အစည်းအချို့မှာ အစိုးရက ပြဋ္ဌာန်းထားသော တားမြစ်ချက်များကြောင့် လက်မှတ်ထိုးရန် မဖြစ်နိုင်ဖြစ်နေသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောင်ပိုင်းမှ တိုင်းရင်းသား တပ်မတော်အဖွဲ့အစည်းများ ၄ ခုသည် အပစ်အခတ်ရပ်စဲရေး၏ အပြင်ဘက်တွင်ရှိနေပြီး စစ်တပ်နှင့် ဆက်လက်တိုက်ပွဲဖြစ်နေကာ စစ်တပ်မှ နှစ်ဖက် ညှပ်တိုက်ခြင်း နှင့် လေကြောင်းဖြင့်တိုက်ခိုက် ခြင်းကို ၂၀၁၆ ခုနှစ်တွင် ပြုလုပ်ပြီးနောက်တွင် ပိုမိုပြင်းထန်လာခဲ့သည်။ [၃၀] ထို့ပြင် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ထိုးထားသူများနှင့် အကောင်အထည်ဖော်ရန်မှာလည်း မျှတမှုမရှိဘဲ နေးကွေးနေပြီး အပစ်အခတ်ရပ်စဲရေးလက်မှတ် ထိုးထားသော မြို့နယ် ၉၄ မြို့နယ်တွင် ၄၀ မြို့နယ်မှာ လက်နက်ကိုင်အဖွဲ့များရှိနေပေသည်။ [၃၁]

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံတွင် စစ်တပ်နှင့် တိုင်းရင်းသားတပ်မတော်အဖွဲ့အစည်းများ စွာ - (၁) ကချင် (ကချင်လွတ်မြောက်ရေးအဖွဲ့/တပ် (("KIO"/"KIA"))၊ (၂) **ရှမ်းပြည်မြောက်ပိုင်း** (တိုင်းရင်းသား တပ်မတော်အဖွဲ့အစည်းများ စွာ - KIA၊ တာအန်းအမျိုးသား လွတ်မြောက်ရေးတပ် ("TNLA")[၃၂]၊ မြန်မာနိုင်ငံဒီမိုကရက်တစ် မဟာမိတ်တပ်("MN-DAA")**နှင့် ရခိုင်တပ်မတော်** ("AA")၊(၃) **ရခိုင် (အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ်** ("ARSA") **ကို ဆန့်ကျင်တိုက်ခိုက်နေသော** သို့မဟုတ် ဟာရာခါ အယ်လ်-ယာရှင် (HaY))၊ **(၄) ကရင် (ကရင်နီ) (ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာ တပ်** (DKBA")**ကို ဆန့်ကျင်တိုက်ခိုက်နေသောတပ် - စသည်**တို့ကြားတွင် နိုင်ငံတကာအဆင့်မဟုတ်သော လက်နက်ကိုင် ပဋိပက္ခများ ရှိနေခဲ့ကြသည်။ [၃၃]

## ၂။လူမျိုးရေးအစွန်းရောက် ဗုဒ္ဓဘာသာဝင်များ၏ လှုပ်ရှားမှုများ မြင့်တက်လာခြင်း

ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV) ကို ပိုမိုနားလည်လာစေရန် အရေးကြီးမှု ပိုမိုဖြစ်ပွားလာသော မကြာသေးခင်က ကိစ္စရပ်တစ်ခုမှာ ရခိုင်ပြည်နယ်တွင်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ဗုဒ္ဓဘာသာ အစွန်းရောက်လှုပ်ရှားမှုများမြင့်တက်လာကာ မူဆလင်များကို လူ့ဘဝနှင့်ဆိုင်သော ခြိမ်းခြောက်မှုအဖြစ် ပုံဖော်ကြကာ ဗုဒ္ဓဘာသာသည် အားနည်းပြီး အစ္စလမ်ဘာသာက အစားထိုးဝင်ရောက်ကာ အဓိကဘာသာဖြစ်မသွားစေရန်အတွက် ကာကွယ်ရန်လိုအပ်သည်ဟု ဆိုကြသည်။ [၃၄]

ဤဖြစ်ပွားမှုသည် ၉၆၉ လှုပ်ရှားမှု၏ အစိတ်အပိုင်းအဖြစ် ပျံ့နှံ့လာခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် နိုင်ငံရေးလွတ်လပ်ခွင့်ကို ရရှိပြီးနောက် အစ္စလာမ်ပေါ်ပေါက်လာမှုကို စွပ်စွဲပြောဆိုသော အစွန်းရောက်အမြင်များကို ဘုန်းတော်ကြီးများက ဦးဆောင် အသံလွှင့်ခဲ့ကြပြီး မူဆလင်လုပ်ငန်းများကို ဖယ်ကျဉ်ရန် ပိုမိုအသားပေးတိုက်တွန်းခဲ့ကြသည်။ [၃၅] ၂၀၁၃ ခုနှစ်တွင် ထိရောက်သော တားမြစ်မှု ရှိလာခဲ့ပြီး လှုပ်ရှားမှုသည် လူမျိုး၊ ဘာသာကို ကာကွယ်ရန် အတွက်ပိုမိုစနစ်ကျသော အဖွဲ့အစည်းအဖြစ် ပေါ်ပေါက်လာကာ ***မဘသ*** ဟု လူသိများလာသည်။ [၃၆]

***မဘသ*** သည် ၂၀၁၅ ခုနှစ်တွင် လူဦးရေထိန်းချုပ်ရေး၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အခြားဘာသာဝင်များကို လက်မထပ်ရေး၊ ဘာသာပြောင်းရေးနှင့် တစ်လင်တစ်မယားစနစ် စသည်တို့နှင့် ပတ်သက်သည့် လူမျိုးဘာသာကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းရန် အစိုးရကို တောင်းဆိုမှုအောင်မြင်ခဲ့သည်။ [၃၇] ထိုဥပဒေများသည် မူဆလင်များကို ခွဲခြားဆက်ဆံရန် အတွက် ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့ကြောင်း ပြင်းထန်စွာ ဝေဖန်ခံရလျှက်ရှိသည်။ [၃၈]
ထို့အပြင် ***မဘသ*** အတွင်းရှိ ဘုန်းတော်ကြီးအချို့သည် မူဆလင်ဆန့်ကျင်ရေး ဟောပြောမှုများနှင့် အမုန်းစကားများကို ကန့်ကွက်ကြသော်လည်း အခြားအရေးပါသော ဘုန်းတော်ကြီးများနှင့် အရပ်သားများမှာ တစ်ယူသန်အစွန်းရောက်မူဆလင်ဆန့်ကျင်ရေးအမြင်များကို ထောက်ခံအားပေးကြပြီး လူမျိုးဘာသာကာကွယ်သည်ဟု အကြောင်းပြကာ အကြမ်းဖက်မှုကို လှုံ့ဆော်ကြ မသိကျိုးကျွန်ပြုကြသည်။ [၃၉]
ထိုသို့ပြုလုပ်ခြင်းသည် ပိုမိုတင်းမာသောအခြေအနေကို ဖြစ်စေပြီး ကြီးမားသော ရပ်ရွာတွင်း အကြမ်းဖက်မှုကို ဖြစ်လာနိုင်စေသည်။ [၄၀]

**ဇယား ၁။ ရိုဟင်ဂျာမူဆလင်များကို တိုင်းရင်းသားထဲမှထုတ်ပယ်ခြင်း**

နိုင်ငံ၏ တိုင်းရင်းသားအဖွဲ့ဟု တရားဝင်သတ်မှတ်ခြင်းမခံရသော်လည်း စစ်တပ်မှ ထပ်ကာထပ်ကာ ပစ်မှတ်ထား တိုက်ခိုက်ခံရသည့်အဖွဲ့မှာ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာမူဆလင်အဖွဲ့ဖြစ်သည်။ ဗုဒ္ဓဘာသာရခိုင်လူများစုနှင့် ရိုဟင်ဂျာမူဆလင်လူနည်းစုကြားရှိ တင်းမာမှုများနှင့် အကြမ်းဖက်မှုများသည် ဗြိတိသျှကိုလိုနီခေတ်ကပင် ရှိနေခဲ့သည်။ [၄၁] ရခိုင်များက ရိုဟင်ဂျာများသည် တိုင်းရင်းသားများမဟုတ်ကြောင်းနှင့် ရခိုင်ပြည်နယ်နှင့် သမိုင်းအဆက် အစပ်မရှိကြောင်း ငြင်းဆိုကြပြီး မြန်မာနိုင်ငံနှင့် ဘာသာရေး၊ ဓလေ့ထုံးစံ သို့မဟုတ် လူမှုရေးအရ ဆက်နွယ်မှုမရှိသော (တိုင်းရင်းသားမဟုတ်သော သို့မဟုတ် ခိုးဝင်များအဖြစ် သတ်မှတ်ကြပြီး) ရိုဟင်ဂျာများကို ဘင်္ဂလီများအဖြစ်သာ ရှုမြင်ကြသည်။[၄၂]

ရိုဟင်ဂျာများသည် ဗမာအစိုးရအဆက်ဆက်လက်အောက်တွင် သွားလာမှုကို တားမြစ်ကန့်သတ်မှု၊ ပညာသင်ခွင့်နှင့် ကျန်းမာရေး ဝန်ဆောင်မှု ရပိုင်ခွင့်များအပါအဝင် ခွဲခြားဆက်ဆံ ဖိနှိပ်ခံရမှုများကို ဆယ်စုနှစ်များစွာ ခံနေကြရပြီး ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ ၎င်းတို့၏ နိုင်ငံသားဖြစ်ပိုင်ခွင့်ကို ထိရောက်စွာ ရုပ်သိမ်းခံခဲ့ကြရသည်။[၄၃]

၁၉၇၈ ခုနှစ်တွင် ရိုဟင်ဂျာ နှစ်သိန်းကျော်သည် အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုများမှ လွတ်မြောက်ရန် ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးခဲ့ကြပြီး ၁၉၉၁ - ၁၉၉၂ တွင် နှစ်သိန်းခွဲကျော်ထပ်မံ ထွက်ပြေးခဲ့ကြသည်။ [၄၄] နောက်ပိုင်းတွင် အများစုကို ဘင်္ဂလားဒေ့ရှ်မှ အတင်းအကျပ် ပြန်လည်ပို့ဆောင်ခဲ့သည်။ [၄၅] လူ့အခွင့်အရေးစောင့်ကြည့်စာရင်းအရ ရိုဟင်ဂျာများကို မတရားပြုခြင်းသည် အခြားတိုင်းရင်းသား လူနည်းစုများကို ထိုကာလအတွင်း ပြုလုပ်ခဲ့သည်များနှင့် အလွန် ကွဲပြားခြားနားသည်။အခြားနေရာများတွင် ဗမာစစ်တပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အချိန်ကြာမြင့်စွာ တိုက်ခိုက်ကြပြီး ထိုပဋိပက္ခများမှ အရပ်သားများအပေါ် တရားဥပဒေနှင့်မညီသော တိုက်ခိုက်မှုများ ထွက်ပေါ်လာတတ်သည်။ ရိုဟင်ဂျာကိစ္စတွင်မူ နိုင်ငံအဆင့်မဟုတ်သော လက်နက်ကိုင်အဖွဲ့များ - ရိုဟင်ဂျာ စည်းလုံး ညီညွတ်ရေးတပ် (“RSO”) နှင့် အာရကန်ရိုဟင်ဂျာအစ္စလာမ်တပ်ဦး (“ARIF”) တို့ကို ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ၁၉၈၂ ခုနှစ်နှင့် ၁၉၈၇ ခုနှစ်တွင် တည်ထောင်ခဲ့ကြသော်လည်း ထိုအဖွဲ့များနှင့် အခြားအဖွဲ့တို့သည် မြန်မာစစ်တပ်၏ အနေအထား၊ ၎င်းတို့၏ အဓိကပစ်မှတ် သို့ဟုတ် မြန်မာလူ့အဖွဲ့အစည်းကို မည်သည့်အခါမျှ ပြင်းထန်သော ခြိမ်းခြောက်မှုမပြုခဲ့ပေ။ သို့သော် မြန်မာလုံခြုံရေးတပ်များကမူ ရိုဟင်ဂျာများအပေါ် ကျယ်ပြန့်စွာ မတရားပြုခဲ့ကြပြီး နေရာရွှေ့ပြောင်းနေထိုင်ရန် သိသာထင်ရှားသော ဖိအားပေးမှုများရှိနေသည်။ [၄၆]

ရပ်ရွာကြားအကြမ်းဖက်မှုအကြီးစားသည် အချိန်ကြာလာသည်နှင့်အမျှ ဆက်ဖြစ်လာနေခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ရပ်ရွာကြား အကြမ်းဖက်မှုကြောင့် အနည်းဆုံး လူ ၁၉၂ ဦး ( ရိုဟင်ဂျာ ၁၃၄ ဦးနှင့် ရခိုင် ၅၈ ဦး) သေဆုံးခဲ့ပြီး ပိုင်ဆိုင်မှုများကို ကျယ်ပြန့်စွာ ဖျက်ဆီးခြင်းလည်းရှိခဲ့ကာ ၈၆% ခန့်မှာ ရိုဟင်ဂျာများ၏ ပိုင်ဆိုင်မှုများဖြစ်သည်။ အကြမ်းဖက်မှုကြောင့် နေရပ်တိမ်းရှောင်ထွက်ပြေးသူ (“IDPs”) တစ်သိန်းလေးသောင်းခန့်ရှိပြီး ၉၅% ကျော်မှာ ရိုဟင်ဂျာများဖြစ်သည်။ [၄၇]

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်မှုမြင့်တက်ခြင်းနှင့် နေရပ်တိမ်းရှောင်မှုများစွာဖြစ်ခြင်း အဖြစ်အပျက်နောက်တစ်ခုမှာ ၂၀၁၆ အောက်တိုဘာလတွင်ဖြစ်ပြီး မောင်တောနှင့် ရသေ့တောင်ရှိ နယ်စပ်ရဲစခန်းများကို ရခိုင်ရိုဟင်ဂျာကယ်တင်ရေးတပ်(ARSA) က တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ခဲ့သည်။ ၂၀၁၆ နိုဝင်ဘာလနှင့် ၂၀၁၇ ဩဂုတ်လတို့တွင် ရခိုင်ရိုဟင်ဂျာကယ်တင်ရေးတပ်(ARSA) ၏ တိုက်ခိုက်မှုများကြောင့် မြန်မာစစ်တပ်အနေဖြင့် ရှင်းလင်းရေးစီမံချက်ကို မြန်ဆန်စွာလုပ်ခဲ့ရပြီး မူဆလင်အသိုင်းအဝိုင်းကို ထိခိုက်စေခဲ့ကာ ရိုဟင်ဂျာဦးရေ ခြောက်သိန်းကျော်ခန့်ကို ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးတိမ်းရှောင်ရစေခဲ့သည်။[၄၈] ၂၀၁၇ မတ်လတွင် ထုတ်ပြန်သော ကမ္ဘာ့ကုလသမဂ္ဂ၏ တင်ပြချက်မှတ်တမ်းတွင် (ကုလသမဂ္ဂမှတ်တမ်းဟု ဤနေရာတွင် ခေါ်ဆို) ကျယ်ပြန့်စွာဖြစ်ပွားနေသည့် တရားဥပဒေအရ မဟုတ်သော ကွပ်မျက်မှုများနှင့် ကလေးသူငယ် သတ်ဖြတ်မှုများ အပါအဝင် အခြားတရားဥပဒေနှင့် မညီသောသတ်ဖြတ်မှုများ၊ အတင်းအကျပ် ပျောက်ကွယ်စေမှုများ၊ အုပ်စုဖွဲ့မုဒိမ်းကျင့်မှုများ အပါအဝင် မုဒိမ်းမှုများ၊ အခြားအကြမ်းဖက်မှုပုံစံများ၊ နှိပ်စက်မှုနှင့် အခြားရက်စက် လူမဆန်သော သို့မဟုတ် နှိမ့်ချဆက်ဆံမှုများ သို့မဟုတ် ပြစ်ဒဏ်ပေးခြင်း၊ အိမ်မီးရှို့ခြင်းနှင့် အခြားပိုင်ဆိုင်မှုများမီးရှို့ခြင်း၊ အစားအသောက်များနှင့် အစားအသောက်ရင်းမြစ်များကို ဖျက်ဆီးခြင်း၊ ခိုးယူခြင်းနှင့် တိုင်းရင်းသားနှင့် ဘာသာရေး ခွဲခြားမှုများကို အသေးစိတ်ဖော်ပြထားသည်။[၄၉]

လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထက်ကော်မရှင်မင်းကြီး ဇက်ရာအက်အယ်လ်ဟူစိန် (Zeid Ra’ad Al Hussein) က “လူမျိုးသန့်ရှင်းရေးအတွက်စာအုပ်ကြီး” [၅၀] နှင့် ကုလသမဂ္ဂမှတ်တမ်းက ကျူးလွန်ခဲ့သော ရာဇဝတ်မှုများသည် လူသားချင်း စာနာထောက်ထားမှုကို ဆန့်ကျင်သောရာဇဝတ်မှုများ အလွန်ဖြစ်နိုင်ကြောင်း ကောက်ချက်ချ ထားသည်။ [၅၁] ၂၀၁၇ ဒီဇင်ဘာလတွင် အထက်ကော်မရှင်မင်းကြီးက နိုင်ငံတွင်းရှိ စစ်တပ်မှလူများနှင့် အရပ်သားအစိုးရတို့သည် လူမျိုးတုံးသတ်ဖြတ်မှုအတွက် တာဝန်ရှိကောင်းရှိနိုင်သည်ဟု ဖော်ပြခဲ့သည်။ ၂၀၁၈ ဖေဖော်ဝါရီတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ( မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်) ယန်ဟီးလီက ရခိုင်ပြည်နယ်တွင် စစ်တပ် လုပ်ဆောင်ချက်များမှာ လူမျိုးတုံးသတ်ဖြတ်မှု၏ လက္ခဏာများ ပါရှိသည်ဟု ဆိုသည်။ [၅၂] ကမ္ဘာ့ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးစီမံချက် (“UNFFM”) အရ ဤရာဇဝတ်မှု

များသည် လူသားချင်းစာနာမှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုသဘောသက်ရောက်ခြင်းရှိမရှိ စုံစမ်းစစ်ဆေးလျက်ရှိသည်။[၅]

### ၃။ ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုမှတ်တမ်းများ

မြန်မာလက်နက်ကိုင် ပဋိပက္ခ အခြေအနေများအတွင်း လိင်အကြမ်းဖက်မှုကို ကျူးလွန်နေကြပြီး အခြား အခြေအနေများအတွင်း နိုင်ငံတကာရာဇဝတ်မှုများနှင့် ဆိုးရွားသော လူ့အခွင့်အရေးဖောက်ဖျက်မှုများကို ကျူးလွန်နေကြရာတွင် (အခန်း ၄ (ဂ) တွင် ဆက်လက်ဖတ်ရှုရန်) စစ်တပ်သည် ထိုအကြမ်းဖက်မှုအများစုအတွက် တာဝန်ရှိသည်ဟု သတင်းရရှိသည်။ [၅၅]

မုဒိမ်းမှုများနှင့် အခြားသော လိင်အကြမ်းဖက်မှုများကို စစ်တပ်မှ ဆယ်စုနှစ်ပေါင်းများစွာ လုပ်ဆောင်နေခဲ့ သော်လည်း နောက်ပိုင်းဆယ်စုနှစ်များတွင် ထိုသို့သော အကြမ်းဖက်မှုများ ပိုမိုတိုးပွားလာကြောင်း ကုလသမဂ္ဂအဖွဲ့များအပါအဝင် အခြားအဖွဲ့များထံကပါ သတင်းရရှိသည်။ [၅၆] ထိုကျူးလွန်ဖောက်ဖျက်မှုများသည် ယေဘုယျအားဖြင့် လူနည်းစု တိုင်းရင်းသားပဋိပက္ခဒေသများ (လက်ရှိတွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်မြောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယား (ကရင်နီ) ပြည်နယ်) တို့တွင် ဖြစ်ပွားခဲ့ပြီး ထိုလူမျိုးစုများမှ မိန်းကလေးများနှင့် အမျိုးသမီးများကို အဓိက ပစ်မှတ်ထားခဲ့သည်။[၅၇]

၂၀၁၆ ခုနှစ်တွင် ကချင်၊ ရခိုင်၊ ကရင်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ အရပ်သားများသည် လိင်အကြမ်းဖက်မှု၊ လူများစွာ နေရပ်တိမ်းရှောင် ထွက်ပြေးစေမှုများ အပါအဝင် စစ်တပ်အကြမ်းဖက်မှုများ ပြင်းထန်မြင့်တက်ခြင်းကို တွေ့မြင်ခဲ့ရသည်။[၅၈] ရခိုင်ပြည်နယ်တွင် ထိုလိင်အကြမ်းဖက်မှုကို  မြန်မာနိုင်ငံစစ်တပ်နှင့်အတူ နယ်စပ်ရဲနှင့် ပြည်နယ် စောင့်ရှောက်သော အရပ်သားများမှ ကျူးလွန်ခဲ့ကြောင်း သတင်း ပေးမှုများရှိသည်။ [၅၉]

လိင်အကြမ်းဖက်မှုကို တိုင်းရင်းသားတပ်မတော် အဖွဲ့အစည်းများ အနေဖြင့် ကျင့်သားရနေပြီဖြစ် ကြောင်း သိရပြီး ထိုသို့သော အကြမ်းဖက်မှုမျိုးကို အသေးစိတ် လူသိရှင်ကြားဖော်ပြမှုများမှာ ရှားပါးလှသည်။[၆၀] ၂၀၁၇ ခုနှစ်တွင် လူသိရှင်ကြားဖြစ်လာသော မကြာသေးခင်က အမှုတစ်ခုတွင် တာအန်းအမျိုးသား လွတ်မြောက်ရေးတပ်သားနှစ်ဦးကို ရှမ်းပြည်မြောက်ပိုင်းမှ ကျောင်းအုပ်ဆရာမကို မုဒိမ်းကျင့်သည်ဟု စွပ်စွဲခဲ့သည်။ [၆၁] တာအန်းအမျိုးသားလွတ်မြောက်ရေးတပ်က သံသယရှိသူများသည် ထိုအဖွဲ့ဝင်များဖြစ်ပြီး စုံစမ်းစစ်ဆေးခြင်းကို ကြာရှည်စေရန် ၎င်းတို့၏ အစီအစဉ်ဖြင့် ဖမ်းဆီး ထိန်းသိမ်းထားကြောင်း ဝန်ခံခဲ့သည်။ ထိုသို့သော လိင်အကြမ်းဖက်မှုအတွက် အခြား ကိုးကားမှုအနေဖြင့် ဥပမာ - အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းအား ဖယ်ရှားရေး ကော်မတီ(“CEDAW Committee”) တွင် တင်ပြသော ၂၀၁၆ မြန်မာနိုင်ငံအပေါ် အမြင်ဆိုင်ရာ အစီရင်ခံစာအရ လက်နက်ကိုင်တပ်ဖွဲ့ များသည် ကျေးလက်ဒေသမှ  အမျိုးသမီးများကို လိင်ဆက်ဆံရန် အတင်းအကြပ်ခိုင်းစေပြီး ကိုယ်ဝန်ရှိလာပါက တာဝန်ယူမှုမရှိကြောင်း သိရှိရသည်။[၆၂]

### ၄။ စစ်တပ်နှင့် ရဲများက အပြစ်လွတ်နေခြင်း

မြန်မာစစ်တပ်နှင့်ရဲများက ဆိုးရွားသော ကျူးလွန်ဖောက်ဖျက်မှုများကို ကျူးလွန်ခြင်းအား အရပ်သားများ မြင်ခွင့်မရှိသည့် သီးသန့် စစ်တရားရုံးထားရှိသော အခြေခံဥပဒေနှင့် သီးသန့် ရဲတရားရုံးများ တွင် သက်သေမဲ့ရာဇဝတ်မှုများကို ရဲများနှင့် ကိုင်တွယ်ဖြေရှင်းခြင်းတို့ကြောင့်မြန်မာနိုင်ငံ၏ တရားဥပဒေ စနစ်နှင့်အညီ လုံးဝ မစစ်ဆေးဘဲနေခြင်းသည် ဆက်လက် ဖြစ်နေ စေခဲ့သည်။ ထိုဖြစ်ရပ်များကို အခန်း ၄ (မြန်မာနိုင်ငံဥပဒေ အရ ရာဇဝတ်မှုဆိုင်ရာ တစ်ဦးချင်းတာဝန်ယူမှု) အပိုင်း (၁) တွင် အသေးစိတ်ကို ထည့်သွင်းထားသည်။

## (ခ) မြန်မာနိုင်ငံရှိ ပဋိပက္ခနှင့် ရက်စက် ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုပုံစံများ

မြန်မာနိုင်ငံတွင်း မှတ်တမ်းတင်ထားသော ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်း ဖက်မှုပုံစံများသည် ကျယ်ပြန့်လာပြီး အချို့ဖြစ်ရပ်များတွင် အလွန်ရက်စက်သည်။ [၆၃] နိုင်ငံ၏ နေရာဒေသများစွာတွင် ဖြစ်နေသော လိင်အကြမ်းဖက် မှုများ (အထူးသဖြင့် ရိုဟင်ဂျာများအပေါ် လိင်အကြမ်းဖက်မှု) နှင့်ကွဲပြားခြားနားမှုအချို့ ရှိကောင်း ရှိနေနိုင်သော်လည်း မတူကွဲပြားသော တိုင်းရင်းသား အုပ်စုများအပေါ် တွင် ဆယ်စုနှစ်ပေါင်းများစွာ ထပ်ကာ ထပ်ကာ ဖြစ်ပွားနေ ခဲ့သည်။ [၆၄] သက်သေများကို ဥပဒေကိစ္စရပ်များအားလုံးအတွက် ထိန်းသိမ်းထားခြင်း ရှိနိုင်ပြီး ထိုသို့သော လုပ်ဆောင် ချက်များသည် စစ်ရာဇဝတ်မှုများ၊ လူသားချင်း စာနာထောက်ထားမှုကိုထိပါးသော အမှုများနှင့်/ သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်မှုသဘော သက်ရောက်စေပြီး လူ့အခွင့်အရေးချိုးဖောက်မှု ကိုလည်း  ပါဝင်စေသည်။

### ၅။ မုဒိမ်းမှု

အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့များသည် အနည်းဆုံး ဆယ်စုနှစ်ပေါင်းများစွာက မြန်မာနိုင်ငံတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခဒေသအတွင်း ပျံ့နှံ့ခဲ့သော မုဒိမ်းမှုများကို စဉ်ဆက်မပြတ် မှတ်တမ်းတင်ခဲ့ကြသည်။[၆၅] ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသတင်းထောက်က မုဒိမ်းမှုသည် ကျယ်ပြန့်စွာ ဖြစ်ပွားနေကြောင်း အထူးသဖြင့် လူနည်းစုတိုင်းရင်းသား အမျိုးသမီးများတွင် ဖြစ်နေကြောင်း သတင်းရင်းမြစ်များစွာမှ သတင်းရရှိနေခဲ့ကြောင်းကို အသေးစိတ်ပြောပြခဲ့သည်။ [၆၆]

၁၉၉၈ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် လူနည်းစုတိုင်းရင်းသား ဒေသများတွင် လက်နက်ကိုင်တပ်များက ကျူးလွန်ခဲ့သော မုဒိမ်းမှုအပါအဝင် ပြင်းထန်သည့် ဖောက်ဖျက်မှုများသည် အလွန်များပြားပြီး လွန်ခဲ့သော နှစ်များအတွင်း အမြဲမပြတ်ဖြစ်နေခဲ့ကာ တစ်ဦးတစ်ယောက်မှ သီးခြား လုပ်ဆောင်ခြင်း သို့မဟုတ် အလယ်တန်းအရာရှိများနှင့် အောက်တန်းအရာရှိများက မကောင်းပြုမူခြင်းမဟုတ်ဘဲ အမြင့်ဆုံးအဆင့် မူဝါဒများ၊ လိုအပ်နေသော နိုင်ငံရေးနှင့် တရားဥပဒေ တာဝန်ဝတ္တရားများကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်းၢင်း၏အမြင်ကို ဖော်ပြခဲ့သည်။ [၆၇]

နောက်ပိုင်းတက်လာသော ကုလသမဂ္ဂအထူး ကိုယ်စားလှယ်များ၏ တင်ပြချက်များနှင့် အမျိုးသမီးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံအနှံ့ရှိ တိုင်းရင်းသားလူနည်းစုများနှင့် မြို့ပြနေရာများတွင် မုဒိမ်းမှုများကို စနစ်တကျပြုလုပ်နေသော အလားတူလုပ်ဆောင်မှု များရှိကြောင်း ဖော်ထုတ်ကြသည်။ [၆၈] မတူညီသော တိုင်းရင်းသား လူနည်းစုများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းနှင့် မုဒိမ်းကျင့်လူသတ်ခြင်းအပါအဝင် ပုံစံတူမုဒိမ်းမှုဖြစ်စဉ်များ၊ လိင်ကျွန်ပြုမှုများနှင့် အတင်းအကျပ် လက်ထပ်ခြင်းများကို တိုင်ကြားခဲ့ကြသည်။ [၆၉] အချို့မှာ ဖမ်းဆီး ခံထားရပြီး ရက်ပေါင်းများစွာ ရက်သတ္တပတ်ပေါင်းများစွာ မုဒိမ်းကျင့်ခံကြရသည်။ [၇၀]

ထိုသို့သော မုဒိမ်းမှုပုံစံများကို ရခိုင်ပြည်နယ်ရှိ ဖြစ်ပွားနေဆဲ ပဋိပက္ခကာလတွင် ထပ်ကာ ထပ်ကာ ဖြစ်ပွားနေပြီး မုဒိမ်းမှုများကို တစ်ခါတစ်ရံ အန္တရာယ်ရှိသော အရာဝတ္ထုများဖြင့် ကျယ်ပြန့်စွာ အသုံးပြုနေကြောင်း သက်ဆိုင်ရာ စာရွက်စာတမ်းများအရ တွေ့ရှိရသည်။ ရိုင်ဖယ်သေနတ်များ သို့မဟုတ် ဝါးရင်းတုတ်များ ကဲ့သို့သော အရာဝတ္ထုများကို ဒုတိယအသုံးပြုစရာအဖြစ် အသုံးပြု ထားသည်ကို တွေ့ရှိရကြောင်း ရိုဟင်ဂျာ အရေးအခင်း ဆိုင်ရာ ကုလသမဂ္ဂမှတ်တမ်းတွင် ဖော်ပြထားသည်။ [၇၁] ၂၀၁၇ ခုနှစ် စက်တင်ဘာလ ကုလသမဂ္ဂအစီရင်ခံစာတွင် အုပ်စုဖွဲ့ မုဒိမ်းကျင့်မှု တစ်ခု၌ ခံရသူအမျိုးသမီးကို ဓါးဖြင့် ထိုးသွင်းခြင်းပြုခဲ့ကြကြောင်း ဖော်ပြထားသည်။ [၇၂]

**အုပ်စုဖွဲ့မုဒိမ်းကျင့်မှု** (ခံရသူကို မတူညီသော ကျူးလွန်သူများစွာက အစဉ်လိုက်မုဒိမ်းကျင့်ကြခြင်း) တွင် မြန်မာနိုင်ငံတွင် ကျယ်ပြန့်စွာ ဖြစ်ပွားနေကြောင်း မှတ်တမ်းရရှိသည်။ [၇၃] ကရင်ပြည်နယ်တွင် လိင်အကြမ်းဖက်မှုကို ၂၀၀၄ ခုနှစ် အစီရင်ခံစာအရ မုဒိမ်းမှု ၄၀% သည် အုပ်စုဖွဲ့မုဒိမ်းကျင့်မှုများဖြစ်ကြပြီး [၇၄] ထိုကာလအတွင်းတွင် အခြားတိုင်ကြားမှုများတွင်လည်း အလားတူဖြစ်နေသော ပုံစံဖြစ် သည်။ [၇၅] ၂၀၁၀ - ၂၀၁၄ အတွင်း ကချင်၊ ရှမ်းနှင့် ကရင်ပြည်နယ် တို့မှ အမျိုးသမီးနှင့် မိန်းကလေးငယ် ၁၀၄ ဦး၏ မုဒိမ်းမှုများကို မှတ်တမ်းတင်ရာတွင် ၄၇% မှာ အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုများဖြစ်ကြ သည်။ [၇၆] အုပ်စုဖွဲ့မုဒိမ်းကျင့်မှုကို ၂၀၁၆ -၂၀၁၇ အတွင်း ရိုဟင်ဂျာအမျိုးသမီးများကို စနစ်တကျ ကျယ်ပြန့်စွာ ရံဖန်ရံခါ ကျူးလွန်ကြကြောင်းလည်း သတင်းရရှိသည်။ [၇၇]

**လူစုလူဝေးဖြင့် မုဒိမ်းကျင့်ခြင်း သို့မဟုတ် အစုလိုက်အပြုံလိုက် မုဒိမ်းကျင့်ခြင်း** ဆိုသည်မှာ စစ်သားများသည် ခံရသူသားကောင် များကို အဖွဲ့လိုက်စုစည်းစေပြီး အုပ်စုလိုက် သို့မဟုတ် တစ်ယောက်ချင်း မုဒိမ်းကျင့်ခြင်းဖြစ်သည်။ [၇၈] ထိုသို့သော လိင်အကြမ်းဖက်မှုသည် ရိုဟင်ဂျာများကို လုပ်ဆောင်နေသော လက်ရှိအကြမ်းဖက်မှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း မှတ်တမ်းအရ သိရှိရပြီး မြန်မာနိုင်ငံရှိ ကမ္ဘာ့ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးစီမံချက် (UNFFM) ကလည်း ၂၀၁၇ ခုနှစ်က လူ့အခွင့်အရေး ကောင်စီ သို့တင်သော ကြားဖြတ်အစီရင်ခံစာတွင် တင်ပြထားသည်။ [၇၉] မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့သော အစုလိုက်အပြုံလိုက် မုဒိမ်းကျင့်ခြင်းများထဲမှ ၆ ခုကို လူ့အခွင့်အရေးစောင့်ကြည့် အဖွဲ့က မှတ်တမ်းတင် ခဲ့ပြီး ၅ ခုမှာ ၂၀၁၅ ဩဂုတ်လ ၂၅ ရက်နေ့စတင်သော ရှင်းလင်းရေးစီမံချက်အတွင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ [၈၀]

**ရက်စက်မှုများပါဝင်သော မုဒိမ်းမှု** သည် **လူကြားထဲ အရှက်ခွဲခြင်း များ၊ နှိပ်စက်ခြင်း၊ ခန္ဓာကိုယ်ကို ဖြတ် တောက်ခြင်း သို့မဟုတ် သတ်ဖြတ်ခြင်း** ကဲ့သို့သော လူ့အခွင့်အရေး အလွဲသုံးစားပြုမှုများကို နောက်ဆက်တွဲ သို့မဟုတ် တပြိုင်နက်လုပ်ဆောင် မှုများပါဝင်ပြီး မြန်မာနိုင်ငံတွင်းရှိ ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှု ဆိုင်ရာ လိင်အကြမ်းဖက်မှု၏ လက္ခဏာတစ်ရပ် ဖြစ်သည်။ ဥပမာအားဖြင့် ၂၀၀၂ ခုနှစ် ရှမ်းပြည်နယ်တွင် ရှမ်းအမျိုးသမီးများ လှုပ်ရှားမှုကွန်ရက် (SWAN) က အမျိုးသမီးများနှင့် မိန်းကလေး ငယ်များ မုဒိမ်းကျင့်သတ်ဖြတ်ခံရခြင်းကို မှတ်တမ်းတင်ခဲ့ရာ တိုင်ကြားခဲ့သော မုဒိမ်းမှုများ၏ ၂၅% ခန့်သည် သေနတ်ဖြင့် ပစ်ခြင်း၊ လည်ပင်းညှစ်ခြင်း၊ ရိုက်နက်ခြင်း၊ ဓားဖြင့်ထိုးခြင်း သို့မဟုတ် မီးရှို့ခြင်းခံရကြောင်း တွေ့ရှိရသည်။ [၈၁]

ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများကို အကြမ်းဖက်မှုကို ထွက်ဆိုရာ တွင် ရိုက်နက်ခြင်း၊ [၈၂] လည်ပင်းညှစ်ခြင်း၊ ဓားဖြင့်ထိုးခြင်း၊ [၈၃] မီးရှို့ခြင်း၊ [၈၄] ရေနွေးဖြင့်ပက်ခြင်း၊ လှောင်ပြောင်သရော်ခြင်း၊ [၈၅] ခြိမ်းခြောက်ခြင်းနှင့် [၈၆] ရင်သားကို ကိုက်ခြင်းအပါအဝင် အခြား ကိုယ်အင်္ဂါ ဖြတ်တောက်ခြင်းများ ပါရှိသည်။ [၈၇] **ထို့အတူ** မြန်မာ နိုင်ငံရှိ ကမ္ဘာ့ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာ အချက် အလက် ရှာဖွေရေး စီမံချက် (UNFFM) က အစီရင် ခံရာတွင် မုဒိမ်းကျင့်ပြီး နောက် လည်လှီးသတ်ခြင်း သို့မဟုတ် မီးရှို့ သတ်ခြင်း သို့မဟုတ် သေသည်အထိ အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်း တို့ကို အမျိုးသမီးများက ထွက်ဆိုခဲ့ကြကြောင်း ပါရှိသည်။ [၈၈]

ကုလသမဂ္ဂမှတ်တမ်းအစီရင်ခံစာတွင် လိင်အကြမ်းဖက်မှုနှင့်အတူ မုဒိမ်းမကျင့်မီ [၈၉] အဝတ်ဗလာဖြင့် ဓာတ်ပုံရိုက်ခြင်း၊ အိမ်နီးချင်းများ ရှေ့တွင် အဝတ်ဗလာဖြင့် ပြသစေခြင်း စသည့် အရှက်ခွဲခြင်း လုပ်ရပ်များကိုလည်း ဖော်ပြခဲ့သည်။ [၉၀]

**မိသားစုဝင်များကို မုဒိမ်းကျင့်သည်ကို ကြည့်ရှုစေခြင်း** သည်လည်း တိုင်းရင်သား လူနည်းစုဒေသများတွင် လိင်အကြမ်းဖက်မှုကို ကျူးလွန်သည့် စစ်တပ်၏ လုပ်နေကျ လုပ်ဆောင်မှုတစ်ခု ဖြစ်သည်။ ကုလသမဂ္ဂ မှတ်တမ်းအစီရင်ခံစာတွင် ရိုဟင်ဂျာ မူဆလင်များကို ကလေးငယ်များအပါအဝင် ၎င်းတို့၏ မိသားစုဝင်များ (တစ်ခါတရံ ကလေးငယ်များ)[၉၁] ကို မုဒိမ်းကျင့်သတ်ဖြတ်ခြင်းအား ကြည့်ခိုင်းခဲ့ကြောင်း ဖော်ပြထားသည်။ အသက် ၁၄ နှစ် နှင့် ၁၇ နှစ် သမီးတို့ကို အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းကို မိဘများကို ကြည့်ခိုင်းခဲ့ခြင်းလည်း ပါရှိသည်။ [၉၂]

လွန်ခဲ့သော ၁၅ နှစ်မှစ၍ ယနေ့အထိ အစီရင်ခံစာများ အရ မုဒိမ်းကျင့်ခံရသူကို မုဒိမ်းကျင့်နေစဉ်အတွင်းတွင် ၎င်း၏ ရှေ့၌ မိသားစုဝင်များ - ကလေးငယ်များနှင့် သက်ကြီး ရွယ်အိုများ ကိုလည်း ရိုက်နှက်သတ်ဖြတ်ခဲ့ ကြကြောင်း မှတ်တမ်းရှိသည်။ [၉၃]

## ၆။ ထိန်းသိမ်းစခန်းတွင် ညှဉ်းပန်းမှုနှင့် လိင်ကျွန်ပြုမှုပုံစံဖြင့် လိင်အကြမ်းဖက်မှု

ချုပ်နှောင်ထားစဉ်အတွင်း (မုဒိမ်းမှုအပါအဝင်) ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုသည် အမျိုးသမီး များတွင်မက အမျိုးသားများကိုလည်း နှိပ်စက်နည်းအဖြစ် ပြုလုပ်ခဲ့ကြကြောင်း တိုင်ကြားခံခဲ့ရသည်။ အမျိုးသားများကို အကြမ်းဖက်မှုကို တိုင်ကြားမှုမှာ နည်းပါး သော်လည်း ( အပိုင်း ၃ (၃) တွင် ဖတ်ရှုနိုင်) ကုလသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့ က ၂၀၁၄ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သော အာဏာရှင် ဆန်သော ချုပ်နှောင်မှုဆိုင်ရာ အမှုတစ်ခုမှာ ကချင် အမျိုးသားတစ်ဦးကို မြန်မာစစ်တပ်မှ ကေအိုင်အေ တပ်ဖွဲ့ဝင်ဖြစ်သည်ဟု စွပ်စွဲပြီး သီးသန့်ချုပ်နှောင်ထားကာ ကချင်လူမျိုး အကျဉ်းသားဖြစ်သည့် အခြား အမျိုးသားတစ်ဦးနှင့် လိင်ဆက်ဆံ ခိုင်းပြီး ၎င်း၏ လိင်အင်္ဂါကို ဖယောင်းတိုင်မီးနှင့် ရှို့ခဲ့ကြောင်း သိရှိရသည်။ [၉၄]

လိင်ကျွန်ပြုခြင်း - လူနည်းစုတိုင်းရင်းသား အမျိုးသမီးများကို စစ်တပ်အကျဉ်းခန်းများတွင် ချုပ်နှောင်ထား ခြင်း သို့မဟုတ် အထုပ်အပိုးများ သယ်ခိုင်းခြင်းဖြင့် အတင်းအကျပ်စေခိုင်းခြင်း အခြေအနေသို့ အတင်းအကျပ်စစ်မှုထမ်းခိုင်းခြင်း၊ ယောက်ျားများ နှင့် ခွဲထားပြီး အချိန်ကြာမြင့်ရာ ထပ်ကာ ထပ်ကာ မုဒိမ်းကျင့်ခြင်း ( ၂၄ နာရီပတ်လုံး မှ လနှင့်ချီ၍) စသည်တို့ကို နိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ ပဋိပက္ခဒေသများနှင့် ရခိုင်ပြည်နယ်ရှိ ပဋိပက္ခဒေသ များတွင် ကြိမ်ဖန်များစွာ တွေ့ရှိရသည်။ [၉၅]

## ၇။ အတင်းအကျပ် ကလေးပျက်စေခြင်းနှင့် ကလေးဖျက်ချခြင်း

ရခိုင်ပြည်နယ်တွင် ၂၀၁၇၆ - ၂၀၁၇ အကြမ်းဖက်မှု ကာလအတွင်း မုဒိမ်းမှု၏ အကျိုးဆက်အဖြစ် အတင်းအကျပ် ကိုယ်ဝန်ဖျက်ချမှု များ နှင့် ကလေးပျက်ကျမှုများကို တိုင်ကြားမှုများစွာ ရှိခဲ့သည်။ ၂၀၁၇ စက်တင်ဘာလက လူ့အခွင့်အရေး အထူးအရာရှိ ကမ္ဘာ့ကုလသမဂ္ဂရုံးထံ ဘင်္ဂလားဒေ့ရှ်မှ ကော့စ်ဘဇားက အလွန် ခိုင်လုံသော သတင်းရင်းမြစ်၏ တိုင်ကြားချက်အရ ကိုယ်ဝန်ဆောင် မုဒိမ်းကျင့်ခံရသူတစ်ဦးသည် မုဒိမ်းကျင့် နေစဉ်အတွင်း ဗိုက်ကို ခွဲပြီး ကလေးကို ထုတ်ကာ ဓားဖြင့် သတ်ခဲ့ကြသည်ဟု ဆိုသည်။ ထို့နောက် နို့သီးခေါင်းများကိုလည်း ဖြတ်ခံခဲ့ရသည်။ [၉၆] ကိုယ်ဝန် အရင့်အမာနှင့် အမျိုးသမီးများသည် ရက်စက်စွာ အုပ်စုဖွဲ့ မုဒိမ်း ကျင့်ခံရပြီးနောက် ကလေးပျက်ကျခြင်း သို့မဟုတ် အသေမွေးခြင်း တို့ ခံစားခဲ့ရသည်။ [၉၇]

## ၈။ အတင်းအကျပ် လက်ထပ်စေခြင်းနှင့် ကိုယ်ဝန်ဆောင်စေခြင်း

ဗမာစစ်သားများနှင့် အတင်းအကျပ်လက်ထပ်စေခြင်းကို ကချင်၊ ကရင်နှင့် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားလူနည်းစုဒေသများတွင် တွေ့ရှိရပြီး အမျိုးသမီးများနှင့် မိန်းကလေးများကို မိသားစုများ ထံမှ အတင်းအကျပ်ခေါ်ဆောင်ခြင်း သို့မဟုတ် (မုဒိမ်းကျင့်ခြင်း အပါအဝင်) အတင်းအကျပ် လက်ထပ်စေခြင်းတို့ ပြုလုပ်ကြ သည်။[၉၈] မြန်မာနိုင်ငံဆိုင်ရာ အထူးသတင်းထောက်၏ ပြောကြားချက်အရ ၁၉၉၄ ခုနှစ်တွင် ထိုသို့ လက်ထပ်ခြင်းမှ မွေးလာသောကလေးများကို ဗမာလူမျိုးအဖြစ် (တိုင်းရင်းသား အဖြစ်ထက်) သတ်မှတ်ကြရသည်။ [၉၉] ထိုသို့ လက်ထပ်ခြင်းသည် အတင်းအကျပ်ကိုယ်ဝန်ဆောင်စေမှုကိုလည်း ဖြစ်စေသည်။[၁၀၀]

## ၉။ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်း၊ မုဒိမ်းကျင့်ရန် ခြိမ်းခြောက်ခြင်းနှင့် အတင်းအကျပ် ကိုယ်လုံးတီးဖြစ်စေခြင်း

မုဒိမ်းကျင့်ရန်ခြိမ်းခြောက်ခြင်းနှင့် အတင်းအကျပ် ကိုယ်လုံးတီး ဖြစ်စေခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်း သို့မဟုတ် အနိုင်ကျင့်ခြင်းသည် ကျေးလက် ဒေသများ ရင်ဆိုင်နေရသော ရက်စက်မှုနှင့် အကြမ်းဖက်မှုများဖြစ်ပြီး ဆက်လက်လုပ်ဆောင်ရန် ရှေ့ပြေးနိမိတ်များဖြစ်သည်။ [၁၀၁] မြန်မာနိုင်ငံမှ ထွက်ပြေးကြသော ရိုဟင်ဂျာများ၏ အတွေ့အကြုံကို ကုလသမဂ္ဂမှတ်တမ်းအရ လာရောက်စုံစမ်းခြင်း သို့မဟုတ် အိမ်ကို ဝင်စစ်ခြင်းတို့ပြုလုပ်ရာတွင် ကလေးငယ်များကိုတောင် ခန္ဓာကိုယ်ကို ကျူးကျော်ခြင်းသည် လုပ်နေကျဖြစ်သည်။ ထိုသို့ရှာ ဖွေရာတွင် အမျိုးသမီးများက ပြောပြသည်မှာ စစ်တပ်သည် ၎င်းတို့၏ ရင်သားများကို အတင်း ဖိခြင်း၊ နို့သီးခေါင်းကို ညှစ်ခြင်း၊ ရိုင်ဖယ် နောက်ပိုင်းဖြင့် နို့သီးခေါင်း ကိုဖိခြင်း၊ အဝတ်အစား မချွတ်လိုသူများကို ပါးရိုက်ခြင်း သို့မဟုတ် ရိုက်နှက်ခြင်းတို့အပြင် အချို့ဖြစ်ရပ်များတွင် ၎င်းတို့၏ လိင်အင်္ဂါ အတွင်း ပစ္စည်းများ ဝှက်ထားနိုင်သည်ဟု ဆိုကာ လက်ဖြင့် နှိုက်ကြကြောင်း ပြောပြကြသည်။[၁၀၂]

## ၁၀။ နေရပ်တွင်းထွက်ပြေးတိမ်းရှောင်နေရသူများနှင့် သက်ဆိုင်သော လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှု

လက်နက်ကိုင်ပဋိပက္ခများ၊ တိုက်ခိုက်မှုများနှင့် တိုက်ပွဲစဉ်များနှင့် ဆက်စပ်သော နေရပ်တိမ်းရှောင်ရမှုများသည် လိင် အကြမ်းဖက် မှုနှင့် လူကုန်ကူးမှု၊[၁၀၃] ပြည့်တန်ဆာမှုနှင့် မိသားစုတွင်း အကြမ်းဖက်မှု ကဲ့သို့သော လိင်အခြေပြု အကြမ်းဖက်မှုကို ကျူးလွန်ရ လွယ်စေရန် အခြေအနေပေးသော အနေအထားကို ဖြစ်စေသည်။[၁၀၄] လိင်အကြမ်းဖက်မှုသည် ပဋိပက္ခနှင့်

ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV) ကို မသက်ရောက် သော်လည်း လူများကို အတင်းအကျပ်ရွှေ့ပြောင်းစေခြင်း၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများကို တားဆီးခြင်း သို့မဟုတ် နေရပ်တိမ်းရှောင်သူများစခန်းကို တိုက်ခိုက်သည့် လက်နက်ကိုင်တပ်များ၏ လုပ်ရပ်များကို ဖြစ်စေနိုင်ပြီး ပိုမိုဆိုးရွားစေနိုင်ပြီး အချို့အခြေအနေများ တွင် စစ်ရာဇဝတ်မှု၊ လူသားချင်းစာနာမှုဆိုင်ရာ ဖောက်ဖျက်ကျူးလွန်မှုနှင့် လူမျိုးတုံးသတ်ဖြတ်မှု အထိပါ ရှိနိုင်သည်။[၁၀၅] နိုင်ငံဥပဒေနှင့် လူ့အခွင့်အရေး ဖောက်ဖျက်မှု ဥပဒေအရ တာဝန်ယူရမှုများ ရှိလာနိုင်ပြီး ၎င်းတို့ကိုယ်တိုင် ရာဇဝတ်မှုထဲ ပါဝင်သွားနိုင်သည်။

## (ဂ)ပဋိပက္ခနှင့် ရက်စက်မှုဆိုင်ရာ လိင်အကြမ်းဖက်မှု

### ၁။ လှုံ့ဆော်မှုများ

မြန်မာအစိုးရက ငြင်းဆိုထားသော်လည်း လိင်အကြမ်းဖက်မှုကို စစ်လက်နက်ကဲ့သို့ အသုံးပြုနေသည်ကို တွေ့ရှိရပြီး ရိုဟင်ဂျာတို့အပေါ်တွင် အကြမ်းဖက်မှု ကျူးလွန်နေခြင်းနှင့်ပတ်သက်၍ မြန်မာစစ်တပ်မှ လူမျိုးတုံးသတ်ဖြတ်မှု လက်နက်ကို အသုံးပြုခဲ့သည်။ [၁၀၆] ထိုသို့လုပ်ဆောင်မှုများကို လူသိရှင်ကြား ကျယ်ပြန့် စွာ လုပ်ဆောင်ခြင်း၊ ကျူးလွန်သူများမှ သုံးနှုန်းသော စကားများ၊ အရာရှိများက အမိန့်ပေးသဖြင့် ကျူးလွန်သော အချက်နှင့် ထိုသို့သော အမှုများကို ကျယ်ပြန့်စွာ အပြစ်လွတ်ခြင်း တို့ကို တွေ့ရှိရသည်။

လိင်အကြမ်းဖက်မှုကို အကြမ်းဖက်ရန်၊ အရှက်ခွဲရန်နှင့် အချို့သော တိုင်းရင်းသားအသိုင်းအဝိုင်းများကို အကျင့်ဖျက်ရန်အတွက် အသုံးပြုကြသည်။ မုဒိမ်းမှုများနှင့် အခြားသော လိင်အကြမ်းဖက်မှု ပုံစံများကို လူရှေ့တွင် အလွန်အမင်းရက်စက်စွာ ကျူးလွန်ကြခြင်း၊ ဆွေမျိုးများနှင့် ပိုမိုကျယ်ပြန့်သော အသိုင်းအဝိုင်းရှေ့တွင် ကျူးလွန်ကြခြင်းနှင့် ရပ်ရွာ တစ်ခုလုံးကို သတင်းဖြန့်ခြင်း တို့ကိုလည်း ပြုလုပ်လေ့ရှိကြသည်။ [၁၀၇]

လိင်အကြမ်းဖက်မှုကို တိုင်းရင်းသားတပ်မတော် အဖွဲ့အစည်းများ၏ သတိပြုစရာ ထောက်ပံ့သော တစ်ဦးတစ်ယောက်ချင်းစီနှင့် ရပ်ရွာများအတွက် ပြစ်ဒဏ်ပုံစံတစ်ခုအဖြစ် အသုံးပြုကြသည်။ အမျိုးသမီးများကို မုဒိမ်းကျင့်ခြင်းမပြုမီ တိုင်းရင်းသားတပ်မတော်သားတစ်ဦးဦး၏ ဇနီးဟု စွပ်စွဲခံရတတ်သည်။ [၁၀၈] ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း အကြမ်းဖက်မှုကို အချိန်ကိုက်လုပ်ခြင်းသည် လက်စားချေခြင်းဖြစ်တတ်ကြောင်း သိရှိရပြီး သောင်းကျန်း သူများ၏ လုပ်ဆောင်ချက်များအတွက် ပြန်လည်တုံ့ပြန်သည့် အနေဖြင့် တိုင်းရင်းသားများ အပေါ် လက်စားချေခြင်းဖြစ်သည်။ [၁၀၉] ကုလသမဂ္ဂမှတ်တမ်း အစီရင်ခံစာက ဖော်ပြထားသည်မှာ ဗမာစကားကို နားလည်သော သို့မဟုတ် ၎င်းတို့နားလည်သော စကားများကို ပြောဆိုခဲ့ကြသည့် ကျူးလွန်သူများ၏ ပြောစကား များကို ခံခဲ့ရသူများက ပြန်လည်ပြောပြချက်အရ (က) ဆွေမျိုး ဖြစ်သည့် အမျိုးသား နှင့်/သို့မဟုတ် သောင်းကျန်းသူ ပုန်းနေ သည့်နေရာကို မပြောခြင်း သို့မဟုတ် (ခ) သောင်းကျန်း သူများကို ပံ့ပိုးပေးခြင်း - ဥပမာ - ချက်ပြုတ်ပေးခြင်း (င) ရိုဟင်ဂျာဖြစ်နေ ခြင်း စသည့်အကြောင်းရင်းများ ကြောင့်ပင် အမျိုးသမီးများကို ပြစ်ဒဏ်အဖြစ် သတ်မှတ်ထားကြောင်း သိရှိရသည်။ [၁၀၉] လိင်အကြမ်းဖက်မှုကို ညှဉ်းပန်းမှုပုံစံတစ်ခု အဖြစ် သတ်မှတ်ထားကြောင်း တွေ့ရသည်။[၁၁၀]

မုဒိမ်းမှုကို အချို့သောတိုင်းရင်းသားအုပ်စုများကို ဖျက်ဆီးရန် နည်းလမ်းအဖြစ် ပွင့်လင်းစွာ အသုံးပြု နေကြသည်။ အချို့သော တိုင်းရင်းသားလူနည်းစု အမျိုးသမီးများ၏ ရပ်ရွာအသိုင်းအဝိုင်း အတွင်း ကိုယ်ဝန်ဆောင်ရေး လွတ်လပ်ခွင့်သည် ကန့်သတ်ခံထားရပြီး တိုင်းရင်းသား လူနည်းစုများ တိုးပွား လာရေးအတွက် ကလေးများမွေးပေးရန် တာဝန်ရှိသည်ဟု သတ်မှတ်ထားသည်။ [၁၁၁] အခြားတစ်ဖက်တွင် ဗမာစစ်သားများကိုလည်း တိုင်းရင်းသား လူနည်းစု အမျိုးသမီးများကို ကိုယ်ဝန်ရအောင် လုပ်ခြင်းသည် ရွာထဲတွင် ဗမာသွေးကို ချန်နိုင်ခဲ့ခြင်း ဖြစ်သဖြင့် ပုန်ကန်မှုကို အဆုံးသတ်နိုင်မည့် နည်းဖြစ်သည်ဟု သင်ကြားခံထားရသည်။ ဗမာကိစ္စတွင် တမူထူးကောင်း ထူးနေပြီး ပြည်နယ်ယန္တရားနှင့် ပုရိသဝါဒ လွှမ်းမိုးမှု ပေါင်းစပ်နေကြောင်း ပြသနေမည်ဖြစ်သော်လည်း မုဒိမ်းမှုသည် စစ်သားများကို ကျေနပ်မှုပေးရန် အခွင့်အလမ်းကို ဖန်တီးပေးပြီး ၎င်းတို့ကို သိမ်းသွင်း စည်းရုံးကာ လက်ထပ် နိုင်ပြီးနောက် ဗမာသွေးကို ရောစေကာ တိုင်းရင်းသားများကို ပျောက်ကွယ်စေနိုင် မည်ဟု ယုံကြည်ကြသည်။ [၁၁၂] ရခိုင်ပြည်နယ်တွင် မုဒိမ်းမှုကို လူမျိုးရေးသန့်ရှင်းမှုနည်းလမ်းအဖြစ် ပွင့်လင်းစွာ သတ်မှတ်ထားသည်။ [၁၁၃]

### ၂။ မတိုင်တန်းကြသော လိင်အကြမ်းဖက်မှု

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု ဆိုင်ရာ အထွေထွေ အတွင်းရေးမှူး အထူးကိုယ်စားလှယ်၏ ၂၀၁၇ အစီရင်ခံစာက ဖော်ပြသည်မှာ အမြစ်တွယ်နေသော ခွဲခြားဆက်ဆံမှု၊ လက်တုံ့ပြန်ခံရရန် ကြောက်ရွံ့မှု၊ ဝန်ဆောင်မှုများကို နည်းပါးစွာရရှိခြင်းနှင့် ရဲနှင့် တရား ဥပဒေစနစ်ကို ယုံကြည်မှုနှင့် အားကိုးမှုမရှိခြင်းတို့ ကြောင့် လိင်အကြမ်းဖက်မှုသည် မြန်မာနိုင်ငံတွင် တိုင်ကြားမှု မရှိဘဲ ဆက်လက်ဖြစ်ပွားနေသည်။ [၁၁၄] တိုင်ကြားမှုမရှိခြင်း၏ အခြားအကြောင်းရင်းများမှာ ခံရသူများထံသို့ ထောက်ပံ့ပို့ဆောင်ရေးနှင့် လုံခြုံရေးအတွက် စာရွက်စာတမ်းကောက်ယူသူများကို အခက်အခဲဖြစ်စေခြင်းလည်း ပါဝင်သည်။ [၁၁၅] ဤကိစ္စရပ်များကို အခန်း ၃ (တာဝန်ခံနိုင်မှု လမ်းကြောင်းများအပေါ် သုံးသပ်ချက်၊ အခန်း ၇ (အန္တရာယ် မဖြစ်စေရေး) နှင့် အခန်း ၈ (ဘေးကင်းရေးနှင့် လုံခြုံရေး) တို့တွင် အကျယ် ဆွေးနွေးထားသည်။

### (၃) ခံရသူသားကောင်များ

အထက်တွင် ဖော်ပြခဲ့သကဲ့သို့ တိုင်းရင်းသားလူနည်းစု အမျိုးသမီးများနှင့် မိန်းကလေး များအား ပဋိပက္ခနှင့် ရက်စက် ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV) ကို အတိတ်ကာလ တလျှောက်နှင့် ယခုကာလအတွင်း တိုင်းရင်းသားလူနည်းစု ပဋိပက္ခဒေသများ (ရခိုင်ပြည်နယ်၊ ရှမ်းပြည်မြောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊

ရှမ်းပြည်နယ်နှင့် ကချင်နီ(ကယားပြည်နယ်) တွင် တွေ့ရှိရသည်။ ကျေးလက်နှင့် မြို့ပြ နှစ်ခုလုံးတွင် တွေ့ရှိရသည်။ [၁၁၆]

ပဋိပက္ခနှင့် ရက်စက် ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV) သည် အမျိုးသမီးများနှင့် မိန်းကလေးများအား အရွယ်မရွေး ပစ်မှတ်ထားကြပြီး ၅ နှစ်အရွယ် မိန်းကလေး အပါအဝင် သက်ငယ်မုဒိမ်းမှုများလည်း များစွာတိုင်ကြားကြသည်။ [၁၁၇] မုဒိမ်းမှု၊ လိင်ကျွန်ပြုမှုနှင့် အတင်းအကျပ်လက်ထပ်မှု အတွက် တိုင်ကြားမှုအများစုမှာ ဆယ်ကျော်သက်၊ ၂၀ ကျော်နှင့် ၃၀ ကျော် အမျိုးသမီးများ ဖြစ်သော်လည်း ၄၀ ကျော်၊ ၅၀ ကျော်နှင့် ၆၀ ကျော် အမျိုးသမီးများ၏ မုဒိမ်းမှုများကိုလည်း တိုင်ကြားခြင်း ရှိသည်။[၁၁၈]

ယောကျ်ားနှင့် ယောကျ်ားလေးများကို မုဒိမ်းကျင့်ခံရမှုအား ယေဘုယျအားဖြင့် တိုင်ကြားခြင်းမရှိသော်လည်း ကုလသမဂ္ဂနှင့် အခြားရင်းမြစ်များက ထိုသို့သော မုဒိမ်းမှုများရှိကြောင်း[၁၁၉] ဖော်ပြကြပြီး သုတေသနပြုလုပ်နေသူများကလည်း ထိုအမှုများ ရှိကြောင်း သတိပြုမိကြသည်။ [၁၂၀] သို့သော် ထိုအကြမ်းဖက်မှုကို အမျိုးသမီးအကြမ်းဖက်မှုများထက် ဖုံးကွယ်ထားလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများကို ချုပ်နှောင်ထားစဉ် အတွင်း လိင်အကြမ်းဖက်မှုကို ညှဉ်းပန်းမှုအဖြစ် အသုံးပြုခြင်း (အတင်းအကျပ်ကိုယ် လုံးတီးဖြစ်စေခြင်း၊ လိင်အင်္ဂါကို ရိုက်နှက်ခြင်း၊ မုဒိမ်းကျင့်မည်ဟု ခြိမ်းခြောက်ခြင်း၊ ခွေးကို မုဒိမ်းကျင့်ခိုင်းခြင်း စသည်ဖြင့်[၁၂၁]) သည် ပဋိပက္ခဒေသများတွင် အကျဉ်းစခန်း သို့မဟုတ် အခြားနေရာများတွင်လည်း ရှိသည်ဟု သိရသည်။ ဥပမာ - ထိုသို့သော အမှုတစ်ခုတွင် ကချင်အမျိုးသား တစ်ဦးကို ကေအိုင်အေတပ်သားဟု စွပ်စွဲ၍ (အခြားကချင် အမျိုးသားတစ်ဦးနှင့် လိင်ဆက်ဆံစေပြီး လိင်အင်္ဂါကို မီးရှို့ခြင်း) ပြုလုပ်ခဲ့ကြောင်း ၂၀၁၄ ခုနှစ် WGAD သို့ တိုင်ကြားခဲ့သည် (အထက်ပါစာမျက်နှာ ၂၇ တွင် ဖတ်ရှုပါ)။ [၁၂၂] လုပ်နည်းလုပ်နည်းစာအုပ် (IP2) တွင် ဖော်ပြထားသကဲ့သို့ မှတ်တမ်းတင်သူများသည် ယောကျ်ားနှင့် ယောကျ်ားလေးများကို ပဋိပက္ခနှင့် ရက်စက် ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV) ရှိမရှိ စုံစမ်းမှတ်တမ်းတင်ရန်လည်း သတိပြုသင့်သည်။

ကလေးစစ်သားများသည်လည်း လိင်အကြမ်းဖက်မှု၏ သားကောင် များဖြစ်တတ်သည်။ [၁၂၃] လွန်ခဲ့သော ဆယ်နှစ်က မြန်မာနိုင်ငံ သည် ကမ္ဘာတွင် ကလေးစစ်သား အများဆုံးဖြစ်ခဲ့သည် (၂၀၀၇ တွင် ကလေးငယ် ၇၀,၀၀၀ သည် မြန်မာစစ်တပ်၏ ငါးပုံတစ်ပုံ ဖြစ်ခဲ့သည်ဟု ခန့်မှန်းထားသည်)။ [၁၂၄] ထိုကိန်းဂဏန်းသည် ယခုအခါ သိသိသာသာ လျော့ကျလာ သော်လည်း ကလေး စစ်သားများ စုဆောင်းမှုနှင့် အသုံးပြုမှုမှာ ဆက်လက်ဖြစ်ပွား နေဆဲဖြစ်သည်။[၁၂၅] ထိုကလေးများကို လိင်အကြမ်းဖက်မှု လုပ်ဆောင်နေခြင်းနှင့် ၎င်းတို့ကလည်း သူတပါးကို လိင်အကြမ်းဖက်ရန် တိုက်တွန်းနေခြင်းကို မျက်မြင်မြင်တွေ့ရသူများရှိသည်။ [၁၂၆] ကလေးစစ်သားများသည် အုပ်စုဖွဲ့မုဒိမ်းမှုများ၏ သားကောင်ဖြစ်တတ်ပြီး စစ်တပ်ထဲတွင် အပိုးကျိုးရန်နှင့် အမိန့်နာခံရန် နည်းလမ်းအနေဖြင့် ပြုလုပ်ကြ သည်။ [၁၂၇] ကလေးစစ်သားများကို တိုင်းရင်းသား တပ်မတော် အဖွဲ့အစည်းများကလည်း စုဆောင်း အသုံးပြုကြသည်။[၁၂၈] လိင်အကြမ်းဖက်မှုနှင့် ကလေးစစ်သား အကြောင်းကို လုပ်ထုံးလုပ်နည်းစာအုပ် IP2 စာမျက်နှာ ၂၄၈ တွင် ကြည့်ပါ။

## ၄။ ကျူးလွန်သူများ

ပဋိပက္ခနှင့် ရက်စက် ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV) ကို မြန်မာစစ်သားများက တိုင်းရင်းသား လူနည်းစု ဒေသများတွင် တာဝန်ထမ်းဆောင်စဉ် ကျူးလွန်နေကြသည်။ [၁၂၉] ကျူးလွန်သူများတွင် အောက်တန်းစစ်သားများသာမက အဆင့်မြင့်အရာရှိများလည်း ပါဝင်ကြသည်။ ရှမ်းပြည်နယ်တွင်း မုဒိမ်းမှု ၁၇၃ မှုကို စစ်တမ်းကောက်ရာတွင် မှတ်တမ်း၏ (၈၃%) မှာ အရာရှိများက တပ်ဖွဲ့၏ရှေ့တွင် ကျူးလွန်ခြင်းဖြစ်ကြောင်း သိရှိရသည်။[၁၃၀] ခံရသူများကို အုပ်စုဖွဲ့မုဒိမ်းကျင့်ရန် သို့မဟုတ် သတ်ပစ်ရန် တပ်ဖွဲ့ထံသို့ လွှဲအပ်လေ့ရှိသည်။ [၁၃၁]

အချို့အမှုများတွင် အထူးသဖြင့် ၂၀၁၆ - ၂၀၁၇ အတွင်း ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာမှုဆလင် တိုက်ခိုက်မှုတွင် နယ်စပ်စောင့်ရဲများ၊ ပုံမှန်ရဲများနှင့် "အစိုးရလုံခြုံရေးတပ်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြသော" အရပ်သားများသည် မြန်မာစစ်တပ်နှင့် ပူးပေါင်းကာ ထိုအကြမ်းဖက်မှုကို ပြုလုပ်ခဲ့ကြသည်။ [၁၃၂] ကုလသမဂ္ဂမှတ်တမ်းအရ ထိုဒေသမှ ရခိုင်ရွာသားများကို လက်နက်များ ပေးအပ်ထားကြောင်း သက်သေရှိသည်။ [၁၃၃] မြန်မာနိုင်ငံတွင် အရပ်သား စစ်အကူများရှိသည်ဟူ သော အချက်နှင့်မတူညီဘဲ အများစုမှာ စစ်တပ်ကို ပူးပေါင်းခြင်းသာဖြစ်သည်။[၁၃၄]

အထက်တွင် ဖော်ပြထားသကဲ့သို့ လိင်အကြမ်းဖက်မှုကို တိုင်းရင်းသားတပ်မတော်အဖွဲ့အစည်းများကလည်း ကျူးလွန်ကြသော်လည်း ထိုအမှုများနှင့်ပတ်သက်သည့် အချက်အလက်များမှာ နည်းပါးသည်။[၁၃၅] ဤအချက်အလက်များကို ရှာဖွေဖော်ထုတ်သင့်သည်။ ပဋိပက္ခနှင့် ရက်စက် ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV)အားလုံး သည် ကျူးလွန်သူမည်သူဖြစ်စေ ခံရသူသားကောင်သည် မည်သည့်အသိုင်း အဝိုင်းမှုဖြစ်စေ မှတ်တမ်းတင်ထားသင့်သည်။

၅။ လိင်အကြမ်းဖက်မှု အတိုင်းအတာ

လိင်အကြမ်းဖက်မှုကို ပြသနေသော အန္တရာယ်အချက်ပြမှုများစွာကို အခန်း ၂ - မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်မှုကို နားလည်ခြင်း၊ အပိုင်း ၂၊ အခန်း ၃( စာမျက်နှာ ၂၄ ဇယား ၅ )တွင် ဖြစ်ခါနီး သို့မဟုတ် ဖြစ်နေဆဲ ကို စာရင်းပြုစုထားပြီး မြန်မာနိုင်ငံ၏ အချို့အပိုင်းများတွင် သိသာထင်ရှားသည်။

| အန္တရာယ်အချက်ပြမှု | |
|---|---|
| **လိင်အကြမ်းဖက်မှု ဖြစ်ခါနီး သို့မဟုတ် ဖြစ်နေဆဲကို ပြသနေသော အဖြစ်အပျက်များနှင့် အခြေအနေများ** | |
| **စစ်တပ်/လုံခြုံရေး** | • အတင်းအကျပ်စုဆောင်းခြင်းနှင့် အဓမ္မသွေးဆောင်ခြင်း<br>• အမျိုးသားများနှင့် ယောကျ်ားလေးများကို အမျိုးသမီးများနှင့် ကလေးငယ်များထံမှ အတင်းအကျပ်ခွဲထားခြင်း<br>• အိမ်ကို အဝိုက်ဖမ်းတိုက်ခိုက်ခြင်း<br>• ကျောင်းကို အဝိုက်ဖမ်းတိုက်ခိုက်ခြင်း<br>• တိုက်ခိုက်လုယူခြင်းနှင့် ဝင်ရောက်မွှေနှောက်ခြင်း<br>• လက်တုံ့ပြန်တိုက်ခိုက်ခြင်း<br>• စစ်ဆေးရေးဂိတ်<br>• အကျဉ်းချခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ နှိပ်စက်ခြင်း |
| **နိုင်ငံရေး/ ဥပဒေ** | • အမျိုးသမီးများကို သိက္ခာချခြင်းနှင့် လူမဆန်သောစကားပြောခြင်းအပါအဝင် ဝါဒဖြန့်ခြင်းနှင့် အမုန်းစကား<br>• တိုင်းရင်းသားချင်း သွေးခွဲခြင်း |
| **လူမှုရေး/ လူသားချင်း စာနာထောက်ထားမှု** | • ဒုက္ခသည်စခန်းနှင့် နေရပ်တိမ်းရှောင်သူများ ထွက်ပြေးခြင်းနှင့် တိမ်းရှောင်ခြင်း<br>• တိမ်းရှောင်စခန်းများတွင် လုံခြုံရေးနှင့် အခြေခံလိုအပ်ချက် ညံ့ဖျင်းခြင်း<br>• စခန်းများကို လက်နက်ဖြင့် ထိန်းချုပ်ခြင်း<br>• ဝင်ခွင့်မရှိသော အမျိုးသမီးများနှင့် ကလေးငယ်များကို စစ်တပ်စခန်းများ၊ ရဲစခန်းများ သို့မဟုတ် လှုံ့ဆော်ပွဲများတွင် တွေ့ရှိရသည်ဟု သတင်းရရှိခြင်း |

## (ဃ) မြန်မာနိုင်ငံရှိ ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု၏ ရိုက်ခတ်မှု

အခန်း ၂ - မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်မှုကို နားလည်ခြင်း၊ အပိုင်း ၂၊ အခန်း ၃( စာမျက်နှာ ၂၅- ၂၇ ဇယား ၅ )တွင် ဖော်ပြထားသော ရိုက်ခတ်မှုအများစုသည် မြန်မာနိုင်ငံတွင် ဖြစ်နေသည်။ မြန်မာနိုင်ငံ၏ အနေအထား၊ ဥပဒေ၊ ယဉ်ကျေးမှုနှင့် လူမှုရေး စံသတ်မှတ်ချက်များကြောင့် မီးမောင်းထိုးပြသင့်သော သီးသန့်သက်ရောက်မှုအချို့ရှိသည်။ အောက်ပါဇယားသည် မြန်မာနိုင်ငံနှင့် သီးသန့်သက်ဆိုင်သော လိင်အကြမ်းဖက်မှု၏ ရိုက်ခတ်မှုများထဲမှ ပိုမိုကျယ် ပြန့်သောအချို့ကို မီးမောင်းထိုးပြထားသည်။ အသက်ရှင် ကျန်ရစ်သူကို အန္တရာယ်ပြုခြင်းနှင့် ခြိမ်းခြောက်ခြင်းနှင့် ပတ်သက်၍ အချက်အလက်များကို အခန်း ၇ (အန္တရာယ်မဖြစ်စေရေး) တွင် ဖတ်ရှုနိုင်သည်။

| မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်မှု၏ ရိုက်ခတ်မှုများ၏ နမူနာများ | | | |
|---|---|---|---|
| **ခံရသူ သားကောင်များ** | **အမျိုးသမီး သားကောင်များ** | **အမျိုးသား သားကောင်များ** | **ကလေး သားကောင်များ** |
| **ရုပ်ပိုင်းဆိုင်ရာ** | | | |

| | | | |
|---|---|---|---|
| | » သေသည်အထိ ဒဏ်ရာအနာတရဖြစ်ခြင်း<br>» မလိုချင်သော ကိုယ်ဝန်<br>» အချိန်မတိုင်မီ မွေးခြင်း၊ ကလေးပျက်ကျခြင်း သို့မဟုတ် အသေမွေးခြင်း (ကိုယ်ဝန်ဆောင်ကို မုဒိမ်းကျင့်ခြင်း)<br>» မုဒိမ်းမှုကြောင့် မွေးသောကလေး သို့မဟုတ် အန္တရာယ်မကင်းသော ဖျက်ချမှု၏ ရှုပ်ထွေးမှုများ (မြန်မာနိုင်ငံတွင် ကလေးဖျက်ချမှုသည် အများအားဖြင့် တရားဥပဒေနှင့် မညီပေ)<br>» ဒဏ်ရာများကို မကုသ၍ ဆီးလမ်းကြောင်းနှင့် မွေးလမ်းကြောင်း ပိုးဝင်ခြင်း<br>» လိင်မှတဆင့် ကူးစက်သော ရောဂါများ (အိပ်ချ်အိုင်ဗွီ၊ ကဲလ်မီးဒီ ယား၊ ဂနိုရီးယား၊ ဆစ်ဖလစ်၊ ရေယုန်၊ ကြွက်နို့(HPV) အပါအဝင်) | | » ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နိုင် ခြေအလွန်များခြင်း<br>» ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နိုင် ခြေနှင့် အသက် ၁၆ နှစ် အောက်တို့တွင် ကိုယ်ဝန်ရ ခြင်း/ မွေးဖွားခြင်းတို့၌ ရှုပ်ထွေးခြင်း/ စာရိတ္တပြဿနာ အလွန်များခြင်း |
| **စိတ်ပိုင်းဆိုင်ရာ** | | | |
| | » အရှက်ရခြင်း၊ အပြစ်တင်ခံရခြင်း<br>» စိတ်ဓာတ်ကျခြင်း၊ ဝမ်းနည်းမှု၊ ကြောက်ရွံ့မှု<br>» စိတ်ဒဏ်ရာကြောင့် စိတ်ဖိစီးမှုမူမမှန်ခြင်း (“PTSD”)<br>» အမျိုးသမီးများနှင့် မိန်းကလေးကို မလေးစားခြင်း ကဲ့သို့ စိတ်ပျက်နေသော အမျိုးသမီးများ၏ ယဉ်ကျေးမှုကို အခြေခံ သော ခံစားချက်များ<br>» မူးယစ်ဆေးအလွဲသုံးမှု (ဥပမာ - ဘိန်း) | » မိမိဘာသာ တစ်ဦးတည်းနေခြင်းနှင့် စွန့်ခွာမှု | » ပံ့သွင်းပေးသော တိုးတက်မှုအဆင့်များကို သက်ရောက်နိုင်၊ အပြုအမူ ဆိုင်ရာနှင့် အိမ်ထောင်ရေး အခက် အခဲများကို ဦးတည်နိုင်<br>» အရှက်ကွဲခြင်း၊ အပြစ်တင်ခံရခြင်း၊ မိမိကိုယ်ကို တန်ဖိုးမရှိဟုခံစားခြင်း<br>» အရွယ်ရောက်သောအခါ စိတ်ပိုင်းဆိုင်ရာပြဿနာ များနှင့် ကာစဥ့်ကလျားဖြစ် ခြင်း မြင့်တက်နိုင်ခြင်း |
| **လူမှုရေး** | | | |
| » လူမှုရေးအမည်းစက် အလွန်အမင်း ဖြစ်သွားခြင်း | » ပျက်စီးခြင်းနှင့် ရပ်ရွာ တစ်ခုလုံးကို အရှက်ရစေ သည်ဟု သတ်မှတ်ခြင်း<br>» ရပ်ရွာသန့်ရှင်းစေရန် အမျိုးသမီးကို ရွာမှ နှင်ထုတ်ခြင်း (ဥပမာ - | » လိင်အကြမ်းဖက်မှုကို ခံရသော အမျိုးသားများကို အမည်းစက်များ အလွန်အမင်း ဝန်းရံခြင်း | » ထပ်မံကျူးလွန်ခံရရန် ဖြစ်နိုင်ခြေများခြင်း<br>» ပညာရေးတွင် အနှောင့် အယှက်ဖြစ်ခြင်း |

| | | | |
|---|---|---|---|
| | ကရင်နီ/ကရင်၊ ရှမ်း ရပ်ရွာများ)<br>» အိမ်ထောင်ရေးပျက်စီးခြင်း၊ အိမ်ထောင်ဖက်မှ စွန့်ပစ်ခြင်းနှင့် အိမ်တွင်း အကြမ်းဖက်ခြင်း<br>» အိမ်ထောင်ကျနိုင်ခြေကို ရိုက်ခတ်ခြင်း သို့မဟုတ် မုဒိမ်းမှုမှ ကိုယ်ဝန်ရပါက လက်ထပ်ရန် ဖိအားပေးခြင်း<br>» အွန္တရာယ်ကင်းရေးအတွက် ပြောင်းရွှေ့ရခြင်း | » ယောက်ျားပီသခြင်းနှင့် ဖိုမမျိုးပွားမှုကို ယဉ်ကျေးမှုဆိုင်ရာ ခန့်မှန်းခြင်း/ ဒဏ္ဍာရီ ဆန်ဆန် ထင်မြင်ခြင်း | |
| **လူမှု-စီးပွားရေးနှင့် ဥပဒေဆိုင်ရာ** | | | |
| | » အိမ်ထောင်ပြင်ပတွင် လိင်ဆက်ဆံခြင်းနှင့် ဖောက်ပြန်ခြင်းကို ဥပဒေအရ အမှုဟု သတ်မှတ်သည် (သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ)<br>» ကိုယ်ဝန်ဖျက်ချခြင်းသည် တရားဥပဒေနှင့် မညီပေ<br>» အသက်ရှင်ကျန်ရစ်သူ၏ မိသားစုမှ ကုသမှုစရိတ်ကို ကုန်ကျခံရခြင်း<br>» အမျိုးသမီးများနှင့် မိသားစုများက ရပ်ရွာတွင်းသို့ ပြန်ဝင်ခွင့်ရရန်အတွက် သန့်စင်ရေးပွဲအတွက် ကုန်ကျစရိတ်ကို ပေးရခြင်း (ကယားပြည်နယ်) | » စအိုတွင်း ထိုးသွင်း၍ လိင်ဆက်ဆံခြင်းကို ဥပဒေအရ အမှုဟု သတ်မှတ်သည် (သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ)<br>. | |

ဆက်လက်ဖတ်ရှုရန်: UNFPA, 'အင်အားကြီးဒဏ္ဍာရီများ၊ ဖုံးကွယ်ထားသောလျှို့ဝှက်ချက်များ', (2017), http://myanmar.unfpa.org/sites/default/files/pub-pdf/PowerfulMythsHiddenSecrets_EDITED.pdf; HRW (2017), 'တစ်ကိုယ်လုံးနာနေတယ်'; UN Flash Report (2017); SWAN (2002), 'မုဒိမ်းကျင့်ခွင့်လိုင်စင်', pp. 21-25; Women's League of Burma ("WLB"), 'အမျိုးသမီးများကို အဆင့်အတန်းခွဲခြားမှုပုံစံများအားလုံးကို ဖယ်ရှားရေးကော်မတီ ၂၀၁၆ အစီရင်ခံစာ ("CEDAW")', (2016), http://tbinternet.ohchr.org/Treaties/CEDAW/Shared%20Documents/MMR/INT_CEDAW_NGO_MMR_24233_E.pdf; WLB, 'မိန်းကလေးများအရှက်ရခြင်း - မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်မှုခံရသော မိန်းကလေးငယ်များအတွက် တရားမျှတမှု ရရန် အဟန့်အတား', (2017), p. 2, https://progressivevoicemyanmar.org/wp-content/uploads/2017/11/GirlsBeartheShame_WLBBreifingPaper_Eng.pdf; ကျားမတန်းတူညီမျှရေးကွန်ယက် - 'တိတ်ဆိတ်မှုနောက်ကွယ် - အမျိုးသမီးများကို အကြမ်းဖက်မှုနှင့် ၎င်းတို့၏ တောင့်ခံမှုများ၊ မြန်မာနိုင်ငံ - စာတမ်းငယ်', (October 2015), http://www.themimu.info/node/61566.

# အပိုင်း ၃။ တာဝန်ခံနိုင်မှုလမ်းကြောင်းများနှင့် ပြန်လည်ကုစားနိုင်မှု

## အခန်း ၃။ မြန်မာနိုင်ငံနှင့်ဆက်နွယ်သော တာဝန်ခံနိုင်မှု လမ်းကြောင်းများနှင့် ပြန်လည်ကုစားနိုင်မှုအပေါ် သုံးသပ်ချက်

ဤအခန်းသည် မြန်မာနိုင်ငံရှိ ပဋိပက္ခနှင့် ရက်စက် ယုတ်မာမှု ဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV ) ၏ ခံရသူသားကောင်များ အတွက် ပြည်တွင်းပြည်ပမှ ယုတ်စွအဆုံး သဘောတရားအရ ရနိုင်သော တာဝန်ယူနိုင်မှုကို သုံးသပ်ခြင်းဖြစ်သည်။ ယခု အချိန်တွင် ပုံမှန်မဟုတ်သော အခြေအနေများမှ လွဲ၍ မြန်မာ နိုင်ငံတွင် ထိရောက်သော တရားမျှတမှုကို ရနိုင်ခွင့် အလွန် နည်းပါးပြီး ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်း ဖက်မှု (CARSV) များကို လွတ်မြောက်ချမ်းသာခွင့်မှာ နေရာ အနှံ့ဖြစ်ပွားနေသည်။

ခံရသူသားကောင်များကို ဒေသအတွင်းတွင် ရွေးချယ်မှုလည်း ပေးခြင်းမရှိပေ။ သို့သော် နိုင်ငံတကာအဆင့်တွင် တရားရေး ဆိုင်ရာမဟုတ်သော ရွေးချယ်မှုအလားအလာများစွာ ရှိသည်။ နိုင်ငံအများစုမှာ ကျူးလွန်သူများကို ၎င်းတို့၏ နယ်ပယ်တွင် ရှိနေရန်လိုအပ်သော်လည်း ရာဇဝတ်သားများကို နိုင်ငံတကာ တရားရေးဥပဒေဖြင့် ပြည်ပတွင် တရားစီရင်ခြင်းသည် အလားအလာကောင်းသော ရွေးချယ်မှုတစ်ခုဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တရားရေးဆိုင်ရာဖြစ်စေ တရားရေး ဆိုင်ရာ မဟုတ်သည့် အပိုင်းတွင်ဖြစ်စေ ပြည်တွင်းနှင့် နိုင်ငံတကာ အဆင့်များတွင် ရရှိနိုင် လာသော တာဝန်ယူနိုင်မှုနှင့် ပြန်လည် ထူထောင် ရေးယန္တရားများ အနာဂတ်တွင် ရှိလာနိုင်ပေသည်။ ကောက်ယူရရှိသော သက်သေများအရ နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေနှင့် အကောင်းဆုံးလက်တွေ့စံသတ် မှတ်ချက်များ ( ဥပမာ - လုပ်ထုံးလုပ်နည်းစာအုပ်တွင် ပါရှိသော) သည် ဆွေးနွေးမှုနှင့် မသက်ဆိုင်ဘဲ တန်ဖိုးရှိလာနိုင်ပေသည်။

တာဝန်ခံနိုင်မှု လမ်းကြောင်းများကို သုံးသပ်ချက်အား မဖတ်မီ အောက်ပါအခန်းများတွင် မြန်မာနိုင်ငံ၏ တရားဝင် နိုင်ငံရေး မြင်ကွင်းနှင့် ပတ်သက်၍ အပေါ်စီး မြင်ရသော အခြေအနေကို အကျဉ်းချုပ်ဖော်ပြ ထားသည်။

### (က) မြန်မာနိုင်ငံ၏ ဥပဒေရေးရာအနေအထား

မြန်မာနိုင်ငံ၏ ဥပဒေရေးရာအနေအထားသည်

ရှုပ်ထွေးနေသည် - နိုင်ငံရေးရှုပ်ထွေးမှုနှင့် တိုင်းရင်းသားဒေသများ ပြင်းထန်စွာ ကွဲပြားနေခြင်းသည် တရားဥပဒေများရှုပ်ထွေးနေခြင်း နှင့် များစွာသော ဥပဒေစနစ်များကို ဖြစ်စေသည်။ နိုင်ငံသား များစွာသည် (ပြည်နယ်များ ကြားတွင်လည်း ကွဲပြားကာ ရွာများကြားတွင်လည်း ကွဲပြားနေပြီး ထိုဒေသ၏ အပေါ်စီး မြင်ရသော အခြေအနေမှ သိရှိရသည့်) ရှုပ်ထွေးပြီး တရားမဝင် သော ဥပဒေများနှင့် တရားဝင်နိုင်ငံဥပဒေတို့ကို ရောထွေး၍ လုပ်ဆောင်နေကြသည်။

**ထုံးတမ်း ဥပဒေ**

တိုင်းရင်းသားလူနည်းစုဒေသများစွာတွင် တရားဝင်နိုင်ငံဥပဒေ၏ ပြင်ပတွင် လုပ်ဆောင်နေကြပြီး ဘဝအခြေအနေမျိုးစုံကို အုပ်ချုပ် ရာတွင် ထုံးစံဖြစ်နေသော ဥပဒေဖြင့်သာ လက်တွေ့လုပ်ဆောင် နေကြသည်။ [၁၃၇]

တိုင်းရင်းသားလူနည်းစု အမျိုးသမီးများက ဥပဒေအရ အဖြေရှာ သည့် အခါတွင် (မဖြစ်မနေ ရွေးချယ်ဖို့ မလိုအပ်သော်လည်း) တရားမဝင်သော ဥပဒေယန္တရားများက ပါဝင်လာလေ့ရှိသည်။ [၁၃၈] ထိုတရားမဝင်သော ဥပဒေစနစ်ကို ဒေသခံအကြံပေး သူများနှင့် ကျေးရွာအုပ်ချုပ်သူများက အသုံးပြုကြပြီး တစ်ခါတစ်ရံ မိသားစု၏ အိမ်ထောင်ဦးစီးများနှင့် ဖွဲ့စည်းထားသော ယောကျ်ားအဖွဲ့များ ဖြစ်ကြကာ ဒေသအာဏာပိုင်များအဖြစ် လုပ်ဆောင်ကြ၍ ထုံးတမ်းဥပဒေအရ တရားစီရင်ခြင်းဖြင့် နယ်ပယ်အတွင်း ငြိမ်းချမ်းအောင် လုပ်ရန်တာဝန် ယူကြသည်။ *ထိုအုပ်ချုပ်သူ များသည် တိုင်ကြားမှုများကို ပယ်ချရန် (သက်သေမရှိဟု ပြောလေ့ရှိ) ဖြစ်စေ နှစ်ဦးနှစ်ဖက် ကြား အငြင်းပွားမှုကို ဖြေရှင်းရန်ဖြစ်စေ တာဝန်ယူကြသည်။* [၁၃၉] *ထိုစနစ်သည် အထူးသဖြင့် ကျေးလက်နှင့် တိုင်းရင်းသားလူနည်းစု အမျိုးသမီးများက ကျားမအခြေပြု အကြမ်းဖက်မှုနှင့် လိင်အကြမ်းဖက်မှုအတွက် တရားမျှတမှုရှာဖွေရာတွင် မထူးခြားသော လုပ်ငန်းစဉ်များ အသုံးပြုခြင်းအပါအဝင် အမျိုးသမီးများကို အမှုရုတ်သိမ်းရန် ဖိအားပေးခြင်း၊ ကျူးလွန်သူကို လက်ထပ်ရန်ဖိအားပေးခြင်း (လျော်ကြေးအနေဖြင့်) နှင့် ကျူးလွန်ခံရသော အမျိုးသမီး၏ မိသားစုအကျိုးအတွက် မလောက်ငသော ညှိနှိုင်းငွေဖြင့် ကျေအေးရခြင်းတို့ ဖြစ်အောင် ပြုလုပ်ကြသည်။* [၁၄၀] ထိုသို့သော လုပ်ဆောင်မှု များကို ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV) တို့တွင်လည်း တွေ့ရှိရပြီး တရားမျှတမှုဆိုသည်မှာ တာဝန်ရှိသော စစ်သားများ နှင့် တပ်သားများမှ လျော်ကြေးအဖြစ် ပေးသော သို့မဟုတ် ညှိနှိုင်း သတ်မှတ်သော ငွေကြေးအနည်းငယ်ကို လက်ခံခြင်းသာ ဖြစ်သည်။ [၁၄၁] ဤစနစ်သည် ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှု ဆိုင်ရာ လိင်အကြမ်းဖက်မှု (လိင်အကြမ်းဖက်မှုနှင့် ကျားမ အခြေပြု အကြမ်းဖက်မှု) ကို ခံရသော အမျိုးသားများ အတွက်လည်း ဖြုံလောက်သော အရံအတားပင်ဖြစ်သည်။

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ

၂၀၀၈ အခြေခံဥပဒေအရ ပြဋ္ဌာန်းခဲ့သော ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများတွင် တရားစီရင်နိုင်သော အာဏာရှိသည်။ [၁၄၂] လက်တွေ့တွင် အခြားဒေသများတွင်လည်း အလားတူ အာဏာပိုင်များက အုပ်ချုပ်ကြသည်။

လက်နက်ကိုင်တော်လှန်သော အဖွဲ့များရှိသည့် တောင်ပေါ်ဒေသ နှင့် နယ်စပ်ဒေသအချို့၏ အခြား အမာခံနယ်မြေတို့တွင် လက်နက်ကိုင် အဖွဲ့များက အပြည့်အဝ အုပ်ချုပ်ကြပြီး အခြေခံ ဝန်ဆောင်မှုများ၊ တရားမျှတမှုနှင့် လုံခြုံရေးကို လုပ်ပေးကြပြီး ဒေသရပ်ရွာထံမှ အခွန်ကောက်ယူပြီး လူသစ်စုဆောင်းကြသည်။ [၁၄၃] အခြားနေရာများတွင် နယ်ပယ်ကို ခိုင်မာစွာ အုပ်ချုပ်ခြင်း မရှိသော်လည်း ရပ်ရွာနှင့် နီးကပ်ခင်မင်စွာ ဆက်ဆံမှုရှိပြီး ရပ်ရွာကလည်း လက်နက် ကိုင်အဖွဲ့များ၏ အုပ်ချုပ်ရေး ဌာနများနှင့် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားကြသည်။ [၁၄၄]

## တရားဝင်ဥပဒေစနစ်

ရာဇသတ်ကြီး၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် အရပ်သား တရားစီရင်မှုဥပဒေ အပါအဝင် မြန်မာဥပဒေအများစုသည် ဗြိတိသျှခေတ် အိန္ဒိယဥပဒေကို လွတ်လပ်ရေးရချိန်တွင် ဆက်လက်အမွေရရှိခဲ့ခြင်းဖြစ် ပြီး မပြောင်းလဲဘဲ ထားရှိခဲ့သည်။ စစ်အုပ်ချုပ်ရေးစနစ်အတွင်း ဆိုရှယ်လစ်တရားရုံးများ ကို ပြဋ္ဌာန်းခဲ့သော်လည်း ၁၉၈၈ တွင် နိုင်ငံတော်တရား ရုံးချုပ်နှင့် ဗဟိုတရားရုံးတို့ကို ပြန်လည်ဖွဲ့စည်းရာတွင် အစားထိုးခဲ့ကြသည်။ တရားရုံးများသည် မြန်မာဘာသာသို့ ပြန်ဆိုထားသည့် အင်္ဂလိပ်ဥပဒေအရ ဆောင်ရွက်ကြသည်။ [၁၄၅] သို့သော် တရားသူကြီးများမှာ လေ့ကျင့်မှုအားနည်းပြီး အကျင့်ပျက် ခြစားမှုနှင့် အထက်မှ နှောင့်ယှက်မှုတို့ ရှိနေသည်။ [၁၄၆]

စစ်တပ်ကိစ္စရပ်များနှင့် သက်ဆိုင်သော အမှုစီရင်ခြင်း များတွင် အခန်း ၄ (မြန်မာနိုင်ငံဥပဒေအရ ရာဇဝတ်မှုဆိုင်ရာ တစ်ဦးချင်းတာဝန်ယူမှု) တွင် ဆွေးနွေးထားသည့်အတိုင်း ၂၀၀၈ အခြေခံဥပဒေကို အမြဲတမ်းတရားရုံးများတွင် ပြဋ္ဌာန်းပြီး ပြည်သူ့တရား ရုံးများမှ တရားစီရင်ပိုင်ခွင့်နှင့် ကြီးကြပ်ရေး တာဝန်ကို ဖယ်ရှားလိုက်သည်။

### (ခ) တရားရုံးများ၏ နည်းပါးသောအခန်းကဏ္ဍ

စစ်တပ်အရာရှိများ၏ အမှုများကို ဆောင်ရွက်ရာတွင် စစ်တပ်မှပင် အပြည့်အဝထိန်းချုပ်မှုသည် မြန်မာနိုင်ငံတွင် တရားမျှတမှုရရှိရန် အကြီးဆုံးသော အခက်အခဲ ဖြစ်သည်။ သို့သော် အခြား သိသာ ထင်ရှားသော အခက်အခဲများစွာရှိနေပြီး လူ့အခွင့်အရေးချိုးဖောက် ခံရသူများက တရားရုံးများကို ရှောင်ရှားနေသည့် အခြေအနေသို့ ရောက်ရှိနေကြသည် (အောက်ဖော်ပြပါ ဇယား ၂ တွင်ကြည့်ပါ)။

ထိုအခက်အခဲများတွင် အောက်ပါတို့ ပါဝင်သည်။

- ရပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများ၊ တရားရေးဆိုင်ရာ မဖွယ် မရာလုပ်ခြင်း သို့မဟုတ် မှတ်တမ်းတင်မှု ပျောက်ဆုံးခြင်း ( အခန်း ၇ (အန္တရာယ်မဖြစ်စေရေး) နှင့် အခန်း ၈ (အန္တရာယ် ကင်းရေးနှင့် လုံခြုံရေး) တို့တွင် ကြည့်ပါ)။ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တိုင်တန်းမှုများ မြင့်လာသော ပြည်နယ်တွင် ကိုယ်စားလှယ်များက ရှေ့နေများနှင့် တိုင်ကြားသူများကို လက်တုံ့ပြန်ရန် ကြောက်ရွံ့ခြင်း[၁၄၇]
- တိုင်တန်းချက်များကို ရဲများက မှတ်တမ်းမတင်လိုခြင်း သို့မဟုတ် လုံခြုံရေးအပြည့်ဖြင့် စီရင်မှုအထိ ဖြစ်စေအောင် စစ်ဆေးမှုမပြုလိုခြင်းနှင့် တရားစီရင်မှုရှေ့ဆက်ရန် မလိုလားခြင်း[၁၄၈]
- အကျင့်ပျက်ခြစားမှုနှင့် အထက်မှ နှောင့်ယှက်မှုတို့ ကို ဖြစ်စေသည့်အချက်အဖြစ် တရားသူကြီးအဖွဲ့၏ လွတ်လပ်ခွင့်လုံးဝမရှိခြင်း[၁၄၉]
- ဥပဒေနှင့် စီရင်ထုံးများကို အတွေ့အကြုံနည်းပါးပြီး ပညာနည်းပါးသည့် တရားသူကြီးများ ရှိနေခြင်း[၁၅၀]
- လုပ်ဆောင်ရာတွင် ပါဝင်ရန်နှင့် ခရီးသွားရန် ကုန်ကျစရိတ်များ အပါအဝင် ဥပဒေရေးရာ ဆောင်ရွက်မှုစရိတ်များကို တားမြစ်ခြင်း[၁၅၁]

**ဇယား ၂။ မြန်မာနိုင်ငံတွင် တရားရုံးများကို ရှောင်ရှားခြင်း**

နိုင်ငံတကာဂျူရီလူကြီးများ ကော်မရှင်၏ ၂၀၁၈ အစီရင်ခံစာအရ "မြန်မာနိုင်ငံမှ လူအများစုသည် တရားရုံးနှင့် ဆက်နွယ်ရခြင်းကို ရှောင်ရှားကြပြီး အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းကဲ့သို့ သော နိုင်ငံနှင့်ဆိုင်သော မကျေနပ်ချက်များတွင် ရှောင်ရှားကြ သည်။ လူထုကြားတွင် အာဏာပိုင်များက ထိုတိုင်တန်းချက်များကို ရန်စခြင်းဟု မှတ်ယူပြီး တိုင်ကြားသူအား တရားဝင်ဥပဒေအရရော တရားမဝင်ဥပဒေအရပါ အမှုဖွင့်မည်ကို ကြောက်ရွံ့ကြသည်။ ထို့ပြင် တရားရုံးများသည် ကုစားခြင်း သို့မဟုတ် ပြန်လည် ထူထောင်ပေးခြင်း တို့ကို ရနိုင်အောင် ကူညီပေးခြင်းမရှိသလောက် နည်းပါးသည်။ ထိုသို့လုပ်မည့်အစား အလျော်ပေးရန် သီးသန့် လာရောက်ညှိနှိုင်းခြင်း သို့မဟုတ် အရာရှိများနှင့် လာရောက်ခြင်း သို့မဟုတ် လုံးဝ အလေး မထားခြင်းတို့ကိုသာ ပြုလုပ်ကြသည်။ ထိုအကြောင်းရင်း များကြောင့် မြန်မာနိုင်ငံတရားရုံးကို လူ့အခွင့်အရေး ချိုးဖောက်ခံရသူများက ကုစားခြင်း သို့မဟုတ် ပြန်လည် ထူထောင်ပေးခြင်းတို့အတွက် အားကိုးရသောနေရာဟု မယူဆကြပေ။ နိုင်ငံတရားရုံးများသည် တရားစီရင်ရေးတွင် လွတ်လပ်မှုနှင့် တာဝန်ယူနိုင်မှု မရှိခြင်းကြောင့် ထိရောက်သော ကုစားခြင်း သို့မဟုတ် ပြန်လည်ထူထောင်ပေးခြင်း ပေးနိုင်ရန် ကြန့်ကြာသည်။ [၁၅၂]

## (ဂ) မြန်မာနိုင်ငံနှင့်ဆက်နွယ်သော တာဝန်ခံနိုင်မှု လမ်းကြောင်းများနှင့် ပြန်လည်ကုစားနိုင်မှုအပေါ် သုံးသပ်ချက်

### ၁။ ပြည်တွင်းလမ်းကြောင်းများ (မြန်မာ)

အောက်ပါအချက်များသည် မြန်မာနိုင်ငံရှိ ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုCARSV ကို တာဝန်ယူနိုင်မှုနှင့် ကုစားနိုင်မှုအတွက် တရားဝင် လမ်းကြောင်းများဖြစ်ပြီး ယခင်က အခန်းများတွင် ပါဝင်သည့် တရားရေးဆိုင်ရာ ကုစားမှုများထက် သိသာစွာနည်းပါးသည်။

**(က) တရားရေး**

***(၁) ရာဇဝတ်သား***

» ရာဇဝတ်မှုတိုင်ကြားချက်ကို အမှုကို သတင်းရရှိသည့် မည်သူမဆို [၁၅၄] စတင် တိုင်ကြားနိုင်ပြီး တရားရုံးတွင် အမှုရင်ဆိုင်ခြင်း မပြုမီ ရဲက စစ်ဆေးသည်။ အမှု၏ အမြင့်ဆုံးပြစ် ဒဏ်ပေါ် မူတည်၍ မြို့နယ်တရားရုံး ( ၇ နှစ်ထောင်ဒဏ်အထိ)၊ ခရိုင်တရားရုံး သို့မဟုတ် (အထူးအခြေအနေတို့တွင်) ဗဟိုတရားရုံးတို့တွင် ကြားနာရသည်။

» မြန်မာစစ်တပ်နှင့်သက်ဆိုင်သော အမှုများကို စစ်ခုံရုံးတွင် ကြားနာရပြီး (အမှုများကို တာဝန်ထမ်းဆောင်နေစဉ်အတွင်းမကျူးလွန်သည့်အဖြစ်မှ လွဲ၍ စစ်ခုံရုံးတွင် ဆုံးဖြတ်သည်) (အခန်း ၄ တွင် ကြည့်ပါ)။

» ယခင်စစ်အစိုးရလက်ထက် (၂၀၁၁ ဇန်နဝါရီ ၃၁ ရက်နေ့ထိ) တွင် စစ်တပ်ကောင်စီများနှင့် ယခင်အစိုးရအဖွဲ့ဝင် များသည် တာဝန်ထမ်းဆောင်နေစဉ်အတွင်း အမှုကျူးလွန်ခဲ့ပါက အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေ ပုဒ်မခွဲ ၄၄၅ အရ ပြဋ္ဌာန်းခဲ့သည် (အခန်း ၄ တွင် ကြည့်ပါ)။

» ရဲအရာရှိများနှင့် ပတ်သက်သည့် အမှုများကို ရဲတရားရုံးတွင် ကြားနာလေ့ရှိသည် (အခန်း ၄ တွင် ကြည့်ပါ)။

***(၂) အရပ်သား***

» အရပ်သားအမှုများစီရင်ရာတွင် အရပ်သားတရားရုံးအနေဖြင့် နစ်နာကြေးငွေဖြင့် ပြီးဆုံးသင့်သည်ဟု ထင်မြင်ယူဆပါက " မည်သူမဆို အမှုကြောင့် နစ်နာမှု သို့မဟုတ် ဒဏ်ရာ ရရှိမှုများကို ကျူးလွန်သူအား ဒဏ်ရိုက်ခြင်းဖြင့် ရရှိသောငွေမှ " တရားရုံးသည် နစ်နာကြေးပေးလေ့ရှိသည်။[၁၅၅]

» ငွေလျော်ကြေးကို ခံရသူဘက်က တောင်းဆိုနိုင် သဖြင့် လိင်အကြမ်းဖက်မှုသည် အရပ်သားတရား ဥပဒေတွင် တရားမျှတမှု မရှိခြင်းကို မြင့်တက်စေသည်။ ကျူးလွန်သူသည် ပြည်နယ်အရာရှိဖြစ် ပါက ပြည်နယ်သည် သွယ်ဝိုက်၍ ဥပဒေအရ တာဝန်ရှိသည်။ သို့သော် ထိုလုပ်ရပ်များမှာ လက်တွေ့လုပ်ခြင်းမရှိသလောက် နည်းပါးသည်။

» အစိုးရအရာရှိများက လိင်အကြမ်းဖက်မှု ကျူးလွန်သူကို စုံစမ်းစစ်ဆေးရန်၊ တရားစီရင်ရန်နှင့် အပြစ်ပေးရန် ပျက်ကွက်မှုကြောင့် ပြည်သူများအပေါ် ပေါ့ဆမှုကို ဖြစ်စေ၍ တာဝန်ပျက်ကွက်မှု သို့မဟုတ် အခြေအနေကို မူတည်၍ အပြစ်ကျူးလွန်ခြင်းကို ဖြစ်စေသည်။

***(၃) ဖွဲ့စည်းပုံအခြေခံဥပဒေ***

» ၂၀၀၈ အခြေခံဥပဒေ အရ အချို့သောအခွင့်အရေးများကို တာဝန်ယူမှုရှိလာပြီး ဥပဒေပိုဒ်ခွဲ ၃၇၇ သည် အခြေခံဖြစ်လာခဲ့ကာ ခံရသူ၏ အခြေခံအခွင့်အရေးအား ဖောက်ဖျက်ခြင်းကို ဗဟိုတရားရုံးသို့ တိုက်ရိုက်တင်ပြပြီး ထိုအခွင့်အရေးများကို အားဖြည့်မြှင့်တင်ရန် အသုံးပြုနိုင်သည်။ သို့သော် ထိုလမ်းကြောင်း ကို လက်တွေ့အသုံးပြုနိုင်ခြင်းရှိမရှိ မသိနိုင်သေးပေ။ [၁၅၆] မြန်မာနိုင်ငံရှေ့နေများပြောကြားချက်အရ အမှုများမှာ အပိုင်း ခ (တရားရုံး၏ အခန်းကဏ္ဍ နည်းပါးခြင်း) တွင် ပါရှိသော အချက်များကြောင့် ဗဟိုတရားရုံးကို တိုက်ရိုက် သွားရောက်ခြင်းထက် သက်ဆိုင်ရာ အစိုးရကိုယ်စား လှယ်များက ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းကြသည်။ [၁၅၇] ဘဝနေထိုင်ခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ကျွန်ပြုခြင်းမှ လွတ်မြောက်ခြင်း၊ အတင်းအကျပ် ခိုင်းစေခြင်း ကဲ့သို့သော အခြားသက်ဆိုင်ရာ အခွင့်အရေးများကို ကာကွယ် ပေးသော်လည်း အခြေခံဥပဒေတွင် လိင်အကြမ်းဖက်မှု သို့မဟုတ် ညှဉ်းပန်းခြင်းကို တားမြစ်ခြင်းပါရှိသည်။ [၁၅၈]

» အရေးပေါ် အခြေအနေကို ကြေငြာသည့် နေရာမှလွဲ၍ ဓလေ့ထုံးတမ်းဆိုင်ရာ သာမန် ဥပဒေအမိန့်များကိုလည်း ၂၀၀၈ အခြေခံဥပဒေ[၁၅၉] တွင် ရရှိနိုင်သည်။[၁၆၀] ဥပဒေ တိုင်ကြားသော ဥပဒေများ အတွက် လုပ်ထုံးလုပ်နည်းများကို စနစ်တကျ ပေါင်းစုသည်။[၁၆၁] ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV) များတွင် အသုံးအဝင်ဆုံး အမိန့်စာသည် ဆင့်ခေါ်စာဖြစ်ပြီး ဖမ်းဆီးထားခြင်းကို တရားရေးအရ ပြန်လည်ဆန်းစစ်ကာ ဥပဒေနှင့်မညီပါက လွှတ်ပေးသည်။ ထိုသို့ ချုပ်နှောင်ထားခြင်းနှင့်ပတ်သက်၍ ၎င်းတို့သည် ဖမ်းခံထားရသူအပေါ် ခွဲခြားဆက်ဆံခြင်း [၁၆၂] "ဘဝ နေထိုင်မှုနှင့် ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်" ကို ခြိမ်းခြောက်မှုဟူ၍ စိန်ခေါ်ရန် အသုံးပြုနိုင်သည်။ [၁၆၃] ဥပမာအားဖြင့် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မှ မိသားစုဝင်များကိုယ်စား

စွပ်စွဲပြီး စစ်တပ်မှ တရားမဝင် ဖမ်းဆီးခြင်းခံခဲ့ရသော သူများကို ထိုသို့ ဆင့်ခေါ်စာအသုံးပြုခြင်းကို ပြုလုပ်ခဲ့ကြသည်။ [၁၆၄] သို့သော် ၂၀၁၁ တွင် ပြန်လည်ပြဌာန်းခဲ့ချိန်မှ စ၍ ဆင့်ခေါ်စာအသုံးပြုခြင်း ဖြစ်ရပ်နမူနာများသည် အောင်မြင်သည်ကို [၁၆၅] မတွေ့ရှိရဘဲ ထိုဆင့်ခေါ်စာကို အသုံးပြုခဲ့ကြသော ရှေ့နေများနှင့် ခံရသူများက

ပြည်နယ်အာဏာပိုင်များ၏ လက်တုံ့ပြန်ခြင်းကို ရင်ဆိုင်ကြရသည်။ [၁၆၆] ဤသည်မှာတရားစီရင်ပိုင်ခွင့် လွတ်လပ်မှုမရှိခြင်းကြောင့် အစိုးရ၊ အရာရှိများ သို့မဟုတ် ၎င်းတို့၏ အကျိုးစီးပွားကို စိန်ခေါ်သူများနှင့် သက်ဆိုင်သော အမှုများတွင် အဆိုးဆုံးဖြစ်ကြောင်း ထင်ရှားသည်။ [၁၆၇]

## (ခ) အလားတူတရားရေး နှင့် တရားရေးမဟုတ်သော

» မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ကို ၂၀၁၁ တွင် ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ တွင် နိုင်ငံတော်ဥပဒေထဲ တွင် ထည့်သွင်းခဲ့သည်။ [၁၆၈] အပြည့်အဝ လွတ်လပ်မှု ရှိသည်ဟု မသတ်မှတ်နိုင်သည့်အပြင် နိုင်ငံတော်အဖွဲ့အစည်းများ၏ အခြေအနေအပေါ် ပဲရစ်ကတိကဝတ်နှင့်လည်း ကိုက်ညီခြင်းမရှိပေ။ [၁၆၉] ၎င်းအဖွဲ့ဝင်များမှာ မြန်မာစစ်တပ်ကို တိုက်ရိုက် စွပ်စွဲသော လူ့အခွင့်အရေးအမှုများတွင် သက်သေအထောက်အထားမှာ အလွန် ခိုင်လုံနေလျှင် တောင်မှ မှတ်ချက် ပေးရန် သို့မဟုတ် စုံစမ်းရန် လုပ်လိုစိတ်မရှိသည် ကို တွေ့ရသည်။ [၁၇၀] အချို့ကိစ္စရပ်များတွင် တိုင်ကြားသူများကို လက်တုံ့ပြန်ခြင်း များရှိနေသည် (ဇယား ၃ တွင် ကြည့်ပါ)။ [၁၇၁] မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် တွင် အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်။

  » အကျဉ်းထောင်၊ အချုပ်နှင့် ထိန်းသိမ်းရေးစခန်းများကို သွားရောက်ခြင်းအပါအဝင် တိုင်တန်းမှုများကို စုံစမ်းစစ်ဆေးရန်နှင့် အကြံပြုချက်ပေးရန်[၁၇၂]

  » လျှို့ဝှက်စာရွက်စာတမ်းများနှင့် (ထိုစာရွက်စာတမ်းနှင့် သက်သေများ) ကို  ဖော်ထုတ်ပါက နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးကို ထိခိုက်နိုင်သည်မှလွဲ၍ စာရွက်စာတမ်း နှင့် သက်သေ ပေးရန်အတွက် လူများကို ဆင့်ခေါ်ရန် [၁၇၃]

  » ကျူးလွန်သူကို တရားဥပဒေအရ အရေးယူရန်နှင့် နစ်နာကြေးရရှိရေးအတွက် အကြံပြုရန်။[၁၇၄] အကြံပြုချက်များကို လျစ်လျူရှု ပါက အာဏာ တည်စေခြင်းကို မြှင့်တင်ရန် မည်သည့်လုပ်ပိုင်ခွင့်မှ မရှိတော့ပါ။

**ဇယား ၃။**
**မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးကော်မရှင်တွင် တိုင်ကြားသူများကို လက်တုံ့ပြန်ခြင်းများ**

၂၀၁၂ စက်တင်ဘာ ၁၃ တွင် စစ်သားများက အရပ်သား များကို တိုက်ခိုက်ခဲ့ရာ ၁၃ နှစ်အရွယ် ကျောင်းသူလေး ဂျာဆန်းအန်ကို သေနတ်ထိမှန် ခဲ့ပြီး ဒဏ်ရာရရှိခဲ့သည်။ ထိုညနေမှာပင် သေဆုံးခဲ့သည်။

စစ်တပ်က ခုံရုံးတင်စစ်ဆေးမှုပြုလုပ်ခဲ့ပြီး မိန်းကလေးသည် ကေအိုင်အေက ထောင်ခဲ့သော ဗုံးကြောင့်သေဆုံးရသည်ဟု အဖြေထုတ်ခဲ့သည်။ ၎င်း၏ဖခင် ဦးဘရန်ရှောင်က လူ့အခွင့် အရေးကော်မရှင်တွင် တိုင်ကြားခဲ့ပြီး သံသယရှိ သော ကျူးလွန်သူများကို စစ်ဆေးရန်နှင့် အပြစ်ပေးရန် တောင်းဆိုခဲ့သည်။ စစ်တပ်မှ ထိုတိုင်ကြားမှုကို သိရှိသွားပြီး ဦးဘရန်ရှောင်ကို တန်ပြန် တိုင်ကြားမှုပြုလုပ်ခဲ့သည်။[၁၇၅]

၎င်းကို နာကျင်စေလိုမှုဖြင့် မဟုတ်မမှန် စွပ်စွဲခြင်း အပြစ်နှင့် ရာဇသတ်ကြီးပုဒ်မ ၂၁၁ ဖြင့် တရားစွဲဆိုခဲ့သည်။ ၎င်း၏ ကြားနာစစ်ဆေးမှုကို သိသာစွာ အချိန်ဆွဲခြင်း၊  အဓိက မျက်မြင် သက်သေ (ဂျာဆန်းအန်ကို ကုသပေးခဲ့သော အစိုးရဆရာဝန်)၏ အံ့သြဖွယ်  ထွက်ဆိုမှု၊ တရားသူကြီး အစားထိုးခြင်းနှင့် ဦးဘရန်ရှောင်၏ ရှေ့နေကို စစ်တပ်မှ တရားရုံးတွင် ခြိမ်းခြောက်ခြင်းများဖြင့် အဖက်ဖက်မှ ဒုက္ခပေးခဲ့ သည်။ နောက်ဆုံးတွင် ၁၈ လကြာပြီးနောက် ၎င်းကို စီရင်ချက်ချခဲ့ပြီး ၎င်းအပြစ်မရှိကြောင်း ကန့်ကွက်ရာတွင် ထောင်ကျခြင်းမှ ရှောင်ရှားရန် ဒဏ်ငွေဆောင်ခိုင်းခဲ့သည်။ လူ့အခွင့်အရေး ကော်မရှင်သည် ၎င်း၏ သမီးအမှုကိုလည်း ပါဝင်ခြင်း မရှိသည့်အပြင် ၎င်းကို တရားစွဲဆိုရာတွင်လည်း ၎င်းကိုယ်စားပြု လုပ်ကိုင်ပေးခြင်းမရှိခဲ့ပေ။[၁၇၆]

» အမှုစစ်ရာတွင် များစွာသော စစ်ဘက်၊ ရဲဘက်နှင့် အစိုးရတို့က စုံစမ်းစစ်ဆေးရေးအဖွဲ့များကို လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် စစ်ဆေးရန် ဖွဲ့စည်းခဲ့သည်။ ၎င်းအဖွဲ့များသည် ဥပဒေပြုရေးအချက်များထက် ဌာနတွင်း စည်းကမ်း များ သို့မဟုတ် အစိုးရပြဌာန်းဥပဒေများ ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး လွတ်လပ်မှုမရှိခြင်း၊ သမာသမတ် မကျခြင်းနှင့် တာဝန်ယူမှုမရှိခြင်း[၁၇၇] နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အစိုးရဘက်မှ ငြင်းပေးခြင်း တို့ကြောင့် အလွန် ဝေဖန်ခံရသည်။ [၁၇၈] ထို့ပြင် အဆင့်မြင့်ကော်မရှင်များသည် လိင်အကြမ်းဖက်မှု

ဖြစ်နေသော သက်သေများ ရရှိသည့်အခါများမှာပင် လိင်အကြမ်းဖက်မှုဟု သတ်မှတ်ရန် အနည်းနှင့်အများ ပျက်ကွက်ခဲ့ကြသည်။ [၁၇၉]

» ဓလေ့ထုံးစံအားဖြင့် အရပ်သားလူ့အဖွဲ့ အစည်းများ သို့မဟုတ် စစ်ဘက်အရာရှိများ၊ ဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် လွှတ်တော် အဖွဲ့ဝင်များထံ စာပေးပို့သော အရပ်သားများက လက်မှတ်ရေးထိုးထားသော လူထုကမ်ပိန်း ထုတ်ပြန်ချက်များဖြင့်ကုစားမှုများကို ရှာဖွေကြပြီး အာဏာပိုင်များက ထိုအုပ်ချုပ်ရေး ပြဿနာများကို စောဒကတတက်မှုများအဖြစ်သာ သဘောထားကြသည်။ [၁၈၀] တရားရေးစနစ်နှင့် အခြားအဖွဲ့အစည်းများကို ယုံကြည်မှုမရှိသော အားနည်းချက်ကြောင့် ဤလုပ်ဆောင်ချက်များသည် ယနေ့အထိ ကျယ်ပြန့်စွာ ဆက်လက်ဖြစ်ပွားနေပြီး ဤအပြုအမူကို တိုင်ကြားသူများသည် လက်တုံ့ပြန်ခြင်းများ ခံကြရသည်။ [၁၈၁]

## ၂။ လူ့အခွင့်အရေးဆိုင်ရာ ဒေသတွင်းလုပ်ငန်းစဉ်များ

အာရှတိုက်တွင် လူ့အခွင့်အရေးစောင့်ကြည့်ရေး ဒေသဆိုင်ရာ ယန္တရား မရှိပေ။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ (အာဆီယံ) အဖွဲ့ဝင်ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် လူ့အခွင့်အရေးကြေငြာစာတမ်းကို ထုတ်ပြန် ခဲ့သည်။ သို့သော် ထိုကြေငြာစာတမ်းသည် ပြင်းပြင်းထန်ထန် ဝေဖန်ခံနေရပြီး အာဏာတည်ခြင်း လည်းမရှိပေ။[၁၈၂]

## ၃။ နိုင်ငံတကာ တာဝန်ခံနိုင်မှု လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံသည်ပြည်တွင်းရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာလုပ်ထုံးလုပ်နည်း နှင့် ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း တို့အပါအဝင် လူ့အခွင့်အရေး သဘောတူစာချုပ်များကို ချုပ်ဆိုထားခြင်းမရှိပေ။ သို့သော် အမျိုးသမီးများကို ခွဲခြားဆက်ဆံ ခြင်းပုံစံအားလုံးကို ဖယ်ရှားခြင်းဆိုင်ရာ ကော်မတီ**CEDAW**၊ ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်း("CRC") နှင့် ဒုတိယ လုပ်ထုံးလုပ်နည်း (လက်မှတ်ထိုးခဲ့သော်လည်း ပထမ တစ်ခုဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးများ နှင့်ပတ်သက်၍ လုပ်ဆောင်မှုကို အတည်မပြု နိုင်ခဲ့ပေ)၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာလုပ်ထုံး လုပ်နည်း၊ မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်း ("CRPD") တို့တွင် အဖွဲ့ဝင်မဟုတ်ပေ။

### (က)တရားရေး

» တရားရေးဆိုင်ရာ လူ့အခွင့်အရေးတရားရုံးများသည် ဒေသအပြင်ဘက်အဆင့်တွင် မရှိပေ။

### (ခ) အလားတူတရားရေး

» မြန်မာနိုင်ငံသည် ၎င်းအဖွဲ့ဝင်အဖြစ်ပါရှိထားသော လူ့အခွင့်အရေး သဘောတူစာချုပ်များတွင် မည်သည့် စာချုပ်နှင့်ပတ်သက်သော တိုင်ကြားမှု များကိုမျှ လက်ခံခြင်းမရှိပေ။

» ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်ထုံးလုပ်နည်းများထဲမှ တစ်ခုဖြစ်သည့် အာဏာရှင်ဆန်သည့် အကျဉ်းချမှုအပေါ် ကုလသမဂ္ဂ လုပ်ဆောင်ရေး အဖွဲ့သည်လည်း အကျဉ်းချခံထားရချိန်တွင် ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (CARSV) ကို ခံရသူများကိုယ်စား သို့မဟုတ် ခံရသူများ ကိုယ်တိုင် လာရောက်နိုင်သော အလားတူတရားရေးလုပ်ငန်းစဉ်များ ရှိနေသည်။ [၁၈၃]

### (ဂ) တရားရေးမဟုတ်သော

» မြန်မာနိုင်ငံသည် ၎င်းအဖွဲ့ဝင်အဖြစ်ပါရှိထားသော ကုလသမဂ္ဂလူ့အခွင့်အရေးသဘောတူစာချုပ်များတွင် မည်သည့် စုံစမ်းစစ်ဆေးမှုများကိုမျှ လက်ခံခြင်းမရှိပေ။

» သို့သော် မြန်မာနိုင်ငံသည် ၎င်းအဖွဲ့ဝင်အဖြစ်ပါရှိထားသော ကုလသမဂ္ဂလူ့အခွင့်အရေးသဘောတူ စာချုပ်များကို အကောင်အထည်ဖော်ရာတွင် ကြီးကြပ်သော အဖွဲ့များကို အခါအားလျော်စွာ အစီရင်ခံစာတင်ရမည်။ အစိုးရ မဟုတ်သော အရင်းအမြစ်များအတွက် ကော်မတီထံ သတင်းအချက်အလက် ပေးနိုင်ရန် အခွင့်အလမ်းကိုရစေပြီး ကော်မတီအနေဖြင့် လူ့အခွင့်အရေးကိစ္စရပ်များအပေါ်တွင် အပြန်အလှန် ဆွေးနွေးခြင်းဖြင့် နိုင်ငံကို မေးခွန်းထုတ်နိုင်သည်။

» အရေးပေါ်လျှောက်လဲချက်များနှင့် ထွက်ဆိုချက်စာများ ကို လုပ်ဆောင်နေဆဲ ဖြစ်သော အထူးသတင်းထောက်များနှင့် လုပ်ဆောင်ရေးအဖွဲ့များထံ တင်ပြနိုင်သည်။ ဤသို့ပြု လုပ်ခြင်းသည် အချို့သောစာချုပ်ကို အတည်ပြုရန် သို့မဟုတ် အချို့သော လုပ်ထုံးလုပ်နည်းကို လက်ခံရန် မလိုအပ်ဘဲ အလိုအလျောက် အကျုံးဝင်စေသည် (ဤလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ပိုမိုသိရှိလို ပါက လုပ်ထုံးလုပ်နည်း ၂ စာမျက်နှာ ၃၅ ကိုကြည့်ပါ)။

» ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် မြန်မာ အစိုးရ၏ လုပ်ဆောင်ချက်များကို စိစစ်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာ လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသတင်းထောက်များနှင့် ၂၀၁၇ အောက်တိုဘာလ နှင့် ဒီဇင်ဘာလများတွင် မြန်မာနိုင်ငံရှိ အထူး အစည်းအဝေးများဖြင့် အခြားဆွေးနွေး ပွဲများကို လုပ်ဆောင်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် လျှို့ဝှက် တိုင်ကြားချက် အစီအစဉ်ကို ထားရှိပြီး အလွန်ဆိုးသော

အဖြစ် အပျက်များ ဆက်တိုက်ဖြစ်နေသော ယုံကြည်နိုင်မှသောအထောက်အထားများရှိသော လူ့အခွင့်အရေးများ အားလုံးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံး ချိုးဖောက်ခြင်းကို ရင်ဆိုင်ပေးသည်။ လူ့အခွင့်အရေး ချိုးဖောက်ခံရသူ သို့မဟုတ် ထိုချိုးဖောက်မှုကို နိုင်လုံစွာ သိရှိရသော တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့မှဖြစ်စေ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းမှဖြစ်စေ တိုင်ကြားနိုင်သည်။ [၁၉၄]

## ၄။ စုံစမ်းစစ်ဆေးရေးနှင့် အချက်အလက်ရှာဖွေခြင်းအဖွဲ့များ

» ယနေ့အချိန်အထိ နိုင်ငံတကာ တာဝန်ယူမှု အတွက် အခိုင်မာဆုံး ဖြစ်နိုင်ခြေကို မြန်မာနိုင်ငံရှိ ကမ္ဘာ့ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး စီမံချက် (အောက်ပါ ဇယား ၄ကို ကြည့်ပါ) ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဖန်တီးခဲ့သည်။ ကော်မရှင်တွင် မြန်မာနိုင်ငံကို တရားဝင်တာဝန်ယူအောင် လုပ်နိုင်သော အခွင့်အာဏာမရှိသော်လည်း ကျူးလွန်သူများ၏ တာဝန်ယူနိုင်မှု အပြည့်အဝနှင့် ခံရသူများအတွက် တရားမျှတမှုကို သေချာစေရန် အမြင်ဖြင့် လုပ်ပိုင်ခွင့်ကို ရေးသားထားသည်။[၁၉၅] လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် နိုင်ငံအဆင့်မှသည် လူတစ်ဦးချင်းစီ၏ တာဝန်ယူမှု ကောက်ချက်ချနိုင်ပြီး နိုင်ငံတကာ လုပ်ဆောင်မှု လူ့အဖွဲ့အစည်းအား အကြံပြုချက်များကို ပေးနိုင် သည်။

## ၅။ နိုင်ငံတကာနှင့် ဖက်စပ် တရားရုံးများနှင့် ခုံရုံးများ

» မြန်မာနိုင်ငံသည် နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး ("ICC") ၏ ရောမစာချုပ်၏ နိုင်ငံအဖွဲ့ဝင် ဖြစ်သည်။ နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး၏ ဥပဒေပြဌာန်းရေး ကို မြင့်တင်ရန် အတွက် (အတည်ပြုလက်မှတ်ထိုးခြင်း က နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးအနေဖြင့် ရောမ စာချုပ်ကို မြန်မာနိုင်ငံတွင် လုပ်ဆောင်လာသော နေ့မ တိုင်မီ ဖြစ်ခဲ့သော အမှုများကို မစီရင်နိုင်သော်လည်း ဆိုလိုသည်မှာ - အတည်ပြုလက်မှတ်ထိုးခြင်းသည် ရှေ့ဖြစ်ရပ်များနှင့် မသက်ဆိုင်တော့သော်လည်း) ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် (ရောမ စာချုပ်ကို မြန်မာနိုင်ငံတွင် လုပ်ဆောင်လာ သော ၂၀၀၂ ဇူလိုင် ၁ ရက်နေ့မတိုင်မီ လွှဲပြောင်းပေးလိုက်သူက ပြန်လည် သက်ဝင်အောင် လုပ်နိုင်စွမ်းရှိသည့်) တရားစီရင်ရေး ရုံးကို အခြေအနေအား တင်ပြခွင့်ရှိသည်။ သို့မဟုတ် မြန်မာနိုင်ငံသည် မြန်မာနိုင်ငံတွင် ကျူးလွန်သော အမှုများအား ဥပဒေ ပြုခြင်း သို့မဟုတ် ကျူးလွန်သူများကို (ကြေငြာချက်သည် ၂၀၀၂ ဇူလိုင် ၁ ရက်နေ့တွင် ပြန်လည်သက်ဝင်အောင် လုပ်နိုင်စွမ်းရှိသည့်) ဥပဒေ ပြုခြင်းကို လက်ခံသော ရောမစာချုပ်ကြေငြာချက် ပုဒ်မ ၁၂ (၃) ကို ပြုလုပ်ခဲ့သင့်သည်။

**ဇယား ၄။ မြန်မာနိုင်ငံတွင်းရှိ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး လုပ်ဆောင်ချက်**

၂၀၁၇ မေလတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် နိုင်ငံတကာ အချက်အလက်ရှာဖွေရေး စီမံချက်ကို အရေးပေါ်လွှတ်လိုက်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ကမ္ဘာ့ကုလသမဂ္ဂ လွတ်လပ်သော ဆုံးဖြတ်ချက် ၃၄/၂၂ ကို သဘောတူလက်ခံခဲ့သည်။ ထိုလုပ်ပိုင်ခွင့်အာဏာကို မြန်မာနိုင်ငံရှိ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် အာဏာဖြင့် ချုပ်နှောင်ထားခြင်း၊ ညှဉ်းပန်းခြင်းနှင့် လူမဆန်သော ဆက်ဆံမှု၊ မုဒိမ်းမှုနှင့် လိင်အကြမ်းဖက်မှုများ၊ တရားဥပဒေပြင်ပလုပ်ရပ်များ၊ နှုတ်ပိတ်သတ်ဖြတ်ခြင်း သို့မဟုတ် အာဏာဖြင့် သတ်ဖြတ်ခြင်း၊ အတင်းအကျပ်ခြေရာ ဖျောက်စေခြင်း၊ အတင်းအကျပ် နေရပ်ရွှေ့ပြောင်းစေခြင်းနှင့် တရားဥပဒေနှင့်မညီသော အိုးအိမ်စည်းစိမ်ဖျက်ဆီးမှု တို့ကို ကျူးလွန်သူများမှ တာဝန်အပြည့်အဝယူရေးနှင့် ခံရသူများမှ တရားမျှတမှုရရှိရေးကို သေချာစေသော အမြင်ဖြင့် စစ်တပ်နှင့် လုံခြုံရေးတပ်များက ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများ၏ အချက်အလက်များနှင့် အခြေအနေများကို ဖော်ပြသည်။[၁၉၆] မြန်မာနိုင်ငံရှိ ကမ္ဘာ့ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေး စီမံချက်(UNFFM)အနေဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်ကို ရခိုင်ပြည်နယ်အပြင် ကချင် ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းအပါအဝင် အခြားအပိုင်းများတွင် ချိုးဖောက်မှုများကိုလည်း စစ်ဆေးနိုင်ရန် တိုးချဲ့မည်ဟု ဆိုသည်။ ကမ္ဘာ့ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေး စီမံချက်(UNFFM) ၏ အတွင်းဝန်များရုံးတွင် လိင်အကြမ်းဖက်မှုနှင့် ကျားမ အခြေပြုအကြမ်းဖက်မှုများကို အထူးပြုကျွမ်းကျင်သော ကျားမရေးရာအကြံပေးပုဂ္ဂိုလ်တစ်ဦးကို ထည့်သွင်းထားသည်။

ကမ္ဘာ့ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး စီမံချက်(UNFFM) ၏ လုပ်ပိုင်ခွင့်ကို ၂၀၁၇ စက်တင်ဘာလ တွင် တိုးချဲ့ခဲ့ပြီး ၂၀၁၈ မတ်လတွင် ကြားဖြတ် အစီရင်ခံစာကို တင်ပြမည်ဖြစ်ကာ အဆုံးသတ် အစီရင်ခံစာကို ၂၀၁၈ စက်တင်ဘာလတွင် တင်ပြမည်။

ယနေ့အထိ မြန်မာအစိုးရသည် ကမ္ဘာ့ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေး စီမံချက်(UNFFM) နှင့် ပူးပေါင်းလုပ်ဆောင်ခြင်း သို့မဟုတ် နယ်ပယ်များအတွင်းသို့ ဝင်ရောက်ရန် ခွင့်ပြုခြင်းမရှိ သဖြင့် မြန်မာနိုင်ငံမှ ထွက်ပြေးလာသော ခံရသူ ဒုက္ခသည်များကို မေးမြန်းခြင်းအပါအဝင် စုံစမ်းစစ်ဆေးမှုများကို နိုင်ငံပြင်ပတွင် လုပ်ဆောင်လျှက်ရှိသည်။[၁၉၇]

» နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး ICC ၏ တရားရေး အခြားလမ်းကြောင်းတစ်ခုမှာ ကျူးလွန်သူသည် တတိယနိုင်ငံ၏

နိုင်ငံသားဖြစ်နေသည့်အခါတွင် ဖြစ်သည်။ ထိုတတိယနိုင်ငံသည် မြန်မာနိုင်ငံတွင် ကျူးလွန်သူက ၂၂၀ ဇူလိုင် ၁ ရက်မှစ၍ ကျူးလွန်သော အမှုများနှင့် ပတ်သက်၍ ကြေငြာချက် ပုဒ်မ ၁၂(၃) ကို လျှောက်ထားသော သို့မဟုတ် ပါဝင်ထားသော နိုင်ငံဖြစ်ပါက နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး ICC က ထိုကျူးလွန်သူကို စစ်ဆေး၍ စီရင်ရန် ဥပဒေအရအာဏာရှိမည်ဖြစ်သည်။

## ၆။ တတိယနိုင်ငံများတွင် လုပ်ဆောင်ခြင်း - ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့်အပါအဝင် နယ်ပယ်ချဲ့ထွင်တရားစီရင်ပိုင်ခွင့် [၁၈၈]

» နိုင်ငံအများစုတွင် ကျူးလွန်သူများကို ၎င်းတို့၏ နိုင်ငံအတွင်း စီရင်ရန်လိုအပ်သော်လည်း မြန်မာနိုင်ငံအတွင်းတွင် လွတ်ငြိမ်းခွင့်ကို အပြည့်အဝနီးပါးပေးထားသဖြင့် မြန်မာနိုင်ငံပြင်ပ ရှိ ကျူးလွန်သူများကို အမှုအခင်း ပြုလုပ်ရာတွင် အခြားနိုင်ငံတို့တွင် ပြဋ္ဌာန်းသော တစ်လောကလုံးတရားစီရင်ပိုင်ခွင့် ကို အသုံးပြု ကောင်းပြုမည်။

ဥပမာအားဖြင့် ၂၀၀၂ ခုနှစ်တွင် မြန်မာစစ်တပ်၏ လက်ထဲတွင် အတင်းအကျပ်ခိုင်းစေခြင်း အပါအဝင် လူ့အခွင့်အရေးချိုးဖောက်ခံရသည့် မြန်မာနိုင်ငံမှ ခံရသူသားကောင် ၆ ဦးသည် ဘယ်လ်ဂျီယံနှင့် ပြင်သစ်တို့တွင် မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော ပြင်သစ်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ Total ကို တိုင်ကြားခဲ့ကြသည်။ "စိတ်ဓာတ်ပိုင်း၊ ငွေကြေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် စစ်ဘက်ဆိုင်ရာ အကူအညီများပေးရန် တာဝန်ယူထားသည့် မြန်မာစစ်တပ်၏ တပ်ရင်းနှင့် နီးကပ်စွာ ပူးပေါင်းနေသော ပိုက်လိုင်း စီမံကိန်းတွင် ကုမ္ပဏီခွဲမှ ကျူးလွန်သူများဖြစ်သဖြင့် "လူ့အခွင့်အရေးချိုးဖောက်မှုကို မကြာခဏ စနစ်တကျပြုလုပ်ခြင်း" အတွက် မြန်မာစစ်တပ်မှ တာဝန်ရှိသည်။ [၁၈၉] တရားစီရင်ရေး လိုအပ်ချက် အပြောင်းအလဲများ ကြောင့် ဘယ်လ်ဂျီယံ၏ အမှုအခင်းလုပ်ဆောင်မှု သည် ၂၀၀၈ တွင် ပိတ်ခဲ့ရသည်။ အတင်းအကျပ်ခိုင်းစေခြင်းသည် ပြင်သစ်ဥပဒေ တွင် အမှုမဟုတ်သဖြင့် ပြင်သစ်၏ အမှုအခင်း လုပ်ဆောင်မှုကို ၂၀၀၆ တွင် ပယ်ဖျက်ခဲ့ရသည်။ [၁၉၀]

၂၀၁၅ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး လည်းဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ကို စစ်ရာဇဝတ်မှုများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ညှဉ်းပန်းမှုများအတွက် ဆွစ်ဇာလန်တွင် တိုင်ကြားခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို ကို ဆွစ်ဇာလန်နယ်ပယ်အတွင်း အပြစ်ကင်းလွတ် ခွင့်ပေးခြင်းဖြင့် ကာကွယ်ပေးခဲ့သောကြောင့် တိုင်ကြားချက်ကို ဆက်လက် မလုပ်ဆောင် နိုင်ခဲ့ပေ။[၁၉၁]

ထို့အတူ အရပ်သားကိစ္စများကို နယ်ပယ်ပြင်ပ တရားစီရင်ရေးအတွက် သတ်မှတ်ထားသော ဥပဒေတွင် အရပ်သားတိုင်ကြားမှုများကို ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု CARSV ကြုံရာပါဖြစ်ခြင်း သို့မဟုတ် တာဝန်ရှိခြင်းတို့ကို ဖြစ်စေသော အခြေခံအဆောက်အအုံအတွက်သာ သတ်မှတ် ကောင်း သတ်မှတ်တတ်ကြသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ပဋိပက္ခဒေသ သို့မဟုတ် အခြားဒေသတွင် လုပ်ဆောင်နေသော ကုမ္ပဏီများကို လူ့အခွင့်အရေး ချိုးဖောက်ခြင်းနှင့် နိုင်ငံတကာ ရာဇဝတ်မှုများကို ကျူးလွန်သည့်အပေါ် တိုင်ကြား ချက်များသည် ထိုကုမ္ပဏီများကို ရလဒ်ကောင်း ရရှိနိုင်သည်။

ဥပမာ ၁၉၉၆ ခုနှစ်တွင် မြန်မာတစ်စုသည် မြန်မာစစ်တပ်မှ အတင်းအကျပ်ခိုင်းစေခြင်း၊ သတ်ဖြတ်ခံရခြင်း၊ မုဒိမ်းမှုနှင့် ညှဉ်းပန်းမှု အပါအဝင် လူ့အခွင့်အရေးချိုးဖောက်ခြင်းကို ခံရသူများဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုရှိ ယူနိကယ် Unocal ကို တိုင်းတစ်ပါးသား တရားမနစ်နာမှု တိုင်တန်းချက်ဥပဒေဖြင့် တိုင်ကြားခဲ့သည်။ အဖွဲ့များက စစ်ဆေးခဲ့ပြီး " ယူနိကယ် Unocal အနေဖြင့် ပိုက်လိုင်းသွယ်တန်းသော ဒေသမှ ပြည်သူများ၏ အခွင့်အရေးနှင့် နေထိုင်မှုဘဝကို မြှင့်တင်ရန် မြန်မာနိုင်ငံရှိ စီမံကိန်းများတွင် ရံပုံငွေထောက်ပံ့ပြီး တရားလိုများကို နစ်နာကြေးများ ပေးရန် သဘောတူသည်" ဟူသော တရားရုံးစီရင်ချက်ကို ချမှတ်ခဲ့သည်။[၁၉၂] အမှုကို ၂၀၀၅ ခုနှစ်တွင် ပိတ်ခဲ့သည်။

(ဃ) တာဝန်ယူနိုင်မှု လမ်းကြောင်း ဇယား

| ပြည်တွင်းအဆင့် | | |
|---|---|---|
| **တစ်ဦးချင်း တာဝန်ယူမှု** | **နိုင်ငံ တာဝန်ယူမှု** | **နှစ်ခုလုံး** |
| ***တရားရေး***<br><br>ရာဇဝတ်တရားရုံး - မြန်မာနိုင်ငံတွင် (စစ်တပ်အတွက် အသုံးမပြုသော) - သို့မဟုတ် တစ်လောကလုံးတရားစီရင်ပိုင်ခွင့်ကို လက်ခံကျင့်သုံးသော တတိယနိုင်ငံ<br>စစ်တရားရုံး<br>ရဲတရားရုံး<br>***တရားရေးမဟုတ်သော*** | ***တရားရေး***<br><br>*၂၀၀၈ အခြေခံဥပဒေအရ အခွင့်အရေးများကို အာဏာတည်စေသောအားဖြင့် ပုဒ်မ ၃၇၇ ကို နိုင်ငံတော်တရားရုံးချုပ်တွင် အသုံးပြုခြင်း*<br>*ဆင့်ခေါ်စာ ကို ဥပဒေအရ ရေးသားခွင့်ပြုခြင်း* | ***တရားရေး***<br><br>မြန်မာနိုင်ငံရှိ တရားမနစ်နာမှုကို အရပ်သားမှ တိုင်ကြားခြင်း သို့မဟုတ် နယ်မြေအပြင်ဘက် တရားစီရင်ပိုင်ခွင့်ကို လက်ခံကျင့်သုံးသော တတိယနိုင်ငံမှ တိုင်ကြားခြင်း<br>***အလားတူတရားရေး နှင့် တရားရေးမဟုတ်သော***<br>မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် စုံစမ်းစစ်ဆေးရေး ကော်မရှင်များ စစ်တပ်၊ ဝန်ကြီးများ၊ ဝန်ကြီးဌာနများ နှင့် လွှတ်တော်ကိုယ်စားလှယ်များ အရပ်သားလူမှုရေးအဖွဲ့များမှ လူထု လှုံ့ဆော်ပွဲထုတ်ပြန်ချက်များ |

| နိုင်ငံတကာအဆင့် | | |
|---|---|---|
| **တစ်ဦးချင်း တာဝန်ယူမှု** | **နိုင်ငံ တာဝန်ယူမှု** | **နှစ်ခုလုံး** |
| ***တရားရေး***<br><br>နိုင်ငံတကာ ရာဇဝတ်တရားရုံး (ကုလသမဂ္ဂ လုံခြုံရေး ကောင်စီမှ လွှဲပြောင်းပေးခြင်း၊ ကိုယ်တိုင်လွှဲပြောင်း ပေးခြင်း (အလွန်ဖြစ်နိုင်ခြေမရှိသော်လည်း) သို့မဟုတ် အခြားနိုင်ငံမှ ၎င်း၏ နိုင်ငံသားနှင့် ပတ်သက်၍ စစ်ဆေးပေးရန် လွှဲပြောင်းပေးခြင်း) | ***အလားတူတရားရေး နှင့်***<br>အာဏာရှင်ဆန်ဆန် ဖမ်းဆီး ချုပ်နှောင်မှုများဆိုင်ရာ ကုလသမဂ္ဂ လုပ်ဆောင်ရေးအဖွဲ့<br>***တရားရေးမဟုတ်သော***<br>ကုလသမဂ္ဂအထူးလုပ်ငန်းစဉ်များ (မြန်မာနိုင်ငံရှိ အထူးကိုယ်စားလှယ်များ အပါအဝင် အထူးကိုယ်စားလှယ်များနှင့် လုပ်နေသော အဖွဲ့များ)[၁၉၃]<br>အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်း ပုံစံအားလုံးကိုဖယ်ရှားခြင်းဆိုင်ရာ ကော်မတီ နှင့်<br>ကလေးသူငယ်အခွင့်အရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတို့ကို အစီရင်ခံသော အဖွဲ့ဝင်နိုင်ငံ<br>ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ<br>ကမ္ဘာလုံးဆိုင်ရာ အကဲဖြတ်စာတမ်း<br>ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံတွင်းအထူးလုပ်ငန်းစဉ်များ<br>ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ | ***တရားရေးမဟုတ်သော*** |

| | | |
|---|---|---|
| | တိုင်ကြားရေးလုပ်ထုံးလုပ်နည်း | |

| နိုင်ငံတကာအဆင့်နှင့် ဖက်စပ် တရားရုံးများနှင့် စစ်ခုံရုံးများ | | |
|---|---|---|
| **တစ်ဦးချင်း တာဝန်ယူမှု** | **နိုင်ငံ တာဝန်ယူမှု** | **နှစ်ခုလုံး** |
| ***တရားရေး***<br><br>နိုင်ငံတကာအဆင့်နှင့် ဖက်စပ် တရားရုံးများနှင့် စစ်ခုံရုံးများ ဖြစ်လာနိုင်ခြေ (ယခုအချိန်တွင် မဖြစ်နိုင်) | | |

# အခန်း ၄။ မြန်မာနိုင်ငံဥပဒေအရ ရာဇဝတ်မှုဆိုင်ရာ တစ်ဦးချင်းတာဝန်ယူမှု

လက်ရှိ မြန်မာနိုင်ငံတွင် တစ်ဦးချင်း အမှုဆိုင်ရာ တာဝန်ယူမှုကို ရရှိရန် သိသာထင်ရှားသော အခက်အခဲများရှိ သော်လည်း (အခန်း ၂ နှင့် ၃ တွင် ကြည့်ပါ) အချို့သော ချွင်းချက်အမှုများ - ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုများကို ပြည်တွင်းဥပဒေအောက်တွင် စီရင်သည်။ အောက်ပါ အခန်းသည် ပြည်တွင်းရာဇဝတ်မှုဥပဒေအခြေအနေ နှင့် နိုင်ငံတကာစံသတ်မှတ်ချက်များအရ ချို့ယွင်းချက်အချို့ကို မီးမောင်းထိုးပြထားသည်။ ဤအခန်းကို (၁) ဥပဒေများ ပြန်လည်ပြုပြင်ရန် အတွက် လုပ်ငန်းစဉ် နှင့် (၂) အနာဂတ်တွင် တာဝန်ယူမှုပိုမိုမြင့်မားလာစေရန် အခြေအနေပြောင်းလဲခြင်း ရှိစေရန် ဟူသော ရည်ရွယ်ချက် နှစ်ခုဖြင့် လုပ်ဆောင်ထားခြင်းဖြစ်သည်။ ဥပဒေသည် ပြောင်းလဲတတ်ပြီး လက်ရှိဥပဒေ အခြေအနေကိုလည်း ဂရုပြုပြီး စစ်ဆေးသင့်ကြောင်း မှတ်သားသင့်သည်။

## (က) ဥပဒေဖွဲ့စည်းပုံ

၁၉၄၉ ဂျီနီဗာညီလာခံ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း မြန်မာနိုင်ငံဥပဒေသည် စစ်ရာဇဝတ်မှုများကို ရာဇဝတ်မှုအဖြစ် မသတ်မှတ်ပေ။ မြန်မာနိုင်ငံဥပဒေသည် လူသားချင်းစာနာ ထောက်ထားမှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုတို့ကို ရာဇဝတ်မှုအဖြစ် မသတ်မှတ်ပေ။ ရာဇသတ်ကြီးပုဒ်မ ၃၃၀ နှင့် ၃၃၁ (ဖွင့်မပြောရန် သို့မဟုတ် ပစ္စည်းဥစ္စာပြန်လည်ထိန်းသိမ်းမှု မပြုနိုင်ရန် ခြိမ်းခြောက်မှုအဖြစ် နာကျင်မှု/ ပြင်းပြင်းထန်ထန် ဒဏ်ရာရစေမှုကို တမင်ဖြစ်စေခြင်း) ကို ဤ အမှု၏ အခြားကိစ္စရပ်များကို စီရင်နိုင်သော်လည်း ညှဉ်းပန်းမှုကို ရာဇဝတ်မှုအဖြစ် မသတ်မှတ်ပေ။

အခန်း ၂ (မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်မှုကို နားလည်ခြင်း) တွင် ဖော်ပြထားသည့်အတိုင်း ၂၀၀၈ အခြေခံဥပဒေသည် ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှု ဆိုင်ရာ လိင်အကြမ်းဖက်မှုများအတွက် စစ်တပ်မှ တာဝန်ယူမှုရှိရန် သိသာထင်ရှားသော အခက်အခဲများကို ဖြစ်စေသည်။

ပထမအချက်မှာ ၂၀၀၈ အခြေခံဥပဒေ၏ ပုဒ်မ ၄၄၅ အရ ယခင်စစ်အုပ်ချုပ်ရေး၏ အဖွဲ့ဝင်များ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အစိုးရအဖွဲ့ဝင်များကို ၎င်းတို့ အုပ်ချုပ်ခဲ့စဉ်အတွင်း ( ၂၀၁၁ ဇန်နဝါရီ ၁ ရက်နေ့တွင် တရားဝင် အဆုံးသတ်ခဲ့သည်) ကျူးလွန်ခဲ့သော အမှုများအားလုံး အား တရားစီရင်မှုကင်းလွတ်ခွင့်ပေးထားခြင်းဖြစ်သည်။[၁၉၄]

ဒုတိယအချက်မှာ ထိုအချိန်မှစ၍ ကျူးလွန်ခဲ့သော ချိုးဖောက်မှုများအတွက် ၂၀၀၈ အခြေခံဥပဒေသည် စစ်တပ်ဝန်ထမ်းများ ကျူးလွန်ခဲ့သော အမှုများသည် " စစ်ခုံရုံးစနစ်ရှိ [၁၉၅] စစ်တရားရုံးများတွင်သာ ဆုံးဖြတ်ရမည် ဖြစ်ပြီး ထိုသို့သော ကိစ္စရပ်များအတွက် ကာကွယ်ရေး အဖွဲ့များ စစ်သေနာပတိ၏ ဆုံးဖြတ်ချက်က အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။[၁၉၆] ဥပဒေအရ ကာကွယ်ရေးအဖွဲ့များသည် လက်နက်ကိုင် တပ်ဖွဲ့များနှင့် သက်ဆိုင်သည့် ကိစ္စရပ်များတွင် လွတ်လပ်စွာ စီမံ စစ်ဆေးဆုံးဖြတ်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ [၁၉၇] စစ်တပ်၏ တရားမျှတမှု ရှိမရှိကို နိုင်ငံတော်တရားရုံးချုပ်မှ စစ်ဆေးလေ့ မရှိပေ။

၁၉၅၉ ကာကွယ်ရေးတပ်များအက်ဥပဒေအရ လူသတ်မှု၊ အပြစ်မကင်းသော သတ်ဖြတ်မှုနှင့် မုဒိမ်း မှုအပါအဝင် အမှုများကို တာဝန် ထမ်းဆောင်နေစဉ် သို့မဟုတ် မြန်မာနိုင်ငံပြင်ပ သို့မဟုတ် သမ္မတက စေလွှတ်သော နယ်ခြားဒေသတွင် ကျူးလွန်ခဲ့ပါက စစ်တရားရုံးတွင် ကြားနာစစ်ဆေးရသည်။ [၁၉၈] "တာဝန် ထမ်းဆောင်နေစဉ်" ဟူသော စကားလုံးသည် အလွန်ကျယ်ပြန့်ပြီး "ထိုပုဂ္ဂိုလ်သည် ရန်သူအား တိုက်ရန်အတွက် စစ်ဘက်ဆိုင်ရာ လုပ်ငန်းစဉ်များကို လုပ်ဆောင်နေသောအဖွဲ့ တစ်ဖွဲ့နှင့် ဆက်စပ်နေသော သို့မဟုတ် ပါဝင်နေသော အချိန်" ကို ဆိုလိုသည်။[၁၉၉]

ထို့ကြောင့် သဘောတရားအရ ထိုအမှုများကို အရပ်သားတရားရုံးသို့ လွှဲပြောင်းရန်မှာ စစ်တပ်အရာရှိများက ထိုစစ်သားသည် တာဝန် ထမ်းဆောင်နေခြင်း [၂၀၀] မဟုတ်ဟူသော အမြင်ဖြင့် သဘောထားဆက်ဆံသည့် အခြေအနေတွင်သာ ဖြစ်နိုင်သည်။ ၂၀၁၆ မေလတွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်း ပုံစံအားလုံးကို ဖယ်ရှားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း ကော်မတီသို့ တင်ပြသော အစီရင်ခံစာ၌ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းများစွာသည် စစ်တပ်ဝန်ထမ်းများက အရပ်သားများကို လူ့အခွင့် အရေး ချိုးဖောက်မှု ကျူးလွန်သည့်အခါတွင် အရပ်သား တရားရုံးများတွင် စီရင်သင့်ကြောင်း ဖိအားပေးကြ သည်။ [၂၀၁] ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီအရ စစ်တရားရုံးများအနေဖြင့် စစ်တပ်ဝန်ထမ်းများကို တရားစီရင်နိုင်ခြင်းအပါအဝင် ကိစ္စရပ်အားလုံးတွင် လုပ်ဆောင်နိုင်သည့် ကျယ်ပြန့်သော တရားစီရင် ပိုင်ခွင့်သည် ပြင်းထန်သော လူ့အခွင့် အရေး ချိုးဖောက်မှုများအတွက် အပြစ်ပေးရာတွင် ၎င်းဝန်ထမ်းများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်မှု ကို ဖြစ်စေကြောင်း တွေ့ရှိရသည်။ [၂၀၂] လွတ်ငြိမ်းချမ်းသာခွင့် စည်းမျဉ်းစည်းကမ်းများအပေါ် ကုလသမဂ္ဂ၏ နောက်ဆုံးတင်ပြချက်တွင် ဖော်ပြထားသည်မှာ စစ်ခုံရုံးများ၏ တရားစီရင်ပိုင်ခွင့်ကို စစ်တပ်ဝန်ထမ်းမှ ကျူးလွန်သော စစ်ဘက်ကာကွယ်ရေး အမှုများအတွက်သာ သီးသန့်ကန့်သတ်ရမည်ဖြစ်ပြီး လူ့အခွင့် အရေး ချိုးဖောက်မှုများအတွက် ချန်ထားခဲ့ ကာ ပုံမှန်ပြည်တွင်းတရားရုံးများ သို့မဟုတ် သင့်တော်သောနေရာများတွင် နိုင်ငံတကာဥပဒေ နှင့် ထိုက်တန်သော ပြင်းထန်သော အမှုများတွင် နိုင်ငံတကာနှင့် နိုင်ငံတကာရာဇဝတ်မှုတရားရုံးများမှ တရားစီရင်ခွင့်ပေးရမည်ဟု ဆိုသည်။ [၂၀၃]

မြန်မာအစိုးရသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၆ ဇန်နဝါရီလ အတွင်း စစ်သားများက ကျူးလွန်ခဲ့သော လိင်အကြမ်း ဖက်မှု ၃၇ မှုကို တင်ပြခဲ့ပြီး စစ်တပ်မှ စီရင်ပြီးနောက် အရပ်သားတရားရုံးသို့ လွှဲပေးခဲ့သည်။ [၂၀၄] ဥပမာ - ၂၀၁၄ ခုနှစ်တွင် ရှမ်းပြည်နယ်မှ ၁၄ နှစ်အရွယ် မသန်စွမ်း ကချင်မိန်းကလေးကို စစ်သားတစ်ဦးက မုဒိမ်းကျင့်သော အမှုကြီးတွင် ပြည်သူလူထုမှ ဖိအားပေးတောင်းဆိုခဲ့ကြသည့် အမှုတွင် ထိုသို့ လုပ်ဆောင်ပေးခဲ့သည်။ [၂၀၅] သို့သော် ထိုအမှုမျိုးသည် ချွင်းချက်အခြေအနေတွင် သာ ဖြစ်ပြီး "တာဝန် ထမ်းဆောင်နေစဉ်" ဟူသော စကားလုံးသည် အလွန်ကျယ်ပြန့်ပြီး ဆိုလိုသည်မှာ အမှုများကို စစ်တရားရုံးမှ [၂၀၆] အမြဲဆုံးဖြတ်မည်ဟု သဘောရပြီး အခြေခံဥပဒေအရ နောက်ဆုံး ဆုံးဖြတ်ချက်ကို တာဝန်ထမ်းဆောင်နေစဉ် ဟုတ်မဟုတ်ဟူသော အချက်ကို ကိုင်၍ လုပ်ပိုင်ခွင့်ရှိသည်။ [၂၀၇]

| ဇယား ၅။ စစ်တပ်၏ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုအတွက် တရားမဲ့မှုများ |
|---|
| စစ်တရားရုံးများတွင် လွတ်လပ်ခြင်း သို့မဟုတ် သမာသမတ်ကျခြင်း မရှိဘဲ လျှို့ဝှက်သော စည်းမျဉ်းစည်းကမ်းများဖြင့် တိတ်တဆိတ် လုပ်ဆောင်ကာ ခံရသူများကို အသိပေးလေ့ မရှိသည့်အပြင် ကျူးလွန်သူကို တာဝန်ယူခိုင်းရန် ပျက်ကွက်သည်ကိုတွေ့ရှိရသဖြင့် နိုင်ငံအရာရှိများသည် ၎င်းတို့ကို ၎င်းတို့ ဥပဒေ၏ အထက်တွင် ရှိသည်ဟု ယုံကြည်ကြသည်။ [၂၀၈] ထို့အတူ ရဲများက ချိုးဖောက်မှုများကို ရာဇဝတ်မှုဥပဒေအရ စီရင်ခြင်းမရှိဘဲ မြန်မာရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ အပြစ် အနေဖြင့်သာ ဆုံးဖြတ်လေ့ရှိသည်။ [၂၀၉] အရာရှိများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြန်တမ်းဝင်အရာရှိများနှင့် ဖွဲ့စည်းထားသော ရဲတရားရုံးမှ စစ်ဆေးသည်။ ထိုသို့သော တရားရုံးများသည် လွတ်လပ်ခြင်း သို့မဟုတ် သမာသမတ်ကျခြင်း မရှိဘဲ ကျူးလွန်သူများကို တာဝန်ယူမှုမှ ရှောင်ပြေးစေနိုင်သည်။ အက်ဥပဒေအရ ပေးသော အပြစ်ဒဏ်များသည် ရာဇသတ်ကြီးပုဒ်မတွင် ပါရှိသော ပြစ်ဒဏ်များထက် ပိုမိုလျော့ ပေါ့တတ်သည်။ [၂၁၀] |

ထိုသို့သော အမှုများကို ပြည်သူ့တရားရုံးသို့ လွှဲပြောင်းသင့်ပြီး ရဲစည်းမျဉ်းစည်းကမ်းဖြင့် ထပ်မံစစ်ဆေးသင့်သော်လည်း လက်တွေ့တွင်မူ ရဲအရာရှိများက အမှုကို ပိတ်ရန် ညှိနှိုင်းလေ့ရှိကြသည်။

### (ခ) မြန်မာနိုင်ငံဥပဒေအရ လိင်အကြမ်းဖက်မှု

မြန်မာနိုင်ငံရာဇသတ်ကြီးပုဒ်မဖြင့် ဖမ်းဆီးသော လိင်အကြမ်းဖက်မှုများသည် သက်ဆိုင်ရာ သဘောတူစာချုပ်နှင့် ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာဥပဒေများတွင် ပါရှိသော နိုင်ငံတကာ ဥပဒေများနှင့် အလွန်ကွာခြားသည်။

ပြည်တွင်းအမှုများသည် နိုင်ငံတကာအမှုများ၏ ပုံမှန် သို့မဟုတ် အခြေအနေဆိုင်ရာ အချက်အလက်များဖြင့် သက်သေပြရန် မလိုအပ်ပေ။ ထို့ပြင် ပြည်တွင်းအမှုများသည် ကျားမအခြေပြုအမှုများဖြစ်ပြီး ကျားမစံထားမှုဆိုင်ရာ လူမှုသဘောထားများ တန်ဖိုးများနှင့် သက်ဆိုင်သဖြင့် ပြည်တွင်းအမှုအများ စုသည် ခံရသူ ကျားမကွဲပြားခြင်း သို့မဟုတ် ကျူးလွန်သူများအပေါ်တွင်လည်း တူညီမှုမရှိဘဲ ခံရသူ အမျိုးသားဖြစ်သည့်အမှု၊ ကျူးလွန်သူအမျိုးသမီး ဖြစ်သည့်အမှု စသည်ဖြင့် ခွဲခြားဆက်ဆံခြင်းရှိသည်။ မြန်မာနိုင်ငံဥပဒေသည် နိုင်ငံတကာဥပဒေနှင့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများမှ (CARSV နှင့် ပတ်သက်၍) ကွဲပြားပုံ ကို အောက်တွင် (စာလုံးအပြာ ဖြင့်) ဖော်ပြထားသည်။

အမျိုးသမီးများကို အကြမ်းဖက်ခြင်းမှ ကာကွယ်ရေးနှင့် တားဆီးရေးဆိုင်ရာ ဥပဒေမူကြမ်းကို ၂၀၁၄ ဒီဇင်ဘာ တွင် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ လူမှုဖူလုံရေးဌာနက ရေးသားခဲ့သည်။ ထိုမူကြမ်းကို ပြန်လည်စစ်ဆေးမှု လုပ်ငန်းစဉ်အဆင့်ဆင့် လုပ်ဆောင်ခဲ့ကြ သော်လည်း လွှတ်တော်သို့ [၂၁၁] မတင်ပြရသေးဘဲ ၂၀၁၈ ဖေဖော်ဝါရီအထိ လက်ရှိမူကြမ်းကို မကြေငြာနိုင်သေးပေ။ ၂၀၁၅ ခုနှစ်တွင် ထွက်ရှိသော လူမျိုးနှင့်ဘာသာဥပဒေကို အင်အားလျော့စေသည်ဟူသော ထင်မြင်ချက်ဖြင့် ဗုဒ္ဓဘာသာအမျိုးသားရေးလှုပ်ရှားမှုများ၏ ဆန့်ကျင်မှုကြောင့် မူကြမ်း၏ စာပိုဒ်များသည် အပိုင်းလိုက် အပိုင်းလိုက် ရှုပ်ထွေးလျှက်ရှိသည် ( အခန်း ၂ (မြန်မာနိုင်ငံတွင် လိင်အကြမ်းဖက်မှုကို နားလည်ခြင်း အပိုင်း က တွင် ကြည့်ပါ)။[၂၁၂]

ရာဇသတ်ကြီးပုဒ်မတွင် ပါရှိသော အချက်များကို ကိုးကားထားခြင်းမှအပ အခြားအချက်များ မပါဝင်ပေ။

| လိင်အကြမ်းဖက်မှု |
|---|
| **ပုဒ်မ ၃၇၅ - မုဒိမ်းမှု**<br>အမျိုးသားတစ်ဦးသည် အချို့သောချင်းချက်ကိစ္စများမှလွဲ၍ အောက်ပါ အချက် ၅ ချက်ဖြင့် ကျရောက်သော အခြေအနေတွင် အမျိုးသမီး တစ်ဦးကို လိင်ဆက်ဆံလျှင် (၁) သူ၏ ဆန္ဒမပါဘဲ (၂) သဘောတူညီချက် မပါဘဲ (၃) သေဆုံးရန် သို့မဟုတ် ထိခိုက်နာကျင်ရန် ကြောက်ရွံ့သဖြင့် သဘောတူညီချက် ပေးသည့်အခါ (၄) အမျိုးသားက သူ၏ လင်ယောကျ်ားမဟုတ်သည်ကို သိရှိနေသော်လည်း အမျိုးသမီးက သူနှင့်တရားဝင်လက်ထပ်ထားသော လင်ယောကျ်ားဟု ယုံကြည်၍ သဘောတူညီချက်ပေးသည့်အခါ (၅) သဘောတူညီချက်ပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ အသက် ၁၆ နှစ်အောက်ဖြစ်နေသည့်အခါ တို့တွင် မုဒိမ်းမှုမြောက်သည်။<br>ရှင်းလင်းချက် - မုဒိမ်းမှုဖြစ်ကြောင်း ပေါ်လွင်ရန်မှာ လိင်ဆက်ဆံမှုဖြစ်မြောက်သည်အထိ ထိုးသွင်းခြင်းဖြစ်ရန် လိုအပ်သည်။<br>ချွင်းချက် - မိမိ၏ဇနီးမယားနှင့် လိင်ဆက်ဆံခြင်းသည် ဇနီးမယားက ၁၅ နှစ်အောက် မဟုတ်ပါက မုဒိမ်းမှုမမြောက်ပေ။<br><br>**မှတ်ချက် -** ဥပဒေသည် အမျိုးသမီးများနှင့် မိန်းကလေးများကို မုဒိမ်းမှု ကာကွယ်ရန်သာ ပြဋ္ဌာန်းထားပြီး ဥပဒေသည် အမျိုးသမီး ကျူးလွန်သူများအတွက် မပါဝင်ပေ။ လိင်ဆက်ဆံခြင်းကို အမျိုးသမီးအင်္ဂါတွင်းသို့ လိင်တံထိုးထည့်ခြင်းတစ်ခုတည်းကိုသာ သတ်မှတ်ထားပြီး (အခြားအရာဝတ္ထု သို့မဟုတ် လက်ဖြင့် ထိုးသွင်းခြင်း) [၂၃] မပါဝင်သည့်အပြင် ပါးစပ်ဖြင့် လိင်ဆက်ဆံခြင်းကဲ့သို့ ထိုးသွင်းခြင်းမပါဝင်သော အခြားပုံစံများကိုလည်း မကာမိပေ။ ထိုပြစ်မှုများသည် ကာယအိန္ဒြေပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စော်ကားမှုစသည့် ပိုမိုသေးငယ် သော ပြစ်မှုဖြင့် ဖုံးထားနိုင်သည်။ လင်မယားချင်းမုဒိမ်းကျင့်မှုကို ချန်လှပ်ထားခြင်းသည် နိုင်ငံတကာစံသတ်မှတ် ချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု CARSV ကိစ္စရပ်များတွင် အတင်းအကျပ်လက်ထပ်စေမှုများသည် အထူးသဖြင့် ပြဿနာဖြစ်နေသည်။ |
| **ပုဒ်မ ၃၅၄ - ကာယအိန္ဒြေပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စော်ကားမှု**<br>"မည်သည့်အမျိုးသမီးကိုမဆို သူ၏ ကာယအိန္ဒြေကို ပျက်ပြားစေနိုင်ကြောင်း သိလျက်နှင့် သော်လည်းကောင်း ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း စော်ကားပါက သို့မဟုတ် အမှုကျူးလွန်ပါက.."<br>**မှတ်ချက် -** မြန်မာနိုင်ငံတွင် ကာယအိန္ဒြေပျက်ပြားစေခြင်းသည် ကျားမရေးရာကိစ္စဖြစ်ပြီး အမျိုးသားက အမျိုးသမီးကိုသာ ကျူးလွန်နိုင် သည်။ [၂၄] အပြစ်ဒဏ်သေးငယ်သော်လည်း ( ထောင် ၂ နှစ်ချခြင်း သို့မဟုတ် ဒဏ်ငွေတပ်ခြင်း သို့မဟုတ် နှစ်ခုလုံး) ဤအမှုသည်ပုဒ်မ ၃၇၅ ဖြင့် ကာကွယ်ပေးထားခြင်းမရှိသည့်မုဒိမ်းမှု၏ အခြားပုံစံများဖြစ်သည့် ပါးစပ်ကို မုဒိမ်းကျင့်ခြင်း၊ အရာဝတ္ထုတစ်ခုခုဖြင့် မုဒိမ်းကျင့်ခြင်း ကို ကာကွယ်ပေးထားသည်။ တရားစွဲဆိုရာတွင် ပြစ်မှုမြောက်သော လုပ်ဆောင်မှုနှင့်အတူ ပုဒ်မ ၃၅၄ ၏ အဓိကလိုအပ်ချက်များ အသုံးပြုခြင်းကို သက်သေပြနိုင်ရမည်ဖြစ်ပြီး ကျူးလွန်ရန် ခြိမ်းခြောက်မှုထက် အမှန်တကယ် ကိုင်တွယ်မှုပါဝင်ရသည်။ [၂၅] စီရင်ထုံးဥပဒေတွင် ဤပုဒ်မအတွင်း အောက်ပါအချက်များ ပါဝင်သည် ဟု ဆုံးဖြတ်သည် - အမျိုးသမီးကို ဖက်ခြင်း သို့မဟုတ် နမ်းခြင်း၊ [၂၆] လိင်မှုဆိုင်ရာ အပြုအမူဖြင့် ဖမ်းဆွဲခြင်း[၂၇] နှင့် ၄ နှစ်အရွယ် မိန်းကလေး၏ လိင်အင်္ဂါကို ကိုင်တွယ်ခြင်း [၂၈] တို့ပါဝင်သည်။ ဤပြစ်မှုအတွက် သဘောတူညီချက်ပေးနိုင် သည့် အရွယ်မှာ ၁၂ နှစ် ဖြစ်သည်။ [၂၉] |
| **ပုဒ်မ ၂၇၇ - ဓမ္မတာနှင့် ဆန့်ကျင်သည့် လိင်ဆက်ဆံမှု**<br>"အမျိုးသားနှင့်ဖြစ်စေ အမျိုးသမီးနှင့်ဖြစ်စေ တိရစ္ဆာန်နှင့်ဖြစ်စေ **ဓမ္မတာနှင့် ဆန့်ကျင်သည့် လိင်ဆက်ဆံမှုကို မိမိ သဘော အလျောက်ပြုသူ**"<br>**မှတ်ချက် - ဓမ္မတာနှင့် ဆန့်ကျင်သည့် လိင်ဆက်ဆံမှုကို ထိုထက်ပို၍ ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းမရှိသော် လည်း လူပုဂ္ဂိုလ်၏ စအို (အမျိုးသား သို့မဟုတ် အမျိုးသမီး) ကို သဘောတူညီမှုရှိလျှင်တောင်မှ လိင်တံဖြင့်ထိုးသွင်းခြင်းကိုသာ ပါဝင်သည်။ [၃၀] လိင်တူဆက်ဆံခြင်းကို ပြစ်မှုအဖြစ် သတ်မှတ်ခြင်းသည် ကျူးလွန်ခံရသူအမျိုးသားများအတွက် သဘောတူညီမှုမရှိကြောင်း သက်သေမပြနိုင်ရန် ကြောက်ရွံ့သဖြင့် လိင်အကြမ်းဖက်မှုကို တိုင်ကြားရန် အခက်အခဲတစ်ရပ်ဖြစ်သည်။** |

**ပုဒ်မ ၃၆၆ - အမျိုးသမီးကို အတင်းအကျပ်လက်ထပ်ခိုင်းရန် ပြန်ပေးဆွဲခြင်း၊ အဓမ္မခေါ်ဆောင်ခြင်း၊ ဖြားယောင်းခြင်း**

"အမျိုးသမီးကို သူ၏ ဆန္ဒနှင့်ဆန့်ကျင်၍ တစ်စုံတစ်ဦးကို လက်ထပ်ရန် အတင်းအကျပ်ခိုင်းစေရန်၊ သို့မဟုတ် လိင်ဆက်ဆံရန် အတင်းအကျပ်ခိုင်းစေခြင်း သို့မဟုတ် ဖြားယောင်းခြင်း ပြုရန်အတွက်၊ သို့မဟုတ် လိင်ဆက်ဆံရန် အတင်းအကျပ်ခိုင်းစေခြင်း သို့မဟုတ် ဖြားယောင်းခြင်း ပြုခံရမည်ကို သိလျက်နှင့် ထိုရည်ရွယ်ချက်ဖြင့် ပြန်ပေးဆွဲခြင်း သို့မဟုတ် အဓမ္မခေါ်ဆောင်ခြင်းပြုသူ မည်သူမဆို။ ဤပုဒ်မတွင် ပါရှိသော ခြိမ်းခြောက်သောနည်းဖြင့် သို့မဟုတ် အာဏာအလွဲသုံးမှုဖြင့် သို့မဟုတ် မလုပ်မနေလုပ်စေသော အခြားနည်းဖြင့် အမျိုးသမီးတစ်ဦးကို အခြား လူပုဂ္ဂိုလ်တစ်ဦးနှင့် လိင်ဆက်ဆံရန် အတင်းအကျပ်ခိုင်းစေခြင်း သို့မဟုတ် ဖြားယောင်းခြင်း ပြုခံရမည်ကို သိလျက်နှင့်ဖြစ်စေ ပြုခံရရန် ဖြစ်နိုင်သည်ကို သိလျက်နှင့်ဖြစ်စေ တစ်နေရာမှ အခြားတစ်နေရာသို့ သွားရန် ဖြားယောင်းသည့် မည်သူမဆို။"

**ပုဒ်မ ၅၀၉ - အမျိုးသမီး၏ ကာယအိန္ဒြေကို စော်ကားရန် ရည်ရွယ်သော စကားလုံး၊ အပြုအမူနှင့် လုပ်ဆောင်မှု**

"**အမျိုးသမီး၏** ကာယအိန္ဒြေကို စော်ကားရန် ရည်ရွယ်၍ စကားတစ်ခွန်းပြောခြင်း၊ အသံ သို့မဟုတ် အပြုအမူလုပ်ခြင်း သို့မဟုတ် အရာဝတ္ထုတစ်ခုခုပြခြင်းဖြစ်စေ ထိုစကားလုံး သို့မဟုတ် အသံကို ကြားစေရန် ရည်ရွယ်၍ သို့မဟုတ် ထိုအပြုအမူ သို့မဟုတ် အရာဝတ္ထုကို မြင်စေရန် ရည်ရွယ်၍ ထိုအမျိုးသမီး တစ်ကိုယ်တည်း ရှိနေသည့်နေရာသို့ ကျူးကျော်သော မည်သူမဆို"

ကလေးသူငယ်များကို လိင်အကြမ်းဖက်မှု

**ဥပဒေအရ မုဒိမ်းမှုမြောက်ခြင်း** - ပုဒ်မ ၃၇၅ တွင်ကြည့်ရန် - မိန်းကလေးသည် အသက် ၁၆ နှစ်အောက်ဖြစ်ပါက လိင်ဆက်ဆံမှုကို သဘောတူညီခြင်းသည် အကျုံးမဝင်ပေ။ [၂၂၁]

မှတ်ချက် - ဤအချက်သည် ကျူးလွန်ခံရသူ အမျိုးသားများအတွက် မပါဝင်ပေ။

**ကာယအိန္ဒြေပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စော်ကားမှု - ပုဒ်မ ၃၅၄ တွင် ကြည့်ပါ** - ဤပြစ်မှုအတွက် သဘောတူညီချက်ပေးနိုင်သည့် အရွယ်မှာ ၁၂ နှစ် ဖြစ်သည်။

ပုဒ်မ ၃၆၆ က - **သက်ငယ်ကိစ္စ စီမံဆောင်ရွက်ခြင်း**

မည်သည့်နည်းဖြင့်ဖြစ်စေ အသက် ၁၈ နှစ်အောက် သက်ငယ်မိန်းကလေးတစ်ဦးကို ထိုမိန်းကလေးကို အခြား လူပုဂ္ဂိုလ်တစ်ဦးနှင့် လိင်ဆက်ဆံရန် အတင်းအကျပ်ခိုင်းစေခြင်း သို့မဟုတ် ဖြားယောင်းခြင်း ပြုခံရမည်ကို သိလျက်နှင့်ဖြစ်စေ ပြုခံရရန် ဖြစ်နိုင်သည်ကို သိလျက်နှင့်ဖြစ်စေ တစ်နေရာမှ အခြားတစ်နေရာသို့ သွားရန် ဖြားယောင်းသည့် မည်သူမဆို။

**ပုဒ်မ ၃၇၂- အရွယ်မရောက်သေးသူကို ပြည့်တန်ဆာကိစ္စ စသည်များ အလို့ငှာ ရောင်းမှု**

**ပုဒ်မ ၃၇၃- အရွယ်မရောက်သေးသူကို ပြည့်တန်ဆာ ကိစ္စ စသည်များအလို့ငှာ ဝယ်မှု**

" ပြည့်တန်ဆာကိစ္စအလို့ငှာ ဖြစ်စေ၊ တစ်ဦးတစ်ယောက်သောသူနှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန် ကိစ္စအလို့ငှာဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်သည့် အကျင့်ဖောက်ပြားသော ကိစ္စအလို့ငှာဖြစ်စေ မည်သည့် အသက်အရွယ်၌မဆို စေခိုင်းရန်၊ သို့တည်းမဟုတ် အသုံးပြုရန် အကြံဖြင့်သော်လည်းကောင်း၊ အဆိုပါကိစ္စ တစ်ခုခုအလို့ငှာ ထိုသို့စေခိုင်းခြင်း ခံရမည်ဖြစ်တန်ရာသည်ကို၊ သို့မဟုတ် ထိုသို့အသုံးပြုခြင်း ခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ အသက် ဆယ့်ရှစ်နှစ်အောက် ရှိသူအား ဝယ်ယူသည့်၊ သို့မဟုတ် ငှားယူသည့်၊ သို့မဟုတ် အခြားနည်းဖြင့် လက်ရှိ ရယူသည့် မည်သူမဆို"

ဤပုဒ်မ၏ ရည်ရွယ်ချက်အရ " အကျင့်ဖောက်ပြားသော ကိစ္စ" ဟူသည် "တရားဝင် ထိမ်းမြားခြင်းဖြင့်သော်လည်းကောင်း၊ တရားဝင် ထိမ်းမြားခြင်း မမြောက်သော်လည်း သက်ဆိုင်ရာ လူမျိုးတို့၏ မျိုးရိုးဘာသာ ဥပဒေအရဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ သက်ဆိုင်သူတို့သည် လူမျိုးစုကွဲများဖြစ်လျှင် ထိုလူမျိုးနှစ်စုတို့၏ မျိုးရိုးဘာသာ ဥပဒေအရ ဖြစ်စေ၊ ဓလေ့ထုံးစံအရ ဖြစ်စေ၊ ထိမ်းမြားခြင်း မြောက်သကဲ့သို့ အသိအမှတ်ပြုသော စုံဖက်ခြင်းဖြင့်၊ သို့တည်းမဟုတ် နှောင်ဖွဲ့ခြင်းဖြင့် သော်လည်းကောင်း ပေါင်းဖက်ခြင်းမဟုတ်သော ကာမစပ်ယှက်ခြင်း" ကို ဆိုလိုသည်။

**ကလေးသူငယ်ဥပဒေ ၁၉၉၃၊ ပုဒ်မ ၆၅။ ။အကျင့်စာရိတ္တကို ပျက်ပြားစေနိုင်သော အလုပ်ကို လုပ်ကိုင်ရန် ကလေးသူငယ်ကို အလုပ်ခန့်အပ်ခြင်း။**

**ကလေးသူငယ်ဥပဒေ ၁၉၉၃၊ ပုဒ်မ ၆၆။ ။ပြည့်တန်ဆာလုပ်ငန်းတွင် လုပ်ကိုင်ရန် ကလေးသူငယ်ကို ခွင့်ပြုခြင်း သို့မဟုတ် ကလေးသူငယ် ညစ်ညမ်း ရုပ်ရှင်၊ ဗွီဒီယို၊ ရုပ်မြင်သံကြား၊ ဓါတ်ပုံရိုက်ကူးခြင်းတို့တွင် အသုံးပြုခြင်း။**

မိမိအုပ်ထိန်းမှုအောက်ရှိ တစ်စုံတစ်ယောက်ကို ပြည့်တန်ဆာလုပ်ငန်းတွင် လုပ်ကိုင်ရန် ခွင့်ပြုခြင်း၊ ကလေးသူငယ်ကို တမင်တကာ နှိပ်စက်ခြင်း သို့မဟုတ် ကလေးသူငယ်ကို ညစ်ညမ်းရုပ်ရှင်၊ ဗွီဒီယို၊ ရုပ်မြင်သံကြား၊ ဓါတ်ပုံရိုက်ကူးခြင်းတို့တွင် အသုံးပြုခြင်းတို့သည် (တခြားအရာများအနက်) ပြစ်မှုမြောက်သည်။

အခြားဆက်စပ် ပြစ်မှုများ

**လူသတ်မှုနှင့် ရာဇဝတ်ဒဏ်ထိုက်သော သေစေမှုတို့၏ ရာဇသတ်ကြီးပုံစံများ**

ပုဒ်မ ၂၉၉။ ။ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု

ပုဒ်မ ၃၀၀။ ။လူသတ်မှု

ပုဒ်မ ၃၀၁။ ။မိမိသေစေရန် ကြံရွယ်သောသူ မသေဘဲ အခြားသူတစ်ဦးဦး သေဆုံးစေသည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု

ပုဒ်မ ၃၀၄-က။ ။ပေါ့လျော့ခြင်းဖြင့်သေစေမှု

ပုဒ်မ ၃၁၄။ ။ကိုယ်ဝန်ပျက်စေရန်အကြံနှင့် ပြုသော ပြုလုပ်မှုဖြင့် သေစေခြင်း

**ကိုယ်ထိလက်ရောက် ကျူးလွန်မှု ရာဇသတ်ကြီး ပုံစံများ**

ပုဒ်မ ၃၁၉။ ။နာကျင်စေမှု

ပုဒ်မ ၃၂၀။ ။အပြင်းအထန် နာကျင်စေမှု (အပြင်းအထန်နာကျင်စေမှုတွင် (၁) လူကို သင်းကွပ်ခြင်း၊ (၂) လူ၏ မျက်စိတစ်ဖက်ဖက်ကို အမြဲမမြင်အောင်ပြုခြင်း၊ (၃) လူ၏ နားတစ်ဖက်ဖက်ကို အမြဲမကြားအောင်ပြုခြင်း၊ (၄) ကိုယ်လက်အင်္ဂါ အဆစ်အမျက်တစ်ခုခု ကျိုးပဲ့ပျက်စီးအောင် ပြုခြင်း၊ (၅) ကိုယ်လက်အင်္ဂါ အဆစ်အမျက် တစ်ခုခု၏ အင်အားကို ဖျက်ဆီးခြင်း။ သို့တည်းမဟုတ် အမြဲချို့တဲ့အောင် ပြုခြင်း၊ (၆) ဦးခေါင်းကိုဖြစ်စေ၊ မျက်နှာကိုဖြစ်စေ၊ အမြဲ အရုပ်ဆင်းပျက်အောင် ပြုခြင်း၊ (၇) အရိုးကို သို့မဟုတ် သွားကို ကျိုးအက် ကွဲအောင်ဖြစ်စေ၊ တိမ်းလွဲအောင်ဖြစ်စေ ပြုခြင်း၊ (၈) အသက်ကို အန္တရာယ်ဖြစ်စေအောင်၊ သို့တည်းမဟုတ် ရက်ပေါင်းနှစ်ဆယ်အတွင်း ကိုယ်အင်္ဂါအပြင်းအထန် ဝေဒနာခံရအောင်၊ သို့တည်းမဟုတ် ရက်ပေါင်းနှစ်ဆယ်အတွင်း မိမိလုပ်ဆောင်မြဲ အလုပ်အကိုင်တို့ကို မလုပ်ကိုင်နိုင်အောင် နာကျင်စေခြင်းတို့ ပါဝင်သည်။)

ပုဒ်မ ၃၂၃။ ။မိမိအလိုအလျောက် နာကျင်စေမှု/ ပုဒ်မ ၃၂၂။ ။မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု

ပုဒ်မ ၃၂၄။ ။ဘေးဖြစ်စေတတ်သော လက်နက်ဖြင့်၊ သို့တည်းမဟုတ် နည်းဖြင့် မိမိအလိုအလျောက် နာကျင်စေမှု/ ပုဒ်မ ၃၂၆။ ။။ဘေးဖြစ်စေတတ်သော လက်နက်ဖြင့်၊ သို့တည်းမဟုတ် နည်းဖြင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု

ပုဒ်မ ၃၂၇။ ။ပစ္စည်းကို ခြောက်လှန့်တောင်းရန်ဖြစ်စေ၊ ဥပဒေနှင့် မညီသော ပြုလုပ်မှုကို ပြုစေခြင်းငှာ အတင်းအဓမ္မပြုရန်ဖြစ်စေ မိမိအလိုအလျောက် နာကျင်စေမှု

ပုဒ်မ ၃၂၈။ ။ပြစ်မှုကျူးလွန်ရန် ကြံရွယ်၍ အဆိပ်စသည်များဖြင့် နာကျင်စေမှု

ပုဒ်မ ၃၂၉။ ။ပစ္စည်းကို ခြောက်လှန့်တောင်းရန်ဖြစ်စေ၊ ဥပဒေနှင့် မညီသော ပြုလုပ်မှုကို ပြုစေခြင်းငှာ အတင်းအဓမ္မပြုရန်ဖြစ်စေ မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု

ပုဒ်မ ၃၃၀။ ။ခြောက်လှန့်၍ ဖြောင့်ချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကို ပြန်ပေးအောင် အတင်းအဓမ္မ ပြုလုပ်ရန်ဖြစ်စေ မိမိအလိုအလျောက် နာကျင်စေမှု/ ပုဒ်မ ၃၃၁။ ။ခြောက်လှန့်၍ ဖြောင့်ချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကို ပြန်ပေးအောင် အတင်းအဓမ္မ ပြုလုပ်ရန်ဖြစ်စေ မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု

ပုဒ်မ ၃၃၂။ ။ပြည်သူ့ဝန်ထမ်းအား တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ ဟန့်တားရန် မိမိအလိုအလျောက် နာကျင်စေမှု/ ပုဒ်မ ၃၃၃။ ။ပြည်သူ့ဝန်ထမ်းအား တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ ဟန့်တားရန် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု

| |
|---|
| ပုဒ်မ ၃၃၄။ ။ဒေါသထွက်အောင် ပြုမှုကြောင့် မိမိအလိုအလျောက် နာကျင်စေမှု/ ပုဒ်မ ၃၃၅။ ။ဒေါသထွက်အောင် ပြုမှုကြောင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု<br>ပုဒ်မ ၃၃၆။ ။အခြားသူ၏ အသက်ကို သို့တည်းမဟုတ် လုံခြုံရေးကို ဘေးဖြစ်စေသော ပြုလုပ်မှု<br>ပုဒ်မ ၃၃၇။ ။အခြားသူ၏ အသက်ကို သို့တည်းမဟုတ် လုံခြုံရေးကို ဘေးဖြစ်စေသော ပြုလုပ်မှုတစ်ခုခုကို ပြုခြင်းဖြင့် နာကျင်စေမှု/ ပုဒ်မ ၃၃၈။ ။အခြားသူ၏ အသက်ကို သို့တည်းမဟုတ် လုံခြုံရေးကို ဘေးဖြစ်စေသော ပြုလုပ်မှုတစ်ခုခုကို ပြုခြင်းဖြင့် အပြင်းအထန် နာကျင်စေမှု<br>ပုဒ်မ ၃၅၂။ ။အကြီးအကျယ်ဒေါသထွက်အောင် ပြုမှုကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့်ဖြစ်သော လက်ရောက်မှုအတွက် သို့တည်းမဟုတ် ရာဇဝတ် မကင်းသော အနိုင်အထက် ပြုမှုအတွက် ပြစ်ဒဏ်<br>ပုဒ်မ ၃၅၃။ ။တာဝန်ဝတ္တရား ဆောင်ရွက်ခြင်းမှ ပြည်သူ့ဝန်ထမ်းကို ဟန့်တားရန် လက်ရောက်မှု ကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုခြင်း<br>ပုဒ်မ ၃၅၅။ ။အကြီးအကျယ် ဒေါသထွက်အောင် ပြုမှုကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့် တစ်ဦးတစ်ယောက်သော သူအား အရှက်တကွဲ အကျိုးနည်း ဖြစ်စေရန် အကြံဖြင့် လက်ရောက်မှု ကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုခြင်း<br>ပုဒ်မ ၃၅၆။ ။တစ်ဦးတစ်ယောက်သောသူ သယ်ယူလာသော ပစ္စည်းကို ခိုးယူရန် အားထုတ်ရာတွင် လက်ရောက်မှု ကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုခြင်း<br>ပုဒ်မ ၃၅၇။ ။တစ်ဦးတစ်ယောက်သောသူကို မတရားချုပ်နှောင်ထားရန် အားထုတ်ရာတွင် လက်ရောက်မှုကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုခြင်း<br>ပုဒ်မ ၃၅၈။ ။အကြီးအကျယ် ဒေါသထွက်အောင် ပြုမှုခံရ၍ လက်ရောက်မှုကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုခြင်း |
| **တရားမဝင် ဖမ်းချုပ်ထိန်းသိမ်းခြင်းနှင့် ဆက်စပ်သော ရာဇသတ်ကြီး ပြဋ္ဌာန်းချက်များ**<br>ပုဒ်မ ၃၄၁။ ။မတရား ဖမ်းချုပ်ထားမှုအတွက် ပြစ်ဒဏ်<br>ပုဒ်မ ၃၄၂။ ။မတရား ချုပ်နှောင်ထားမှုအတွက် ပြစ်ဒဏ် (ပုဒ်မ ၃၄၃။ ။သုံးရက် သို့တည်းမဟုတ် သုံးရက်ထက်ပို၍ မတရားချုပ်နှောင်ထားမှုအတွက် ပြစ်ဒဏ်။ ပုဒ်မ ၃၄၄။ ။ဆယ်ရက် သို့တည်းမဟုတ် ဆယ်ရက်ထက်ပို၍ မတရား ချုပ်နှောင်ထားမှုအတွက် ပြစ်ဒဏ်။)<br>ပုဒ်မ ၃၄၅။ ။လွတ်ခွင့်အမိန့်ထုတ်ဆင့်ခြင်း ခံရပြီးသောသူကို မတရားချုပ်နှောင်ထားမှု<br>ပုဒ်မ ၃၄၆။ ။လျှို့ဝှက်စွာ မတရားချုပ်နှောင်ထားမှု<br>ပုဒ်မ ၃၄၇။ ။ပစ္စည်းကို ခြောက်လှန့်တောင်းရန်ဖြစ်စေ၊ ဥပဒေနှင့် မညီသော ပြုလုပ်မှုကို ပြုစေခြင်းငှာ အတင်းအဓမ္မပြုရန် ဖြစ်စေ မတရားသဖြင့် ချုပ်နှောင်ထားမှု<br>ပုဒ်မ ၃၄၈။ ။ခြောက်လှန့်၍ ဖြောင့်ချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကို ပြန်ပေးအောင် အတင်းအဓမ္မပြုရန်ဖြစ်စေ မတရားချုပ်နှောင်ထားမှု |

**လူခိုးမှု၊ သွေးဆောင်ဆွဲခေါ်မှု၊ ကျွန်ပြုမှုနှင့် အနိုင်အထက်ခိုင်းစေမှုတို့နှင့် ဆက်စပ်သော ရာဇသတ်ကြီး ပြဋ္ဌာန်းချက်များ**

ပုဒ်မ - ၃၆၁။ ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ လူခိုးမှု ("ကလေးသူငယ်များနှင့် ဆက်စပ်မှု" အောက်တွင် ကြည့်ရန်)

ပုဒ်မ - ၃၆၂။ လူကိုသွေးဆောင်မှု ( "မည်သူမဆို တစ်ဦးတစ်ယောက်ယောက်သောသူအား တစ်နေရာရာမှသွားစေရန် အနိုင်အထက်ပြုခြင်းဖြင့် အတင်းအဓမ္မပြုလျှင်၊ သို့တည်းမဟုတ် လှည့်ဖြားသောနည်းဖြင့် သွေးဆောင်လျှင် ထိုသူသည် သွေးဆောင်ဆွဲခေါ်သည်မည်၏။")

ပုဒ်မ - ၃၆၄။ လူကိုသတ်ရန် ခိုးယူမှု သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု

ပုဒ်မ - ၃၆၅။လူကိုလျှို့ဝှက်စွာမတရားသဖြင့် ချုပ်နှောင်ထားရန် အကြံဖြင့်ခိုးယူမှု သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု

ပုဒ်မ - ၃၆၆။ အတင်းအဓမ္မ ထိမ်းမြားပေးစားရန် စသည်တို့အတွက် မိန်းမကို ခိုးယူမှု၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု၊ သို့တည်းမဟုတ် သွေးဆောင်မှု။ ( အထက်ဖော်ပြပါ လိင်ပိုင်းဆိုင်ရာ ပြစ်မှုများ အောက်တွင်ကြည့်ပါ)

ပုဒ်မ - ၃၆၇။ အပြင်းအထန် နာကျင်စေခြင်း၊ ကျွန်ပြုခြင်း စသည်တို့ကို ခံစေရန် လူကိုခိုးယူမှု သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု။

ပုဒ်မ - ၃၆၈။ ခိုးယူခြင်း သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်ခြင်း ခံရသူကို မတရားသဖြင့် ဝှက်သိမ်းမှု၊ သို့တည်းမဟုတ် ချုပ်နှောင်ထားမှု။

ပုဒ်မ - ၃၇၀။ တစ်ဦးတစ်ယောက်သောသူကို ကျွန်အဖြစ်ဝယ်ယူမှု၊ သို့တည်းမဟုတ် စီမံခန့်ခွဲမှု။

ပုဒ်မ - ၃၇၄။ ဥပဒေနှင့်ဆန့်ကျင်သော အတင်းအဓမ္မခိုင်းစေမှု ("မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား ထိုသူအလိုမတူဘဲ ဥပဒေနှင့် ဆန့်ကျင်၍ အတင်းအဓမ္မ ခိုင်းစေလျှင်")

**ကလေးသူငယ်များနှင့် ဆက်စပ်မှု**

ပုဒ်မ - ၃၁၇။ မိဘက၊ သို့တည်းမဟုတ် ထိန်းသိမ်းသူက အသက် ဆယ့်နှစ်နှစ်အောက် ကလေးကို စွန့်ပစ်ခြင်း။

ပုဒ်မ - ၃၆၁။ ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ လူခိုးမှု။ (မည်သူမဆို၊ ဥပဒေနှင့်အညီ အုပ်ထိန်းသူ၏ ထိန်းသိမ်းခြင်းမှ အသက်ဆယ့်လေးနှစ်အောက် ယောကျ်ားကလေးကို ဖြစ်စေ၊ အသက်ဆယ့်ခြောက်နှစ် အောက် မိန်းကလေးကို ဖြစ်စေ၊ စိတ်ပေါ့သွပ်သူကိုဖြစ်စေ ထိုအုပ်ထိန်းသူက သဘောမတူဘဲ ဆောင်ယူလျှင် သို့တည်းမဟုတ် ဖြားယောင်းခြင်းအားဖြင့် ထွက်သွားစေလျှင် ထိုအရွယ်မရောက်သေးသူကို၊ သို့တည်းမဟုတ် စိတ်ပေါ့သွပ်သူကို ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ ခိုးယူသည်မည်၏။)

ပုဒ်မ - ၃၆၉။ အသက်ဆယ်နှစ်အောက် ကလေး၏ ကိုယ်မှပစ္စည်းကို ခိုးရန်အကြံဖြင့် ထိုကလေးကို ခိုးယူမှု၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု။

**အတင်းအဓမ္မ ကိုယ်ဝန်ဖျက်ချခြင်း သို့တည်းမဟုတ် ပျက်စေခြင်း**

ပုဒ်မ - ၃၁၃။ ကိုယ်ဝန်ဆောင်မိန်းမက သဘောမတူဘဲ ကိုယ်ဝန်ကို ပျက်စေခြင်း။

ပုဒ်မ - ၃၁၅။ ကလေးအရှင် မွေးဖွားခြင်းကို တားဆီးရန် အကြံဖြင့်သော်လည်းကောင်း၊ မွေးပြီးနောက်သေစေရန် အကြံဖြင့်သော်လည်းကောင်း ပြုလုပ်မှုတစ်ခုခုကို ပြုခြင်း။

ပုဒ်မ - ၃၁၆။ ကိုယ်ဝန်ဆောင်အမျိုးသမီးကို သေစေတန်ရာသည်ကို သိလျက်နှင့် လှုပ်ရှားသော ကိုယ်ဝန်ရှိ အမိဝမ်းတွင်းကလေးကို သေစေခြင်း။

ပုဒ်မ - ၄၉၇။ မယားခိုးမှု (အခြားသူ၏ ဇနီးကို လင်ဖြစ်သူ သဘောမတူဘဲသော်လည်းကောင်း၊ အလိုတူရာရောက်ခြင်း မရှိဘဲသော်လည်းကောင်း ကာမစပ်ယှက်ခြင်းပြုရာ၌ မုဒိမ်းမှုမမြောက်လျှင် ထိုသို့ကျူးလွန်သူသည် မယားခိုးမှု ကျူးလွန်သည် မည်၏။ ထိုဇနီးဖြစ်သူကို အားပေးကူညီသူအဖြစ်ဖြင့် ပြစ်ဒဏ်မထိုက်စေရ။)

ပုဒ်မ - ၄၉၈။ ရာဇဝတ်မကင်းသော အကြံနှင့် အိမ်ထောင်သည်အမျိုးသမီးကို ဖြားယောင်းခြင်းဖြင့် ထွက်သွားစေခြင်း၊ သို့တည်းမဟုတ် ဆောင်ယူသွားခြင်း၊ သို့တည်းမဟုတ် တားဆီးခြင်း။

**ဘာသာရေးနှင့် ဆက်စပ်မှု**

ပုဒ်မ - ၂၉၅ (က)။ လူတစ်မျိုးတစ်စားကိုးကွယ်သည့် ဘာသာ သာသနာကို ဖြစ်စေ၊ ဘာသာ သာသနာရေး ယုံကြည်မှုကို ဖြစ်စေ၊ စော်ကားခြင်းဖြင့် ထိုလူတစ်စား၏ ကိုးကွယ်ရာ ဘာသာရေးစိတ်ဓါတ်ကို နာကြဉ်းစေရန် ကြံရွယ်၍ မသမာစိတ်ဖြင့် တမင်ကျူးလွန်သော ပြုလုပ်မှုများ။

ပုဒ်မ - ၂၉၈။ ဘာသာရေး စိတ်ကို နာစေရန် တမင်ကြံရွယ်၍၊ စကားစသည်များကို ပြောဆိုခြင်း။

**ရာဇဝတ်မကင်းသော ခြောက်လှန့်မှု**

ပုဒ်မ - ၅၀၆။ ရာဇဝတ်မကင်းသော ခြောက်လှန့်မှုအတွက် ပြစ်ဒဏ်။ အကယ်၍ ခြိမ်းခြောက်ခြင်းသည် သေစေခြင်း သို့မဟုတ် အပြင်းအထန်နာကျင်စေခြင်း စသည်တို့ကို ဖြစ်စေလျှင်။ (ပုဒ်မ - ၅၀၃။ "မည်သူမဆို၊ တခြားသူတစ်ဦးတစ်ယောက်၏ ကိုယ်ကိုသော်လည်းကောင်း၊ ဂုဏ်သရေကိုသော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း၊ ထိုအခြားသူက အကျိုးလိုလားသောသူ၏ ကိုယ်ကိုသော်လည်းကောင်း၊ ဂုဏ်သရေကိုသော်လည်းကောင်း နစ်နာစေမည်ဟု ခြိမ်းခြောက်ရာတွင်၊ ထိုခြိမ်းခြောက်ခြင်းသည် ထိုသူအား ထိတ်လန့်ခြင်း ဖြစ်စေရန် အကြံဖြင့် ခြိမ်းခြောက်ခြင်းဖြစ်လျှင်၊ သို့တည်းမဟုတ် ခြိမ်းခြောက်သည့်အတိုင်း ပြုလုပ်ခံရမည်ကို ရှောင်ရှားနိုင်ရန် အကြောင်းအဖြစ်ဖြင့် ဥပဒေအရ ပြုလုပ်ရန် တာဝန်မရှိသော ပြုလုပ်မှုကို ထိုသူအား ပြုစေရန် အကြံဖြင့်သော်လည်းကောင်း၊ ဥပဒေအရ ပြုလုပ်ပိုင်ခွင့်ရှိသော ပြုလုပ်မှုကို ထိုသူအား မပြုမလုပ်ပျက်ကွက်စေရန် အကြံဖြင့်သော်လည်းကောင်း ခြိမ်းခြောက်ခြင်းဖြစ်လျှင်၊ ထိုသူသည် ရာဇဝတ်မကင်းသော ခြောက်လှန့်မှုကို ကျူးလွန်သည် မည်၏။")

**ဇယား ၆။ ပုံမှန်ရှိနေသော ရာဇဝတ်မှုများကို အသုံးပြုမှုအားနည်းခြင်း**

လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်၍ ကျူးလွန်သည် ဖြစ်စေ (စစ်ရာဇဝတ်မှုများ ဖြစ်လျှင်)၊ ပျံ့နှံ့သော သို့မဟုတ် စနစ်ကျသော အရပ်သားလူထုကို တိုက်ရိုက် တိုက်ခိုက်မှုနှင့် ဆက်စပ်နေသည် သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖြစ်နေသည် ဖြစ်စေ (လူသားချင်း ညှာတာထောက်ထားမှုဆိုင်ရာ ရာဇဝတ်မှုများ ဖြစ်လျှင်)၊ တိုင်းရင်းသားတစ်စု၊ ဘာသာရေးတစ်ခု၊ လူမျိုး သို့မဟုတ် မျိုးနွယ်စုတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ဖျက်ဆီးရန် ရည်ရွယ်၍ ကျူးလွန်သည် ဖြစ်စေ (လူမျိုးတုန်း သတ်ဖြတ်မှု ဖြစ်လျှင်) မြန်မာနိုင်ငံဥပဒေအရ လက်ခံထားသော လိင်အကြမ်းဖက်မှုအမြောက်အမြားသည် နိုင်ငံတကာ ရာဇဝတ်မှုများဖြစ်သည်။ သို့သော်လည်း အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း အကယ်၍ ပြည်တွင်းဥပဒေအရ နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုဖြင့် ၎င်းနိုင်ငံတကာ ရာဇဝတ်မှုတို့ကို ပြစ်မှုအဖြစ် တိတိကျကျ ဥပဒေသတ်မှတ်ခြင်း မရှိလျှင် ၎င်းနိုင်ငံတကာ ရာဇဝတ်မှုများကို တရားစွဲဆိုခြင်းသည် မြန်မာနိုင်ငံတွင် မဖြစ်နိုင်ပေ။ ၎င်းသည် အကြောင်းအမျိုးမျိုးကြောင့် ခက်ခဲသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဥပဒေအရ ရာဇဝတ်မှုအမြောက်အမြား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေအရ လက်ခံထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အညီမဟုတ်ပေ။ ဥပမာအားဖြင့် မြန်မာနိုင်ငံဥပဒေတွင် ကျူးလွန်သူသည် အမျိုးသားဖြစ်ပြီး ဓါးစာခံသည် အမျိုးသမီးဖြစ်မှသာ မုဒိမ်းမှုကို ကျူးလွန်နိုင်ပြီး မလိင်အင်္ဂါကို ဖိုလိင်အင်္ဂါ ထိုးသွင်းခြင်းကိုသာ ရည်ညွှန်းသည်။ ဤအလွန်ကျဉ်းမြောင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်သည် နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေပါ မုဒိမ်းမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှ သွေဖည်သည်။ (ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၊ စာမျက်နှာ ၄၄ တွင် ကြည့်ပါ)[၂၂၂] ထို့ကြောင့် မုဒိမ်းမှုကို လူသားချင်း ညှာတာထောက်ထားမှုဆိုင်ရာ ရာဇဝတ်မှု သို့မဟုတ် စစ်ရာဇဝတ်မှုတို့၏ ဖုံးကွယ်နေသော အကြောင်းရပ်တစ်ခုအဖြစ် သတ်မှတ်မည့် အက်ဥပဒေတစ်ရပ်သည် မြန်မာနိုင်ငံ ဥပဒေပါ မုဒိမ်းမှုကဲ့သို့ မလွဲမရှောင်သာသော အသွင်အပြင်မဖြစ်ရပေ။

ဒုတိယအနေဖြင့် မြန်မာနိုင်ငံ ဥပဒေရှိ သာမန်လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများသည် ၎င်းပြစ်မှုများကို ကျူးလွန်စေသည့် တိကျသော ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများကို အသိအမှတ်မပြုပေ။ ဥပမာအားဖြင့် စစ်ရာဇဝတ်မှုများနှင့် ဆက်စပ်၍ လက်နက်ကိုင် ပဋိပက္ခ၏ ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများ သို့တည်းမဟုတ်၊ လူသားချင်း ညှာတာထောက်ထားမှုဆိုင်ရာ ရာဇဝတ်မှုနှင့် ဆက်စပ်သည့် ပျံ့နှံ့သော သို့မဟုတ် စနစ်ကျသော အရပ်သားလူထုကို တိုက်ရိုက်တိုက်ခိုက်မှုများ ဖြစ်ကြသည်။နိုင်ငံတကာ ရာဇဝတ်မှုများနှင့် သာမန် ရာဇဝတ်မှုများသည် သဘာဝအားဖြင့် မတူရုံမျှသာမက မတူညီသော တန်ဖိုးများကိုလည်း ကာကွယ်သောကြောင့် ဤသည်မှာ ခက်ခဲလေသည်။[၂၂၃] ဤသို့ဖြင့် ပဋိပက္ခနှင့်ရက်စက်ယုတ်မာမှုဆိုင်ရာလိင်အကြမ်းဖက်မှုကို နိုင်ငံတကာ ရာဇဝတ်မှုအဖြစ် တရားစွဲခြင်းသည်လည်း "သတ်မှတ်ထားသော လူ့အဖွဲ့အစည်းတစ်ခုမျှသာ မဟုတ်ဘဲ လူ့လောကတစ်ခုလုံးအပေါ် အခြေခံကျသော တန်ဖိုးတစ်ခုကို ချိုးဖောက်ထားသော အကဲ့ရဲ့ခံရသည့် လုပ်ဆောင်မှုအထဲတွင် အံဝင်ကွင်ကျ ရှိနေသည်။"[၂၂၄] သာမန်ရာဇဝတ်မှုများအဖြစ် ၎င်းရာဇဝတ်မှုများကို တရားစွဲခြင်းသည်ရာဇဝတ်မှုများ၏ လေးနက်မှုကို အသိအမှတ်ပြုရန် ပျက်ကွက်ပြီး ၎င်းတို့သည် မူဝါဒတစ်ခု၏ အစိတ်အပိုင်းအဖြစ် ကျူးလွန်ခံရကာ ၎င်းရာဇဝတ်မှုများနှင့် တခြား ဆက်စပ်နေသော နိုင်ငံတကာ ရာဇဝတ်မှုများအကြား ချိတ်ဆက်မှုကို အသိအမှတ်ပြုရန်

ပျက်ကွက်သည်။ ထို့အပြင် ရာဇဝတ်မှုများ ကွပ်ကဲရေးလမ်းကြောင်း၏ ထိပ်ပိုင်းရှိ စီနီယာ အရာရှိများနှင့် ချိတ်ဆက်ရန် ပိုမိုခက်ခဲစေသည်။[၂၂၅] ဤသည်က ပိုမို ကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုအတွက် အခွင့်အလမ်းများ လွဲချော်ခြင်းဖြင့် အနာဂတ် ရာဇဝတ်မှုများကို ကာကွယ်ရန် ပိုမိုခက်ခဲစေသည်။[၂၂၆]

## ၂။ တာဝန်ယူမှုနည်းလမ်းများ

ရာဇသတ်ကြီးက ပဋိပက္ခနှင့်ရက်စက်ယုတ်မာမှုဆိုင်ရာလိင်အကြမ်းဖက်မှုနှင့် ဆက်စပ်သော ဆင့်ပွားပြစ်ဒဏ် အဓိကပုံစံနှစ်ခုကို ပြဋ္ဌာန်းထားသည်။ ၎င်းတို့မှာ (၁)အားပေးကူညီခြင်း၊ (၂)ပူးပေါင်းကြံစည်ပြုလုပ်ခြင်း ပြစ်ဒဏ်တို့ဖြစ်ကြသည်။ ပူးပေါင်းကြံစည်ပြုလုပ်ခြင်းအတွက် ရာဇသတ်ကြီးက အကျုံးဝင်သော သီးခြားလုပ်ထုံးလုပ်နည်း သုံးခုကို အသုံးပြုထားသည်။ ပထမအားဖြင့် ပုဒ်မ - ၃၄ ပါ တူညီသော ရည်ရွယ်ချက် အယူအဆက အဖွဲ့အစည်းထဲမှ တစ်ဦးဦးက ကျူးလွန်သည့် ပြစ်မှုတစ်ခုခုအတွက် ၎င်းတူညီစွာ ရည်ရွယ်သော နယ်ပယ်အတွင်းရှိ အဖွဲ့အစည်း၏ အဖွဲ့ဝင်အားလုံးအပေါ် ပြစ်ဒဏ် ကျရောက်စေသည်။ ဒုတိယအားဖြင့် 'ဆက်စပ်သော အားပေးကူညီခြင်း' ပြဋ္ဌာန်းချက်များက အားပေးကူညီသူ၏ ပြစ်ဒဏ်ကို အားပေးကူညီခြင်း၏ ဖြစ်လာနိုင်သော နောက်ဆက်တွဲဆိုင်ရာ ပြစ်မှုများကို (ပုဒ်မ ၁၁၁)အရ၊ သို့မဟုတ် အားပေးကူညီသူက ဖြစ်လာနိုင်သော အလားအလာရှိသည်ကို သိရှိသည့် ပြစ်မှုများကို (ပုဒ်မ ၁၁၃)အရ ကူညီသော ပြစ်မှုထက်ကျော်လွန်၍ ကျယ်ပြန့်စေသည်။ တတိယအားဖြင့် ပုဒ်မ ၁၄၉ ပါ 'တူညီသော ရည်ရွယ်ချက်'ဟူသော လှည့်ကွက်သည် တရားမဝင်စုဝေးမှုတစ်ခု၏ (အခြေခံအားဖြင့် ၅ ယောက် သို့မဟုတ် ပိုမိုသော စုပေါင်းရာဇဝတ်အဖွဲ့) အဖွဲ့ဝင်အားလုံးကို ဘုံရာဇဝတ်ရည်ရွယ်ချက်ဆိုင်ရာ တရားစွဲခြင်း၌ မည်သည့်အရာမျှ မပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်သတ်မှတ်ထားသည်။[၂၂၇] တစ်မျိုးထက်ပိုသော ပူးပေါင်းကြံစည်ပြုလုပ်ခြင်းက သီးခြား အချက်အလက် တစ်စုကို ကျင့်သုံးပေမည်။[၂၂၈]

| တာဝန်ယူမှုနည်းလမ်းများ | သက်ဆိုင်သည့် ပုဒ်မများ | ဖော်ပြချက် |
| --- | --- | --- |
| **အားပေးကူညီခြင်း (အထောက်အပံ့ပေးခြင်း၊ အားပေးကူညီခြင်းနှင့် မြှူဆွယ်ခြင်း/ဆွဲဆောင်ခြင်းတို့နှင့် အလားတူသည်။ သွယ်ဝိုက်၍ ပြင်ဆင်ခြင်းနှင့် အမိန့်ပေးခြင်းတို့ကိုလည်း ယူဆသည်။)** | **၁၀၇ (အဓိပ္ပာယ်ဖွင့်ဆိုချက်)၊ ၁၀၈ (ဗဟုသုတ သို့မဟုတ် ရည်ရွယ်ချက်)၊ ၁၀၉ ( အဓိက ပြစ်မှုကဲ့သို့ ပြစ်ဒဏ်ကျခံစေခြင်း) ၊ ၁၁၄ (ကိုယ်တိုင်ရှိနေခြင်းက အဓိက ကျူးလွန်သူ ဖြစ်စေခြင်း)၊ ၁၁၅ (ရာဇဝတ်မှုကို မကျူးလွန်ခဲ့သော်လည်း ပြစ်ဒဏ်ချမှတ်ခြင်း)၊ ၁၁၆ ( အားပေးကူညီသူသည် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန်တာဝန်ရှိသော ပြည်သူ့ ဝန်ထမ်းဖြစ်လျှင် ပေးရမည့် ပြစ်ဒဏ်)၊ ၁၁၉ ( ပြစ်မှုကျူးလွန်ရန် စီစဉ်ချက်ကို ပြည်သူ့ဝန်ထမ်းက ထိမ်ချန်ထားခြင်း)** | " တစ်စုံတစ်ခုပြုလုပ်ခြင်းကို အားပေးကူညီသူဟူသည်-<br>ပထမအနေဖြင့်- တစ်စုံတစ်ယောက်ကို ၎င်းအရာအားပြုလုပ်ရန် လှုံ့ဆော်သည်။ သို့မဟုတ်<br>ဒုတိယအနေဖြင့်- အကယ်၍ လျှို့ဝှက်ပူးပေါင်းကြံစည်ချက် တစ်ခုခုကို လိုက်နာဆောင်ရွက်ခြင်းနှင့် ၎င်းအရာကို ပြုလုပ်ရန် အလို့ငှာ လုပ်ဆောင်ခြင်း သို့မဟုတ် တရားမဝင် ထိမ်ချန်ထားခြင်း ဖြစ်ပွားလျှင် ၎င်းအရာကို ပြုလုပ်ခြင်းအတွက် တစ်ယောက် သို့မဟုတ် ပိုမိုသော ပုဂ္ဂိုလ်များ၊ သို့မဟုတ် လျှို့ဝှက်ပူးပေါင်းကြံစည်ချက်ပါ ပုဂ္ဂိုလ်နှင့် သက်ဆိုင်မှုရှိသည်။ သို့မဟုတ်<br>တတိယအနေဖြင့်- ၎င်းအရာကို ပြုလုပ်ရာတွင် လုပ်ဆောင်ချက်အားဖြင့် သို့မဟုတ် တရားမဝင် ထိမ်ချန်ထားခြင်းအားဖြင့် ရည်ရွယ်ချက်ရှိရှိ ကူညီပေးသည်။"<br><br>**မှတ်ချက်**။။ ထိုပုဂ္ဂိုလ်တွင် အားပေးကူညီသူအဖြစ် တူညီသောရည်ရွယ်ချက် သို့မဟုတ် သိရှိခြင်းရှိရမည် (ပုဒ်မ၁၀၈) ဖြစ်ပြီး အားပေးကူညီသူသည် သူ သို့မဟုတ် သူမကျူးလွန်သည်ဟု စွပ်စွဲခံရသော ပြစ်မှုတွင် ပါဝင်သည့် အချက်အလက်များကို သိရှိပြီးဖြစ်သည်ဟု သက်သေပြရမည်မှာ အတော်အသင့်ရှင်းလင်းသည်။[၂၂၉] အကယ်၍ အားပေးကူညီသူသည် ပြစ်မှုကျူးလွန်ရာတွင်ရှိနေခဲ့လျှင်၎င်းကို ပြစ်မှု ကျူးလွန်သည်ဟုသတ်မှတ်ပြီး အားပေးကူညီသူအဖြစ်မှတ်ယူလိမ့်မည်မဟုတ်ပေ။ (ပုဒ်မ ၁၁၄) |
| **ပူးပေါင်းကြံစည်လုပ်ဆောင်မှု (ပူးပေါင်း ကျူးလွန်ခြင်းနှင့် ရည်ရွယ်ချက်တူလုပ်ဆောင်မှုတို့နှင့် အလားတူသည်။** | **အဓိကရည်ရွယ်ခြင်း။ ။ ၃၄၊ ၃၅ ပူးပေါင်း အားပေး ကူညီခြင်း။ ။ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃ တရားမဝင် စုဝေးစဉ်အတွင်း ရည်ရွယ်ချက်တူခြင်း။ ။ ၁၄၉** | *တူညီသော ရည်ရွယ်ချက်*<br>"၃၄။ ။ ရာဇဝတ်မှုတစ်ခုကို လူများစွာက အားလုံး၏ တူညီသော ရည်ရွယ်ချက်၏ လှုံ့ဆော်မှုကြောင့် ကျူးလွန်သောအခါ ၎င်းလူများမှ တစ်ယောက်စီသည် ၎င်းရာဇဝတ်မှုကို မိမိတစ်ယောက်တည်း ကျူးလွန်သကဲ့သို့ ၎င်းရာဇဝတ်မှုအတွက် တူညီသော ပြစ်ဒဏ်ကို ခံယူရန် တာဝန်ရှိသည်။" |

| | | |
|---|---|---|
| **ပူးပေါင်းအားပေးကူညီ ခြင်းကိုလည်း သွယ်ဝိုက်သော ကျူးလွန်ခြင်းနှင့် အမိန့်ပေးခြင်းဟု ယူဆသည်။** | | **မှတ်ချက်။** ။ ရည်ရွယ်ချက်သည် "တူညီ"[၂၃၀] ရမည်။ ကြိုတင်ပြင်ဆင်ထားသော အစီအစဉ်၊ ရှေ့ပြေးသဘောတူညီမှုနှင့် ရှေ့ပြေးအစည်းအဝေး ( တူညီသော သီးခြားဆောင်ရွက်သည့် ရည်ရွယ်ချက်များမျှသာမဟုတ်ဘဲ) ရှိရမည်။ ရည်ရွယ်ချက်သည် ပြစ်မှု ကျူးလွန်ရန် ဖြစ်ရမည်။[၂၃၁]<br><br>၃၅။။ မည်သည့်အခါမဆို ပြစ်မှုမြောက်ကြောင်း သိရှိခြင်း သို့မဟုတ် ရည်ရွယ်ခြင်းဖြင့် အကြောင်းပြချက်ရှိရှိ ကျူးလွန်မှသာ ပြစ်မှုမြောက်သော လုပ်ရပ်တစ်ခုကို လူများစွာက ကျူးလွန်သောအခါ ၎င်းလုပ်ရပ်တွင် ထိုသို့သော သိရှိခြင်း သို့မဟုတ် ရည်ရွယ်ခြင်းဖြင့် ပါဝင်ခဲ့သော ၎င်းလူများထဲမှ တစ်ယောက်စီသည် ၎င်းလုပ်ရပ်ကို မိမိတစ်ယောက်တည်း ကျူးလွန်သကဲ့သို့၎င်းလုပ်ရပ်အတွက်တူညီသော ပြစ်ဒဏ်ကိုခံယူရန်တာဝန်ရှိသည်။"<br><br>*အားပေးကူညီခြင်း*<br>" ၁၁၁။ ။ လုပ်ရပ်တစ်ခုကို အားပေးကူညီရာတွင် ကွဲပြားသော လုပ်ရပ်က ဖြစ်မြောက်သွားသောအခါ အားပေးကူညီသူသည် ဖြစ်မြောက်သွားသော လုပ်ရပ်အတွက် တူညီသော ပြစ်ဒဏ်ကို ခံယူရန် တာဝန်ရှိပြီး ၎င်းလုပ်ရပ်ကို တိုက်ရိုက် အားပေးကူညီသကဲ့သို့ တူညီသော ပြစ်ဒဏ်ပမာဏကို ခံယူရမည်။<br><br>၁၁၃။ ။အားပေးကူညီသူက အကျိုးသက်ရောက်မှု တစ်ခုဖြစ်စေရန် ကြံရွယ်လျက် ပြုလုပ်မှုတစ်ခုကို အားပေးကူညီရာ၌ ထိုအားပေးကူညီမှုကြောင့် မိမိ၌ တာဝန်မကင်းဖြစ်သည့် ပြုလုပ်မှုတစ်ခုသည် မိမိကြံရွယ်သည့်အတိုင်း မဟုတ်သော အခြားအကျိုးသက်ရောက်မှုတစ်ခုကို ဖြစ်စေရာ၌ အားပေးကူညီခြင်းခံရသော ပြုလုပ်မှုကြောင့် ထိုအခြား အကျိုးသက်ရောက်မှု ပေါ်ပေါက်တန်ရာသည်ကို အားပေးကူညီသူက သိလျှင် ထိုအားပေးကူညီသူသည် ထိုအခြား အကျိုးသက်ရောက်မှုအတွက် ကြံရွယ်၍ အားပေးကူညီဘိသကဲ့သို့ ထပ်တူထပ်မျှ တာဝန်ရှိသည်။"<br><br>*ဘုံရည်ရွယ်ချက်*<br>"၁၄၉။ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူတစ်ဦးဦးက ထိုအစုအဝေး၏ တူသောရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာ၌ ပြစ်မှုတစ်ခုကို ကျူးလွန်လျှင်၊ သို့တည်းမဟုတ် ထိုသို့တူသောရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာ၌ ကျူးလွန်တန်ရာသည်ဟု ထိုအစုအဝေး၌ ပါဝင်သူများက သိသော ပြစ်မှုကို ကျူးလွန်လျှင်၊ ထိုပြစ်မှုကို ကျူးလွန်စဉ်က ထိုအစုအဝေးတွင် ပါဝင်သော သူတိုင်းသည် ထိုပြစ်မှုအတွက် အပြစ်ရှိသည်။" |

၎င်းအပြင် နှစ်ယောက် သို့မဟုတ် နှစ်ယောက်ထက် ပိုမိုသော လူများက ဥပဒေချိုးဖောက်သော ပူးပေါင်းကြံစည်မှု ဖြစ်မြောက်သည်ထိ တရားမဝင် လုပ်ရပ်တစ်ခုကို ပြုလုပ်ရန် သဘောတူသည် ဆိုသော နေရာ၌ ၎င်းသဘောတူညီမှုသည်ပင် ပြစ်မှုတစ်ခုဖြစ်သည်။[၂၃၂] အနည်းဆုံး အဖွဲ့ထဲမှ တစ်ယောက်က အစီအစဉ်ကို ဆောင်ရွက်ခြင်းရှိ လုပ်ရပ်တစ်ခုကို ပြုလုပ်မှသာလျှင် ဤသည်က ပြစ်မှု ဖြစ်မြောက်စေလိမ့်မည်။[၂၃၃]

**မှတ်ချက်။** ။ မြန်မာနိုင်ငံ အမျိုးသားဥပဒေနှင့် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေအကြား အဓိက ကွာဟချက်သည် ခိုင်းစေခြင်းနှင့် အမိန့်ပေးခြင်း၊ သို့မဟုတ် အထက်မှပေးသော တာဝန်တို့အတွက် ခေါင်းဆောင်ပိုင်း ကိစ္စများနှင့် ဆက်စပ်နေသည်။ အခင်းဖြစ်ရာ နေရာများတွင် ရှိနေမည်မဟုတ်သော (စစ်ဘက်) တပ်မှူးများ သို့မဟုတ် (စစ်ဘက်မဟုတ်၊ ဆိုလိုသည်မှာ အရပ်ဘက်) အထက်လူကြီးများအပါအဝင် ခေါင်းဆောင်ပိုင်း နေရာများရှိ ပုဂ္ဂိုလ်များနှင့် ရင်ဆိုင်၍ ပြစ်မှုဆိုင်ရာတာဝန်များကို ဆောင်ရွက်ရာသောအခါ မြန်မာနိုင်ငံရှိလက်တွေ့လုပ်ဆောင်သူများသည် အားပေးကူညီခြင်း၊ ပူးပေါင်းအားပေးကူညီခြင်း သို့မဟုတ် လျှို့ဝှက်ပူးပေါင်းကြံစည်ခြင်းတို့ကို အသုံးပြုခြင်းအား သုံးသပ်ဆင်ခြင်ရမည် ဖြစ်သည်။

## ၃။ ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုကို ဖယ်ရှားနေသော ကာကွယ်မှုများ၊ ဆင်ခြေများနှင့် အခြား နောက်ကွယ် အကြောင်းရင်းများ

နိုင်ငံတကာ ဥပဒေရှိ ကာကွယ်မှုများသည် ကျဉ်းမြောင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ( ဥပမာ- နိုင်ငံတကာ ရာဇဝတ် တရားရုံး ရောမစာချုပ် အပိုဒ်ခွဲ ၃၁ ကို ကြည့်ပါ။ သို့သော် နိုင်ငံတကာ ရာဇဝတ်တရားရုံး ဥပဒေသည် အထွေထွေ နိုင်ငံတကာ ဥပဒေနှင့် ဤဥပဒေနယ်ပယ်ရှိ လက္ခဏာ သွင်ပြင်များအပေါ် တခြားနိုင်ငံတကာ စီရင်ပိုင်ခွင့် ဥပဒေတို့မှ ကွဲပြားနိုင်သည်။)

မြန်မာနိုင်ငံဥပဒေအရ အထွေထွေကာကွယ်မှုများနှင့် ဆင်ခြေများ အနည်းအကျဉ်းသည် ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု ပြစ်မှုများနှင့် ဆက်စပ်မည့် အလားအလာ

ရှိသည်။ (သို့မဟုတ် အနည်းဆုံး အမှုဖြစ်စဉ်အတွင်း ဖော်ထုတ်လာနိုင်သည်။) သက်သေခံဥပဒေအရ အစွပ်စွဲခံရသူသည် ချေပချက်ကို သက်သေပြခြင်း သို့မဟုတ် ဖြစ်နိုင်ခြေများ၏ ဟန်ချက်အပေါ် လွတ်ငြိမ်းခွင့် ရခြင်းတို့၏ ဝန်ထုပ်ဝန်ပိုးကို ခေါင်းခံရသည်။[၂၃၄] ၎င်းတွင်-

- **ခြိမ်းခြောက်အကျပ်ကိုင်ခြင်း။** ။ လူသတ်မှုနှင့် သေဒဏ်ထိုက်သော နိုင်ငံတော် ပုန်ကန်မှုတို့မှတစ်ပါး ပြစ်မှုတစ်ခုခုကို ပြုရန်ငြင်းဆန်လျှင် သေဘေးဆိုက်မည်ဟု စိုးရိမ်ဖွယ်ရာ ယုတ္တိရှိလောက်အောင် ခြိမ်းခြောက်ခံရသဖြင့် ပြုရလျှင်၊ ထိုပြုရသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ပေ။ သို့ရာတွင် ထိုသူသည် ထိုခြိမ်းခြောက်ခံရသည့် အခြေသို့ မိမိ အလို အလျောက်သော်လည်းကောင်း၊ သေဘေးဆိုက်မည်ဟု စိုးရိမ်ဖွယ်ရာ ယုတ္တိမရှိဘဲသော်လည်းကောင်း ရောက်ရှိခြင်း မဖြစ်ခဲ့စေရပေ။ (ပုဒ်မ ၉၄)

- **လိုအပ်ချက်။** ။ " ဘေးအန္တရာယ် ဖြစ်စေတန်ရာသည်ဟု သိလျက်နှင့် ပြုစေကာမူ၊ လူကိုယ်သို့ဖြစ်စေ၊ ပစ္စည်းများသို့ဖြစ်စေ၊ ကျရောက်မည့် အခြားဘေးအန္တရာယ်ကို တားဆီးရန် အလို့ငှာ၊ သို့တည်းမဟုတ် လွှဲဖယ်ရန် အလို့ငှာ ရာဇဝတ် မကင်းသော အကြံမရှိဘဲ သဘောရိုးဖြင့် ပြုခြင်းသည် ပြစ်မှုမမြောက်ပေ။" (ပုဒ်မ- ၈၁)

- **စိတ်ပေါ့သွပ်ခြင်း။** ။ " စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့သဘော ရှိသည်ကိုလည်းကောင်း၊ မတော်မမှန်သည်ကို လည်းကောင်း၊ ဥပဒေနှင့် ဆန်ကျင်သည်ကို လည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်ပေ။" (ပုဒ်မ- ၈၄)

- **မူးယစ်စေတတ်သောအရာ။** ။ " မိမိမသိဘဲ သို့မဟုတ် အလိုမတူဘဲ သူတပါးက တိုက်ကျွေးခြင်းကြောင့် မူးယစ်သဖြင့် ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့ သဘောရှိသည်ကိုသော်လည်းကောင်း၊ မတော်မမှန်သည် ကိုလည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကိုလည်းကောင်း မသိနိုင်သော သူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ပေ။" (ပုဒ်မ- ၈၅)။ အကယ်၍ အလိုမတူ တိုက်ကျွေးခြင်းကြောင့် မဟုတ်ဘဲ မူးယစ်နေခြင်းဖြစ်လျှင် မမူးယစ်ခင်ကပင် ရည်ရွယ်ချက်ရှိ၍ ပြုဘိသကဲ့သို့ ပြစ်ဒဏ်စီရင်ခြင်း ခံထိုက်စေရမည်။[၂၃၅]

ထို့အပြင် စစ်ဘက်နှင့် ရဲဘက် ပုဂ္ဂိုလ်များ ပါဝင်သော ပြည်သူ့ဝန်ထမ်းများကို သတ်သတ်မှတ်မှတ်ဖြစ်သည့် ကာကွယ်မှုများကို ပေးထားသည်။ ရာဇသတ်ကြီး၏ ပုဒ်မ- ၇၆ တွင် " ဥပဒေအရ ပြုလုပ်ရန် တာဝန်ရှိသူက လည်းကောင်း၊ ဥပဒေကို အယူအဆလွဲခြင်းကြောင့် မဟုတ်ဘဲ အကြောင်းခြင်းရာကို အယူအဆလွဲခြင်းကြောင့် ဥပဒေအရ တာဝန်ရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သူက သော်လည်းကောင်း ပြုလုပ်လျှင် ထိုပြုလုပ်မှုသည် ပြစ်မှုမမြောက်ပေ။" ဟု ဖော်ပြထားသည်။

"အထွေထွေဥပဒေက ပေးထားသော အာဏာများကို အသုံးချနေသမျှ သို့မဟုတ် သဘောရိုးဖြင့် အသုံးချရန် ယုံကြည်နေသမျှ" ပြည်သူ့ဝန်ထမ်းများကို ဤသည်က အကာအကွယ် ပေးနေသည်။[၂၃၆]

သို့သော် အရာရှိသည် အမိန့်က တရားမဝင်သည်ကို သိပါလျက် ဆောင်ရွက်သည့်အခါ ဤပြဋ္ဌာန်းချက်က အကာအကွယ် မပေးသင့်သည်ကို ရှေးဟောင်း မြန်မာနိုင်ငံ ဖြတ်ထုံးက လက်ခံပြီးဖြစ်သည်။ ၁၈၈၃ ခုနှစ် အမှုတစ်ခုတွင် " စစ်တပ်စည်းကမ်းက အကျိုးသက်ရောက်စေရန် သို့မဟုတ် မှန်ကန်မျှတစေရန် ကြိုးပမ်းအားထုတ်သည့် ပြုလုပ်မှုသည် လူပုဂ္ဂိုလ် သို့မဟုတ် တစ်စုံတစ်ယောက်၏ ပိုင်ဆိုင်မှုကို ထိခိုက်သောအခါ စစ်သားတစ်ယောက်ကို စစ်မှုရေးရာများ ဆောင်ရွက်ရာတွင် ထိန်းသိမ်းသည့် စစ်တပ်စည်းကမ်းများကို လူထုလုံခြုံရေးအား အသားပေး၍ မြင့်မားသော ဥပဒေတစ်ခုဖြစ်ရန် ပြဋ္ဌာန်းသည်။"[၂၃၇]

**ဇယား ၇။ ဥပဒေနှင့်မညီသော အမိန့်များကို သိသာစွာပြုလုပ်နေသော သစ္စာမရှိသော ကာကွယ်ရေးတပ်**

မောင်မြတ်သာနှင့် ဘုရင်မအမှု (၁၈၈၂) SJLB ၁၆၄တွင် အထက်လူကြီးတစ်ယောက်က ၎င်း၏ နယ်မြေခံ ရဲတပ်ဖွဲ့များကို လမ်းပေါ်ရှိ စရိုက်ဆိုးသော လူများကို ဖမ်းရန်နှင့် အကယ်၍ ခုခံပါက ပစ်ခတ်ရန် အမိန့်ပေးသည်။ နယ်မြေခံရဲများက လူနှစ်ယောက်ကို ရပ်ခိုင်းပြီး မည်သူမည်ဝါ ဖြစ်ကြောင်းမေးပြီး ၎င်းတို့ထဲမှ တစ်ယောက်က မရပ်သောအခါ ပစ်သတ်လိုက်ကြသည်။ ထိုအမိန့်သည် သိသာထင်ရှားစွာပင် တရားမဝင် ဖြစ်ပြီး ၎င်းအမိန့်ကို နာခံသော နယ်မြေခံရဲများကို ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုအတွက် အပြစ်ရှိသည်ဟု တရားရုံးက ယူဆသည်။

ပြည်သူ့ဝန်ထမ်းတစ်ဦးသည် မိမိ၏ အာဏာကို ခွင့်ပြုထားသည်ထက် ပိုသုံး၍ မိမိ၏ တာဝန်များကို ဆောင်ရွက်စဉ်တွင် သတ်ခြင်းနှင့် စပ်လျဉ်း၍ လူသတ်မှုကို နောက်ထပ် ကာကွယ်ထားမှုတစ်ခုကို ပုဒ်မ- ၃၀၀(၂)(၃)တွင် ဖော်ပြထားသည်။ ပြည်သူ့ဝန်ထမ်းက မိမိ၏ တာဝန်အရ လိုအပ်ပြီး ဥပဒေနှင့် ညီသည်ဟု သဘောရိုးဖြင့် ပြုလုပ်သည့် လုပ်ရပ်ကို သေသူအပေါ် ရန်ငြိုးထားခြင်းမရှိဘဲ ပြုလုပ်ခြင်း ဖြစ်နေသမျှ ပြည်သူ့ဝန်ထမ်းကို လူသတ်မှုထက် ရာဇဝတ်ဒဏ်ထိုက်သော လူသေမှုဟု စီရင်ချက်ချသည်။

## ၄။ ကလေး ပြစ်မှုကျူးလွန်သူများ

နိုင်ငံတကာ ဥပဒေတွင် ပြစ်မှုဆိုင်ရာ တာဝန်ရှိခြင်းအတွက် အနိမ့်ဆုံး အသက်အရွယ် မရှိပေ။ အဘယ်ကြောင့်ဆိုသော် အနိမ့်ဆုံး အသက်အရွယ် ဘယ်လောက်ဖြစ်သင့်သည်ဟု သတ်မှတ်ရာတွင် နိုင်ငံများက ကွဲပြားသည်။[၂၃၈]သို့သော် နိုင်ငံများသည် ပြစ်မှုဆိုင်ရာ တာဝန်ရှိခြင်းအတွက် အသက်အရွယ်ကိုမည်သည့်အခါမျှ ၁၂ နှစ်အောက် မသတ်မှတ်သင့်ဟု ICRC က ယူဆသည်။[၂၃၉]

" ပြုလုပ်စဉ်က မိမိပြုသော ပြုလုပ်မှု၏ သဘောနှင့် အပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင် အဆင်အခြင်နှင့် မပြည့်စုံသေး၍" အသက် ဆယ့်နှစ်နှစ်အောက် ကလေးကို တာဝန်ရှိသကဲ့သို့ မဆက်ဆံရဟု[၂၄၀] ဆိုသော်လည်း မြန်မာနိုင်ငံတွင် ပြစ်မှုဆိုင်ရာ တာဝန်ရှိခြင်းအတွက် အသက်အရွယ်သည် ခုနစ်နှစ် ဖြစ်သည်။

## ၅။ ညွှန်ကြားချက်များ

မြန်မာနိုင်ငံ ဥပဒေတွင် ပြစ်မှုကျူးလွန်ခြင်းများအတွက် ညွှန်ကြားချက်ကာလ မရှိပေ။ ဤသည်က နိုင်ငံတကာ ပြစ်မှုများအတွက် နိုင်ငံတကာ ဥပဒေရှိ အခြေအနေနှင့် တပြေးညီဖြစ်သည်။ ရောမစာချုပ် အပိုဒ်ခွဲ ၂၉ သည် ဥပမာတစ်ခုဖြစ်သည်။

## ၆။ ကင်းလွတ်ခွင့်နှင့် လွတ်ငြိမ်းချမ်းသာခွင့်

၂၀၁၁ မတိုင်မီက အလုပ်တာဝန်များကို ဆောင်ရွက်ရာတွင် ကျူးလွန်ခဲ့သော ပြစ်မှုများနှင့် စပ်လျဉ်း၍ ယခင်စစ်အစိုးရ အဖွဲ့ဝင်များနှင့် အစိုးရအတွက်အခန်း ၂ နှင့် ၃ ၌ အထက်တွင် အသားပေးဖော်ပြထားသကဲ့သို့ ရာဇဝတ်မှုကို တရားစွဲခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ကို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အကာအကွယ်ယူထားသည်။[၂၄၁] ဤကိစ္စတွင် ကွဲပြားသော အခြေအနေများ ရှိသော်လည်း ထိုကဲ့သို့သော ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုများ အတွက် အားလုံးအကျုံးဝင်သော အကာအကွယ်များ၊ အခြားနိုင်ငံတကာ ပြစ်မှုများနှင့် စိုးရိမ်ဖွယ်ဖြစ်သော လူ့အခွင့်အရေး ချိုးဖောက်ခြင်းများသည် နိုင်ငံတကာ ဥပဒေအရ[၂၄၂] တရားမဝင်ပေ။

## ဃ။ လုပ်ငန်းစဉ်များနှင့် သက်သေများကို ဆောင်ရွက်ခြင်းစည်းမျဉ်းများ

### ၁။ သဘောတူညီခြင်း

သဘောတူညီခြင်းသည် ၎င်းကိုယ်တိုင် ပြစ်မှုများ၏ အခြေခံ သဘောတရားများသို့ ဦးတည်သောကြောင့် သိသာထင်ရှားသော ကိစ္စဆိုသည်ထက် အဓိကအားဖြင့် အရင်းအမြစ်ဖြစ်ပြီး အကျူးလွန် ခံရသူများကို သဘောတူညီခြင်းနှင့် ပတ်သက်၍ မေးခွန်းထုတ်ခြင်း သို့မဟုတ်အထောက်အထားများကို ဖော်ထုတ်ခြင်းစသည့် တိကျသော လမ်းကြောင်းများမှ ကာကွယ်ရန် ထင်ရှားသော နည်းဥပဒေ မရှိပေ။

မုဒိမ်းမှုများနှင့် အိမ်ထောင်ပျက်ပြားစေမှုအတွက် သဘောတူညီခြင်း၏ ချို့ယွင်းချက်တစ်ခုကို သက်သေပြရန် အခြေခံဥပဒေ အပေါ်တွင် ဝန်ထုပ်ဝန်ပိုး ဖြစ်လာသည်။ ရာဇသတ်ကြီး၏ ပုဒ်မ- ၃၇၅ (မုဒိမ်းမှု)က သဘောတူညီခြင်းတွင် မှုကွဲများ အများအပြား ဖော်ပြထားသော်လည်း သတင်းပေးပို့သော အမှုအားလုံးတွင် ကျူးလွန်သူများကို ဒုတိယ ပြဋ္ဌာန်းချက် (အမျိုးသမီးက ခွင့်မပြုခြင်း) နှင့် စွဲချက်တင်သည်။

"အချုပ်အချယ်ကင်းခြင်း၊ မိမိဆန္ဒပါရှိခြင်းနှင့် အသိအမြင်များခြင်းတို့ ရှိမှသာ အထွေထွေ ဘုံဥပဒေအရ သဘောတူညီခြင်းဟု ယူဆသင့်သည်။[၂၄၃] မြန်မာနိုင်ငံ တရားရုံးများမှ တချို့သော အမှုများက အမျိုးသမီးသည် ရုန်းကန်ခြင်း သို့မဟုတ် အော်ဟစ်ခြင်းမရှိဟု[၂၄၄] သိသာသော ဖိအားကို ပေးသော်လည်း "အမျိုးသမီးသည် ကြောက်လန့်မှုကဲ့သို့သော စိတ်ခံစားမှုများကြောင့် မအော်ဟစ် သို့မဟုတ် မရုန်းကန်ဘဲ ရှိနိုင်သော်လည်း ဤသည်က ၎င်းအမျိုးသမီးသည် သဘောတူသည်ဟု အဓိပ္ပာယ်မသက်ရောက်ပေ" ဟု အခြားအမှုများတွင် အလေးပေး

ဖော်ပြထားသည်။[၂၄၅] တူညီစွာပင် အမျိုးသမီးသည် အစပိုင်းတွင် တရားခံနောက်သို့လိုက်ခဲ့ပြီး ၎င်း၏အိမ်ထဲတွင် အဖော်ပြုနေခဲ့သဖြင့် ၎င်းအမျိုးသမီးသည် လိင်ဆက်ဆံမှုကို ခွင့်ပြုခြင်းမမည်ဟု ရိုးရှင်းစွာ ယူဆသည်။[၂၄၆]

အကယ်၍ သဘောတူညီခြင်းကို " သေစေမည် သို့မဟုတ် နာစေမည်ဟု ကြောက်ရွံ့အောင် ပြုခြင်းဖြင့်" ရရှိခဲ့လျှင် လိင်ဆက်ဆံမှုသည် မုဒိမ်းမှု မြောက်သည်ဟုပုဒ်မ ၃၇၅ ၏ တတိယ ပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည်။ ပဋိပက္ခဝန်းကျင်များတွင် ထိုသို့သော သွင်ပြင်ကဲ့သို့ အကြမ်းဖက်သော အခြေအနေများတွင် သဘောတူညီခြင်းနှင့် ပတ်သက်သည့် အငြင်းပွားမှုများကို ကာကွယ်ရန် ဤသည်က အသုံးဝင်နိုင်သည်။[၂၄၇]

ရာဇသတ်ကြီး၏ ပုဒ်မ ၉၀ ကလည်း သဘောတူညီခြင်းအပေါ် ပုဒ်မအများအပြားနှင့် ဆက်စပ်သော ပြဋ္ဌာန်းချက်တစ်ခုကို ဖော်ပြထားသည်။ အကယ်၍ (အခြားအရာများအကြား) " စိတ်ပေါ့သွပ်ခြင်းကြောင့်ဖြစ်စေ၊ မူးယစ်ခြင်းကြောင့်ဖြစ်စေ မိမိသဘောတူညီမှု၏ သဘောနှင့် အကျိုးအပြစ်ကို မသိနိုင်သောသူက သဘောတူလျှင်" သို့တည်းမဟုတ် "အကြောင်းခြင်းရာ အမှန်ကို မသိသောကြောင့် သဘောတူလျှင် အကြောင်းခြင်းရာ အမှန်ကို မသိသောကြောင့် သဘောတူရခြင်း ဖြစ်ကြောင်းကို ပြုလုပ်သူက သိလျှင် သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိလျှင်" ယူဆရသည့် သဘောတူညီခြင်းသည် သဘောတူညီခြင်း မမြောက်ဟု ၎င်းပုဒ်မက ဖော်ပြထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံ ဥပဒေအရ သဘောတူညီခြင်း၏ သဘောထားတွင် အကြမ်းဖက်သည့် အခြေအနေများတွင် သဘောတူညီခြင်းမရှိခြင်း၏ အဖြစ်မှန်ကို သတိပြုမိရန် အလျှော့အတင်း တချို့ရှိသော်လည်း လက်တွေ့တွင် ၎င်းဥပဒေသများကို အမြဲတမ်းမကျင့်သုံးဟု ရှေ့နေများက တင်ပြကြသည်။ တရားသူကြီးများနှင့် ရှေ့နေများ၏ သဘောတူညီခြင်းကို အဓိပ္ပာယ်ကောက်ယူခြင်းသည် ရှန်းကန်လှုပ်ရှားသောထင်ရှားသည့် ဒြပ်ထုသက်သေမရှိလျှင် သဘောတူညီခြင်းဟု ကောက်ချက်ချရန် သမားရိုးကျ ဖိုမဖြစ်တည်မှုများနှင့် ထုံးတမ်းစဉ်လာ သတ်မှတ်ချက်များက အဓိက ရိုက်ခတ်နေဆဲ ဖြစ်သည်။[၂၄၈]

## ၂။ အတည်ပြုခြင်း

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် မည်သည့် တိကျသည့် အတည်ပြုခြင်းမျှ ရာဇသတ်ကြီး သို့မဟုတ် ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း နည်းဥပဒေအရ တိကျပြတ်သားစွာ မလိုအပ်ပေ။

အခြားတစ်ဖက်တွင် အတည်ပြုခြင်းသည် လက်တွေ့၌ လိုအပ်နိုင်ဖွယ်ရှိသည်။ ဥပမာအားဖြင့် ရာဇသတ်ကြီး၏ ပုဒ်မ-၃၇၅ တွင်မုဒိမ်းမှုအတွက် လိင်ဆက်ဆံမှု ဖြစ်မြောက်ရန် "ထိုးသွင်းခြင်းသည် လုံလောက်သည်" ဟု ပြဋ္ဌာန်းထားသည်။ ဤသည်က ယောက်ျားသည် သုက်လွှတ်ခဲ့သည်ဟု သက်သေပြရန် မလိုသော်ငြားလည်း "လက်တွေ့တွင် သုက်ပိုး သက်သေမရှိသော တိုင်ကြားချက်များကို ရဲသည် ဆက်လက် အမှုလိုက်မည် မဟုတ်ပေ။"[၂၄၉] ထိုနည်းတူစွာ REDRESS က မေးမြန်းထားသော ရှေ့နေများအရ လက်တွေ့တွင် အကယ်၍ ဆေးဘက်အစီရင်ခံချက်တွင် လိင်အင်္ဂါ ထိခိုက်ခြင်းကို ဖော်ပြထားခြင်း မရှိလျှင် သို့တည်းမဟုတ် အကျူးလွန်ခံရသူက စွပ်စွဲထားသည့် ပြစ်မှု ဖြစ်ပွားစဉ် အချိန်က ၎င်းတို့ ဝတ်ထားခဲ့သည့် အဝတ်အစားများနှင့် အတွင်းခံများကို မပေးနိုင်လျှင် ရဲများက ၎င်းအမှုများကို အမှုလိုက်လေ့မရှိပေ။ (သို့တည်းမဟုတ် ၎င်းအမှုများကို "ကြံစည်အားထုတ်မှုများ" အဖြစ် အမှုလိုက်လိမ့်မည်။)[၂၅၀]

## ၃။ စတင်လုပ်ဆောင်မှုနှင့် နောက်ဆက်တွဲလိင်ထိပါးမှု

ကျူးလွန်ခံရသူများကို စတင်လုပ်ဆောင်မှုနှင့် နောက်ဆက်တွဲ လိင်ထိပါးမှုနှင့် ပတ်သက်၍ မေးခွန်းအမေးခံရခြင်းမှ ကာကွယ်ရန် တိကျသော ထင်ရှားသည့် ဥပဒေမရှိသည့်အပြင် လက်တွေ့တွင် ထိုကဲ့သို့ မေးခွန်းမေးခြင်းသည် တရားလိုကို အပြန်အလှန် စစ်မေးခြင်းတွင် ပါလေ့ရှိသည်။

## ၄။ သက်သေစံနှုန်း

ပြစ်မှုဆိုင်ရာ စစ်ဆေးစီရင်ခြင်းရှိ သက်သေစံနှုန်းသည် " အကျိုးအကြောင်းဆီလျော်သော သံသယကို ကျော်လွန်သည့် သက်သေ" ဖြစ်သည်။ သို့သော်လည်း အသုံးပြုခြင်းသည် လေ့ကျင့်မှုမရှိခြင်းနှင့် အကျင့်ပျက် ခြစားမှုများ ထင်ရှားသော ပြဿနာဖြစ်နေသည့် ခရိုင်နှင့် မြို့နယ် တရားရုံးများထက် (ပြည်နယ်နှင့် တိုင်း တရားရုံးချုပ်များနှင့် နိုင်ငံတော်တရားရုံးချုပ်) အဆင့်မြင့် တရားရုံးများတွင်သာ ထိုကဲ့သို့သော စံနှုန်းတစ်ခုကို မြင်ရရန် ဖြစ်နိုင်သည်။[၂၅၁]

## ၅။ လုပ်ငန်းစဉ်

လိင်အကြမ်းဖက်မှုကို စစ်ဆေးခြင်းနှင့် တရားစွဲခြင်းအတွက် လုပ်ငန်းစဉ်များကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ("CrPC")၊ ရဲအက်ဥပဒေ၊ ရဲလက်စွဲ၊ ရှေ့နေချုပ်အက်ဥပဒေနှင့် တရားရုံး လက်စွဲတို့က ထိန်းချုပ်ထားသည်။ သို့သော်လည်း "ကျူးလွန် ခံရသူများနှင့် ဆက်စပ်နေသောကြောင့် ပြစ်မှုဆိုင်ရာ စစ်ဆေးမှုများနှင့် တရားစွဲဆိုခြင်းများအတွက် လုပ်ငန်းစဉ်များကို ပြဋ္ဌာန်းထားသော နိုင်ငံဥပဒေများကို ဆက်စပ်သော အာဏာပိုင်များသည် အမြဲဆိုသလိုပင် ချိုးဖောက်သည်။ အလွန်ခေတ်နောက်ကျပြီး နိုင်ငံတကာစံနှုန်းများနှင့် မညီစဉ်အတွင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေက တရားလိုများ၊ သက်သေများနှင့် သံသယရှိသူများအတွက် ကျင့်ထုံးဆိုင်ရာ အကာအကွယ်များကို ပေးသည်။ သို့သော်လည်း အကြိုကြားနာခွင့်များ ကဲ့သို့သော လုပ်ငန်းစဉ်များနှင့် အကာအကွယ်များကို မကြာခဏ မထီမဲ့မြင်ပြုကြပြီး ၎င်းသည်

ရည်ရွယ်သည်ဖြစ်စေ မရည်ရွယ်သည်ဖြစ်စေ မြို့ပြလုပ်ထုံးလုပ်နည်း ဥပဒေနှင့် သက်သေခံဥပဒေတို့ကို မထီမဲ့မြင် ပြုခြင်းဖြစ်သည်။"[၂၅၂] ဟု နိုင်ငံတကာ ဂျူရီလူကြီးများ ကော်မရှင်က တင်ပြသည်။ ထို့အပြင် အမှုများကို လုံလောက်စွာ ကိုင်တွယ်ရန် ရဲများတွင် သက်ဆိုင်သည့် ငွေကြေးနှင့် လူအင်အား မရှိသည့်အပြင် ၎င်းအမှုများကို ဆီလျော်စွာ မည်သို့ ကိုင်တွယ်ရမည်ကို သက်ဆိုင်သည့် ရှင်းလင်းသော လမ်းညွှန်ချက်မရှိပေ။

ပြင်းထန်သော ပြစ်မှုများအတွက် ပြစ်မှုဆိုင်ရာ လုပ်ငန်းစဉ် ဆောင်ရွက်ခြင်းများကို စွပ်စွဲသော ပြစ်မှုဆိုင်ရာ အသိအလိမ္မာရှိသော ပုဂ္ဂိုလ်က ရဲထံ တိုင်ချက်ဖွင့်ခြင်းဖြင့် စတင်ပြုလုပ်သည်။[၂၅၃] လက်တွေ့တွင် ကျူးလွန်ခံရသူများသည် ၎င်းတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာတကြော ပြည်ထဲရေး ဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနလက်အောက်ရှိ အာဏာပိုင်ထံ ပြစ်မှုကို သတင်းပို့လေ့ရှိပြီး ထို့နောက်တွင် ဒေသဆိုင်ရာ အာဏာပိုင်နှင့်အတူ ရဲထံသို့ သတင်းပို့သည်။

ရဲထံသို့ ပေးသော အချက်အလက်များကို ( "ပထမဦးဆုံး အကြမ်းဖက်မှုမှတ်တမ်း" သို့မဟုတ် "FIR" ဟု သိကြသော) စာအဖြစ်သို့ လျှော့ချသည်။ ဤနောက်တွင် ရဲက စုံစမ်းစစ်ဆေးခြင်းကို စတင်ဆောင်ရွက်သင့်ပြီး အကယ်၍ သံသယရှိသူကို ဖော်ထုတ်ခဲ့ပါက ၎င်းတို့ကို ဖမ်းဆီး ထိန်းသိမ်းထားသင့်သည်။[၂၅၄] အကယ်၍ စုံစမ်းစစ်ဆေးရန် အမှုကိစ္စမရှိဟု ရဲကဆုံးဖြတ်လျှင် အမှုကို တိုင်ကြားခဲ့သူထံ ပြန်လည် အကြောင်းကြားရန် လိုအပ်သည်။[၂၅၅]

စုံစမ်းစစ်ဆေးခြင်းတစ်ခု၏ ပထမအဆင့်အဖြစ် ဒေသဆိုင်ရာ ဆေးရုံ (ပုံမှန်အားဖြင့် မှုခင်းဆေးပညာဆိုင်ရာ ဆရာဝန်ရှိသော မြို့နယ်အဆင့် ဆေးရုံ) သို့ ဆေးဘက်ဆိုင်ရာ အစီရင်ခံစာ အတွက် စာတစ်စောင်ကို ရဲက ပုံမှန်အားဖြင့် ထုတ်ပေးလိမ့်မည်။ ကလေးသူငယ်ကို ကျူးလွန်သည်ဟု စွပ်စွဲထားသည့် လိင်ပိုင်းဆိုင်ရာ ပြစ်မှုများအတွက် ဆေးဘက်ဆိုင်ရာ အစီရင်ခံစာကို ခရိုင် သို့မဟုတ် ပြည်နယ်/ဒေသ ဆေးရုံက ထုတ်ပေးရမည်။

လက်တွေ့တွင် အကျူးလွန်ခံရသူသည် သက်ဆိုင်ရာ ဆေးရုံသို့ ဆေးစစ်ဆေးမှု ပြီးမြောက်ခြင်းအတွက် သွားရန်လိုအပ်ပြီး ထိုနေရာတွင် ဖြစ်ရပ်အသေးစိတ်ကို စစ်ဆေးသည့် ဆရာဝန်ထံ ရှင်းပြရန် ပုံမှန်အားဖြင့် လိုအပ်လေသည်။ထုံးစံအတိုင်း ၃-၄ ရက်ကြာသောအခါ ဆေးဘက်ဆိုင်ရာ အစီရင်ခံစာကို ဆေးရုံက တရားရုံးသို့ တိုက်ရိုက် တင်ပြလိမ့်မည်။ (သို့သော်လည်း တစ်ခါတရံတွင် ၎င်းဆေးဘက်ဆိုင်ရာ အစီရင်ခံစာကို ရဲက တရားရုံးသို့ တင်ပြလိမ့်မည်။)

ကျူးလွန်သော ပြစ်မှု၏ အမြင့်ဆုံး စီရင်ချက်ပေါ် မူတည်၍ အရပ်သား ပြစ်မှုဆိုင်ရာ ကြားနာခြင်းကို ခရိုင်တရားရုံး သို့မဟုတ် မြို့နယ်တရားရုံးတစ်ခုတွင် ပြုလုပ်လိမ့်မည်။ အထူးအခြေအနေများတွင် ၎င်းတို့ကို ပြည်နယ်တရားရုံးချုပ်တွင် ကြားနာနိုင်သည်။မြို့နယ်တရားရုံး၏ တရားသူကြီးများသည် (၇) နှစ် ထောင်ဒဏ်ထိ ပြစ်ဒဏ်ကို ချမှတ်နိုင်သော အထူးအာဏာရ အောက်ရုံးတရားသူကြီးများ ဖြစ်ကြသည်။[၂၅၆] သီးသန့် အခြေအနေများ မလိုအပ်လျှင်[၂၅၇] ကျန်ရှိသော အမှုများသည် ခရိုင်တရားရုံး၏ စီရင်ပိုင်ခွင့်[၂၅၈] အတွင်းသို့ ကျရောက်သည်။ သက်ငယ်မုဒိမ်းမှုအားလုံးကို ခရိုင်တရားရုံးက ကြားနာရန် ညွှန်ကြားသော အမိန့်တစ်ခုကို နိုင်ငံတော်တရားရုံးချုပ်က ၂၀၁၇ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည်ကို သတိပြုပါ။[၂၅၉]

မြို့နယ်နှင့် ကျေးရွာအဆင့် ရည်ရွယ်သော လိင်အကြမ်းဖက်မှုများကို တိုင်ကြားခြင်းပြုလုပ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းအတွက် လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့ကျင့်သုံးခြင်းများဆိုင်ရာ ပိုမို အသေးစိတ် အချက်အလက်များနှင့် သုံးရလွယ်သော လမ်းညွှန်စာအုပ်တစ်အုပ်ကို မကြာမီ Cord Myanmar က ထုတ်ဝေတော့မည် ဖြစ်သည်။ https://www.cord.org.uk တွင် ရရှိနိုင်လိမ့်မည်။

တရားရုံး လုပ်ငန်းစဉ်ဆောင်ရွက်ခြင်းများတွင် လိင်အကြမ်းဖက်မှု အကျူးလွန်ခံရသူများအတွက် သတ်သတ်မှတ်မှတ် ကာကွယ်ပေးသည့် အစီအစဉ်များ မရှိပေ။ ကြားနာမှုများကို အမြဲတမ်းနီးပါး လူပုံလယ် တရားရုံးတွင် ပြုလုပ်သည်။[၂၆၀] ဥပဒေအရ အစွပ်စွဲခံရသူအား စစ်ဆေးစီရင်ခြင်းကို လိင်အကြမ်းဖက်မှု အကျူးလွန်ခံရသူက တက်ရောက်ရန် လိုအပ်ပြီး အစွပ်စွဲခံရသူနှင့် အပြန်အလှန် မေးမြန်းစစ်ဆေးမှု ပြုရဖွယ်ရှိသည်။[၂၆၁] အကျူးလွန်ခံရသူ တက်ရောက်ရန် ပျက်ကွက်ခြင်းက အစွပ်စွဲခံရသူကို တရားသေလွှတ်ခြင်း ရလဒ်ကို ဖြစ်စေလိမ့်မည်။[၂၆၂] လိင်အကြမ်းဖက်မှု ကြားနာခြင်းများကို သတင်းပို့ရာတွင် မီဒီယာများသည် သတ်မှတ်ထားသော လမ်းညွှန်ချက်များကို မလိုက်နာသည့်အပြင် အကျူးလွန်ခံရသူများ သက်သေထွက်ဆိုခြင်း၏ အတွင်းရေးကိစ္စကို အလေးထားလေ့ မရှိပေ။တရားဝင် တရားရုံး စာရွက်စာတမ်းများသည် မြန်မာစာဖြင့် ဖြစ်ပြီး တိုင်းရင်းသား ဘာသာစကားများ အဖြစ် ဘာသာပြန်ဆိုခြင်းများကို တရားရုံးများက မပြုလုပ်ပေးပေ။[၂၆၃]

ပြစ်မှုကျူးလွန်သည်ဟု အစွပ်စွဲခံရသော ကလေးများအတွက် သီးသန့်နေရာထိုင်ခင်း ဖြစ်နိုင်ခြေကို ကလေးသူငယ် အက်ဥပဒေက ပြဋ္ဌာန်းထားသော်လည်း ပြစ်မှု အကျူးလွန်ခံ ကလေးသူငယ်အတွက်မူ သီးသန့် ကာကွယ်မှုများ မရှိပေ။[၂၆၄] ထွက်ဆိုချက်ကို သီးသန့် နှစ်ကိုယ်ကြား ထွက်ဆိုရန် အတွက် တောင်းဆိုခြင်းများကို ငြင်းပယ်လေ့ရှိသည်ဟု ရှေ့နေများက သတင်းပေးပို့သည်။[၂၆၅] အထောက်အပံ့နှင့် စာနာသော လုပ်ထုံးလုပ်နည်းများ မရှိခြင်းသည် မေးခွန်းမေးခြင်းသည် အထူးသဖြင့် အကျူးလွန်ခံရသူ ကလေးများအတွက် စိတ်ဒဏ်ရာရခြင်းကို ဖြစ်စေနိုင်ဖွယ်ရှိပြီး တရားစွဲဆိုခြင်းကို လျော့ပါးစေနိုင်သည်ဟု ယူဆသည်။ *ဥပမာအနေဖြင့်*

"အမှုတစ်ခုမှာ ဆယ်နှစ်အရွယ် မိန်းကလေးတစ်ယောက်ကို အသက် ခြောက်ဆယ်အရွယ် အဘိုးကြီးတစ်ယောက်က မုဒိမ်းကျင့်ပြီး တရားသူကြီးရှေ့ကို အဲဒီမိန်းကလေး ရောက်တဲ့အခါ ဖြစ်ရပ် အသေးစိတ်ကို ပြောပြဖို့ မေးပေမယ့်အဲဒီမိန်းကလေး ဘာမှမပြောနိုင်ဘဲ အရမ်းကြောက်နေတယ်။ ဒါနဲ့ အမှုကို ပလပ်လိုက်တယ်။"ဟု ရှေ့နေတစ်ယောက်က ဆိုသည်။[၂၆၆]

အကျူးလွန်ခံရသော ကလေးမ၏ ပြည်နယ်ရှေ့နေသည် ၎င်းကလေးမ နားမလည်နိုင်သော သို့မဟုတ် မိမိကိုယ်ကိုယ် လုံလောက်စွာ ဖော်ပြပြောဆိုခြင်း မပြုနိုင်သော ဗမာစကားနှင့် မေးခွန်းထုတ်မည့်အစား ၎င်းကလေးမ၏ ကိုယ်ပိုင် ဒေသစကားကို ဘာသာပြန်ပေးခြင်းကို ခွင့်ပြုပေးရန် ငြင်းဆိုခဲ့ပြီး မေးခွန်းများကို ၎င်းကလေးမက ပြန်လည် မတုန့်ပြန်နိုင်ဟု ယူဆခဲ့ကြသည်ဟု အခြားရှေ့နေများက သတင်းပို့ခဲ့သည်။[၂၆၇]

# အပိုင်း ၄။ လက်တွေ့မှတ်တမ်းတင်ခြင်း - ပြင်ဆင်ခြင်း

## အခန်း ၇။ ထိခိုက်နစ်နာမှု မဖြစ်စေရေး

ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုကို မှတ်တမ်းတင်ခြင်း၏ ပင်မအခြင်းအရာ၌ အဓိက လူ့ကျင့်ဝတ်ဆိုင်ရာ အခြေခံသဘောတရားသည် "ထိခိုက်နစ်နာမှု မဖြစ်စေရေး" ဖြစ်သည်ဟု ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ (ဒုတိယအကြိမ်ပုံနှိပ်ခြင်း မတ်လ ၂၀၁၇)က ရှင်းပြထားသည်။[၂၆၈] မြန်မာနိုင်ငံနှင့် ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုတို့တွင် သီးခြား ခက်ခဲကျန်သော လူ့အခွင့်အရေး ပတ်ဝန်းကျင်သည် အထူး ထိခိုက်လွယ်သော အကြောင်းအရာ ဖြစ်သည်။ ဤအကြောင်းကြောင့် ၎င်းပြစ်မှုများကို မှတ်တမ်းတင်ခြင်းသည် မှတ်တမ်းတင်သူများ တားဆီးရန် တာဝန်ရှိသော ဖြစ်လာနိုင်ဖွယ်ရှိသည့် ထိခိုက်နစ်နာမှု အမျိုးမျိုးကို အကျူးလွန်ခံရသူများနှင့် သက်သေများထံ ရောက်လာစေနိုင်သည်။ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ (ဒုတိယအကြိမ်ပုံနှိပ်ခြင်း မတ်လ ၂၀၁၇)တွင် ဖော်ပြထားသည့်အတိုင်း-

> **ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုကို မှတ်တမ်းတင်ခြင်း၏ ပင်မအခြင်းအရာ၌ အဓိက လူ့ကျင့်ဝတ်ဆိုင်ရာ အခြေခံသဘောတရားသည် အနည်းဆုံး ထိခိုက်နစ်နာမှု မဖြစ်စေရေး တာဝန်ဖြစ်သည်။ လက်တွေ့ လုပ်ဆောင်သူသည် အကျူးလွန်ခံရသူများနှင့် အခြား သက်သေများနှင့် ပတ်သက်၍ မှတ်တမ်းတင်ခြင်း၏ ဖြစ်နိုင်ဖွယ်ရှိသော ဆိုးကျိုးများကို ပြည့်စုံစွာ နားလည် သဘောပေါက်ရမည်ဟု ဆိုလိုသည်။ ပိုမိုကျယ်ပြန့်သော အဖွဲ့အစည်းနှင့် စုံထောက်များကိုယ်တိုင် ၎င်းဆိုးကျိုးများက ဖြစ်စေနိုင်မည့် ထိခိုက်နစ်နာမှုများ အတွက် ပြင်ဆင်ပြီး ၎င်းထိခိုက်နစ်နာမှုကို ကာကွယ်ရန် သို့မဟုတ် လျှော့ချရန် စီမံချက်များကို နေရာတကျ ထည့်သွင်းဖော်ပြရမည်။"[၂၆၉]**

### (က) ခံရသူများနှင့် မျက်မြင်သက်သေများကို ထိခိုက်နစ်နာနိုင်စေသည့် အလားအလာရင်းမြစ်များ

၎င်းတို့၏ ဂုဏ်သိက္ခာနှင့် လူမှုရေးနောက်ခံ၊ ပြစ်မှုကျူးလွန်သူ မည်သူမည်ဝါ သို့မဟုတ် သူ/သူမ သက်ဆိုင်သော အဖွဲ့အစည်း အပြင် ၎င်းတို့၏ အမှုကို မှတ်တမ်းတင်ရသည့် အကြောင်းအရင်းတို့အပေါ် မူတည်၍ ၎င်းတို့၏ အတွေ့အကြုံကို မှတ်တမ်းတင်ရန် ဆုံးဖြတ်ခြင်းက ကြီးမားစွာ ကွဲပြားသော အခါလိင်အကြမ်းဖက်မှု၏ အကျူးလွန်ခံရသူများ သို့မဟုတ် သက်သေများကို ထိခိုက်နစ်နာနိုင်ခြေ ပေါ်ပေါက်လာသည်။ မှတ်တမ်းတင်ခြင်းအတွက် ဂရုတစိုက် ပြင်ဆင်ခြင်းသည် တစ်ဦးချင်းဆိုင်ရာ အန္တရာယ်ကို အကဲဖြတ်ခြင်း ပြုလုပ်ရာ၌ အထောက်အကူပြုလိမ့်မည်။

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်း၊ မှတ်တမ်းပြုခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ (ဒုတိယအကြိမ် ပုံနှိပ်ခြင်း မတ်လ ၂၀၁၇)၏ စာမျက်နှာ ၈၇ တွင် အကြမ်းဖော်ပြထားသော ဖြစ်နိုင်ဖွယ်ရှိသည့် ထိခိုက်နစ်နာမှု ဥပမာအများစုသည် မြန်မာနိုင်ငံရှိ ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု မှတ်တမ်းနှင့် ဆက်စပ်နိုင်ဖွယ် ရှိသည်။ မြန်မာနိုင်ငံနှင့် အထူးဆက်စပ်နေသော ထိခိုက်နစ်နာမှု၏ ပင်မ ဖြစ်နိုင်ဖွယ်ရှိသော ရင်းမြစ်များတွင် အောက်ပါတို့ ပါဝင်သည်။

- **အမည်းစက်**

ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု ဖြစ်ပွားခဲ့သော အသိုင်းအဝိုင်း အားလုံး မဟုတ်သော်မှ အများစုတွင် (မိမိသဘောမပါဘဲ ဖြစ်လျှင်သော်မှ) အိမ်ထောင်မပြုမီ လိင်ဆက်ဆံဖူးသော အမျိုးသမီးများကို "ပျက်စီးပြီး" အသိုင်းအဝိုင်း တစ်ခုလုံးကို အရှက်ရစေသည်ဟု ယူဆကြသည်။[၂၇၁] ထို့ကြောင့် အသိုင်းအဝိုင်းက ဝိုင်းပယ်ခြင်းကို ကြောက်ရွံ့ခြင်းသည် မုဒိမ်းမှုကို တိုင်ကြားရာမှ အမျိုးသမီးများကို တားဆီးထားသော အခြား အရေးကြီးသည့် အကြောင်းရင်း ဖြစ်သည်။[၂၇၂] (ဤအမည်းစက်နှင့် ဆက်စပ်နေသည့် "သန့်စင်ခြင်း အခန်းအနားများ" ကဲ့သို့သော ဓလေ့ထုံးတမ်းများ၏ ပျံ့နှံ့မှုနှင့် ပတ်သက်၍ အခန်း - ၂ (မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်မှုကို နားလည်ခြင်း)၊ အပိုင်း (ဃ) ကို

- **အမည်းစက်**

ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု ဖြစ်ပွားခဲ့သော အသိုင်းအဝိုင်း အားလုံး မဟုတ်သော်မှ အများစုတွင် (မိမိသဘောမပါဘဲ ဖြစ်လျှင်သော်မှ) အိမ်ထောင်မပြုမီ လိင်ဆက်ဆံဖူးသော အမျိုးသမီးများကို "ပျက်စီးပြီး" အသိုင်းအဝိုင်း တစ်ခုလုံးကို အရှက်ရစေသည်ဟု ယူဆကြသည်။[၂၇၁] ထို့ကြောင့် အသိုင်းအဝိုင်းက ဝိုင်းပယ်ခြင်းကို ကြောက်ရွံ့ခြင်းသည် မုဒိမ်းမှုကို တိုင်ကြားရာမှ အမျိုးသမီးများကို တားဆီးထားသော အခြား အရေးကြီးသည့် အကြောင်းရင်း ဖြစ်သည်။[၂၇၂] (ဤအမည်းစက်နှင့် ဆက်စပ်နေသည့် "သန့်စင်ခြင်း အခမ်းအနားများ" ကဲ့သို့သော ဓလေ့ထုံးတမ်းများ၏ ပျံ့နှံ့မှုနှင့် ပတ်သက်၍ အခန်း - ၂ (မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်မှုကို နားလည်ခြင်း)၊ အပိုင်း (ဃ) ကို နောက်ထပ် ကြည့်ပါ။) ယဉ်ကျေးမှုဆိုင်ရာနှင့် ထုံးတမ်းဆိုင်ရာ လိင်သတ်မှတ်ချက်များက "လိင်အကြမ်းဖက်မှု အကျူးလွန်ခံရသူ ဖြစ်ရခြင်းနှင့် ပတ်သက်၍

ထုတ်ဖော်မပြောရန်နှင့် ၎င်းအစား အပြစ်ရှိသကဲ့သို့ ခံစားပြီး တိုက်ခိုက်မှုအတွက် အပြစ်တင်မှုကို ခံယူရန် အမျိုးသမီးများကို သင်ပေးထားသည်။"[၂၇၃]

မြန်မာနိုင်ငံ အပြင်ဘက်ရှိ ဒုက္ခသည် စခန်းများတွင် မုဒိမ်းမှုကို မတိုင်ကြားခြင်း သို့မဟုတ် "အလွန်အမင်း နာကျင်မှုကို ခံစားနေရလျှင်သော်မှ" ဆေးဝါးကုသမှု မရယူခြင်းတို့အတွက် အကျူးလွန်ခံရသူ ပေးသည့် အဓိက အကြောင်းပြချက်များသည် ရှက်ခြင်းနှင့် အမည်းစက်ထင်ကျန်ခြင်းတို့ ဖြစ်သည်။[၂၇၄]

ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု၏ မှတ်တမ်းတွင် အမျိုးသား မုဒိမ်းမှု ထင်ရှားစွာ မပါဝင်ခြင်းအတွက် အကြောင်းအရင်းသည်လည်း အမျိုးသား လိင်အကြမ်းဖက်မှုနှင့် တွဲနေသည့် နက်ရှိုင်းသော အမည်းစက်ထင်ကျန်မှုကြောင့် ဖြစ်နိုင်ဖွယ်ရှိသည်။[၂၇၅]

- **ပြစ်မှုဆိုင်ရာ စွဲချက်များ**

လိင်အကြမ်းဖက်မှုနှင့် ဆက်စပ်သော အမည်းစက်အပြင် ရာဇသတ်ကြီးအရ လိင်တူဆက်ဆံခြင်းကို "ဓမ္မတာနှင့် ဆန့်ကျင်သော ပြစ်မှု" အဖြစ် ဥပဒေပြဋ္ဌာန်း သတ်မှတ်ခြင်းသည်လည်း အခြားအမျိုးသားက လိင်အကြမ်းဖက်မှု ကျူးလွန်သည်ကို တိုင်ကြားလိုသော အမျိုးသားအတွက် အရဲစွန့်ရခြင်းကို ဖော်ပြသည်။ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဤလုပ်ရပ်ကို ပြုလုပ်လျှင်သော်မှ ပြစ်မှုမြောက်သည်။

- **စိတ်ဒဏ်ရာပြန်ဖြစ်ခြင်းနှင့် လွှဲပြောင်းပေးသော ဝန်ဆောင်မှုများ မရှိခြင်း**

အောက်တွင် နောက်ထပ် ဆွေးနွေးမည့်အတိုင်း မြန်မာနိုင်ငံတွင် လိင်အကြမ်းဖက်မှုကို ကျော်လွန်ခဲ့သူများအတွက် တရားဝင် အထောက်အပံ့ ဝန်ဆောင်မှုများ သိသာထင်ရှားစွာ မရှိပေ။ စိတ်ဒဏ်ရာပြန်ဖြစ်ခြင်းသည် လိင်အကြမ်းဖက်မှုကို မှတ်တမ်းတင်ခြင်းနှင့် ၎င်းပြစ်မှုများအတွက် အလျော်တောင်းခံရန် ဆုံးဖြတ်ချက်တို့နှင့် ဆက်စပ်သော အဓိက အခက်အခဲတစ်ခု ဖြစ်သည်။ ဤသည်နှင့် ဆက်စပ်လျက် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းပြုခြင်းတို့နှင့် ပတ်သက်၍ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၏ စာမျက်နှာ ၉၂-၁၀၂ တွင် အကြမ်းဖော်ပြထားသော အကောင်းဆုံး ထုံးတမ်းများက လူတွေ့မေးမြန်းနေစဉ်နှင့် မေးမြန်းပြီးနောက် စိတ်ဒဏ်ရာပြန်ဖြစ်ခြင်း အန္တရာယ်ကို လျှော့ပါးအောင် ကူညီပေးနိုင်သည်။(အောက်ရှိ (ဂ) 'ထိခိုက်နစ်နာမှုကို လျှော့ချခြင်း'ကို ကြည့်ပါ။) သို့သော်ငြားလည်း အထူးသဖြင့် ပဋိပက္ခဒဏ် သက်ရောက်သော ဧရိယာများတွင် ထိုကဲ့သို့သော ဝန်ဆောင်မှုများ ရှားပါးခြင်းကို ရရှိအောင် သင့်လျော်သော လွှဲပြောင်းခြင်း အကူအညီများက လုပ်ပေးနိုင်သည်ကို သေချာစေရန် အလွန် ဂရုတစိုက် အစီအစဉ်ဆွဲခြင်းကို လိုအပ်လိမ့်မည်။

အသက်ရှင်ကျန်ရစ်ခဲ့သူများသည် ဆေးကုသမှုကိုရရှိသောအခါ တိကျသော အခက်အခဲ အန္တရာယ်များကိုလည်း ကြုံတွေ့နိုင်သည်။ ယခင်က ဆေးကုသမှု တောင်းခံသောမုဒိမ်းမှုမှ အသက်ရှင်ကျန်ရစ်ခဲ့သူကို ရဲထံ တရားဝင်တိုင်ချက် မဖွင့်ပြီးမချင်း ဆေးကုသမှုမပေးနိုင်ပေ။ ထိုကဲ့သို့သော ဥပဒေပြဋ္ဌာန်းချက်အရ မဖြစ်မနေ လုပ်ရသော တိုင်ကြားခြင်းကို လျှော့ပေါ့ပေးရန် ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြင်ဆင်လိုက်သော်လည်း အလေ့အကျင့်က ရှိမြဲရှိနေကာ တစ်ခါတရံတွင် အကယ်၍ တရားဝင်ထွက်ဆိုချက် ပြုလုပ်ရန် မပြင်ဆင်လာလျှင် အသက်ရှင်ကျန်ရစ်ခဲ့သူများအား ဆေးကုသမှုပေးခြင်းကို ငြင်းဆိုလိမ့်မည်။[၂၇၆]

### (ခ) အကြောင်းကြားထားသော သဘောတူညီချက်

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၏ အခန်း (၇)တွင် အလေးပေးထားသည့်အတိုင်း မှတ်တမ်းတင်ခြင်း ကိစ္စကို မစတင်မီ အကျူးလွန်ခံရသူ သို့မဟုတ် သက်သေ၏ အကြောင်းကြားထားသော သဘောတူညီချက်ကို ရရှိရန်သည် အရေးပါလှသော ကျင့်ဝတ်ဆိုင်ရာ တာဝန်တစ်ရပ်ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ လက်ရှိအခြေအနေတွင် မှတ်တမ်းတင်ထားသော အချက်အလက်ကို အနာဂတ်တွင် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ အကျူးလွန်ခံရသူများထံမှ အကြောင်းကြားထားသော သဘောတူညီချက်ကို အပြည့်အဝ ရရှိခြင်းသည် ခက်ခဲကြောင်း သက်သေပြနေသည်။ အဘယ်ကြောင့်ဆိုသော် တရားမျှတမှုအတွက် လမ်းကြောင်းများသည် လာမည့်နှစ်များအတွင်း ပြောင်းလဲဖြစ်ပေါ်ရန် အလားအလာရှိသောကြောင့် ဖြစ်သည်။

ဥပမာအားဖြင့် ၂၀၁၆ မတိုင်မီက နှစ်များစွာအတွင်း လုပ်ဆောင်ခဲ့သော မှတ်တမ်းတင်ခြင်းသည် ထိုကဲ့သို့သော မှတ်တမ်းတင်ခြင်းကို တင်ပြနိုင်သည့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေးအဖွဲ့ ဖြစ်ပေါ်လာစေခြင်းကို ကြိုတင်မျှော်မှန်းကာ ပြင်ဆင်ထားခြင်း ဖြစ်ရန် ဖြစ်နိုင်ခြေမရှိပေ။ မူလက အကြောင်းကြားထားသော သဘောတူညီချက်ကို ဆင်ခြင်သုံးသပ်ခြင်း အတွင်းတွင် မပါရှိဖူးသော အဖွဲ့အစည်း ယန္တရား တစ်ခုခုအတွင်း အချက်အလက်ကို အသုံးပြုခြင်းအတွက် နောက်ထပ် သဘောတူညီချက်ကို နောင်တွင် သေသေချာချာ တောင်းခံရန် မှတ်တမ်းတင်သူများတွင် နေရာတကျ စီမံချက်များ ရှိဖို့သည် အရေးပါလှသည်။

နောက်ဆုံးတွင် "တရားမျှတမှုကို တောင်းဆိုရန် သို့မဟုတ် တိတ်တဆိတ်နေရန်၊ အမှန်တရားအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ထိမ်ချန်ထားရန်၊ သို့တည်းမဟုတ် ကိုယ်တိုင် တရားရေးရာ စီစစ်ခြင်းကို လက်ခံရန်တို့ကို

ဆုံးဖြတ်ချက်ချခြင်းသည် မိမိသတိမူမိသော အာဂဏာ စီးကြောင်းနှင့် ထုတ်ဖော်ချက်ကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များ စသော ဆက်စပ်အခြေအနေများအပေါ် အခြေပြု တွက်ချက်ရသော အရာတစ်ခု ဖြစ်သည်။ အခြားသူများက ကျူးလွန်သူများကို တရားစွဲဆိုခြင်း အပါအဝင် လက်တုံ့ပြန်မှုနှင့် နောက်ထပ်မဖြစ်ပွားဖို့ရာ အာမခံချက်များကို တောင်းဆိုနေစဉ်တွင် အန္တရာယ်ကို ကျော်လွန်ခဲ့သူတချို့နှင့် အကျူးလွန်ခံရသူများ၏ မိသားစုများသည် လူထု အသိအမှတ်ပြုမှု၊ တောင်းပန်မှုများ၊ လျော်ကြေး သို့မဟုတ် နစ်နာကြေးတို့ကို တောင်းဆိုနေရဖွယ် ရှိနိုင်သည်။ ၎င်းတို့သည် ထိုဆောင်ရွက်မှုများမှ တချို့ သို့မဟုတ် အားလုံးကို ပေါင်းစပ် တောင်းဆိုနေရဖွယ် ရှိသည်။ အခြေအနေများက ရလဒ်ကောင်းတစ်ခု ရစေရန် ပိုမို အထောက်အကူပြုနိုင်ဖွယ် ရှိသောအခါ အနာဂတ်တွင် သူတို့သည် ချက်ချင်း အဆင်သင့် ဖြစ်ကောင်းဖြစ်နိုင်သည် သို့တည်းမဟုတ် ထုတ်ဖော်ချက်ကို အချိန်တချို့ ဆိုင်းငံ့ကောင်း ဆိုင်းငံ့နိုင်သည်။"[၂၇] ဥပမာအားဖြင့် ဖြစ်နိုင်ဖွယ်ရှိသော အနာဂတ် တရားစွဲဆိုမှုများတွင် ၎င်းဆုံးဖြတ်ချက်များ၏ ဖြစ်နိုင်ဖွယ် နောက်ဆက်တွဲများကို ၎င်းတို့နားလည်သည်ဟု သေချာစဉ်တွင် ဤနေရာ၌ အကျူးလွန်ခံရသူ၏ ဆန္ဒများကို အပြည့်အဝ အလေးထားရမည် ဖြစ်သည်။

### (ဂ) ထိခိုက်နစ်နာမှုကို လျှော့ပါးစေခြင်း

စုံစမ်းစစ်ဆေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းများကို ဂရုတစိုက် အစီအစဉ်ဆွဲခြင်း၊ အချက်အလက်များ၏ လုံခြုံမှုကို သေချာစေခြင်းအပြင် အကာအကွယ်နှင့် အကူအညီပေးမည့် သင့်လျော်သော အဖွဲ့အစည်းထံ အကျူးလွန်ခံရသူကို လွှဲအပ်ခြင်းတို့မှတစ်ဆင့် လိင်အကြမ်းဖက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် ဆက်စပ်သော ပြင်ပ အန္တရာယ်များကို လျှော့ပါးစေနိုင်သည်။

### ၁၉။ ခြိမ်းခြောက်မှုနှင့် အန္တရာယ်ကို အကဲဖြတ်ခြင်းများ

ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုဆိုင်ရာ မှတ်တမ်းတင်ခြင်းကို သင့်လျော်သော အန္တရာယ် အကဲဖြတ်မှုများ လုပ်ဆောင်ရန်နှင့် ပြင်ပအန္တရာယ်များ လျှော့ချရန် အလို့ငှာ ဒေသဆိုင်ရာ ဗဟုသုတကို ရှာဖွေသင့်သည်။ သက်ဆိုင်ရာ ဇရိယာပြင်ပမှ မှတ်တမ်းတင်သူများသည် လိင်အကြမ်းဖက်မှု အကျူးလွန်ခံရသူများနှင့် သက်သေများကို တွေ့ခွင့်ရရန် ဒေသဆိုင်ရာ တက်ကြွလှုပ်ရှားသူများနှင့် အမျိုးသမီး ကွန်ရက်များကို ရှာဖွေသင့်သည်။ အထက်တွင် ဖော်ပြခဲ့သော အန္တရာယ် အမြောက်အမြားကို တွေ့စေနိုင်သောကြောင့် အကျူးလွန်ခံရသူများနှင့် သက်သေများကို တိုက်ရိုက်တွေ့ရန် ကြိုးပမ်းဖို့ရာ မသင့်တော်ပေ။ တွေ့ဆုံမေးမြန်းခံရသူ တစ်ယောက်စီအတွက် တစ်ဦးချင်းဆိုင်ရာ အန္တရာယ်ကို ချင့်ချိန်ဆုံးဖြတ်ခြင်းများနှင့် တစ်ဦးချင်းဆိုင်ရာ အန္တရာယ် လျှော့ပါးစေရေး အစီအစဉ်များကို ဖော်ဆောင်ရန် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျွမ်းကျင်မှုကို တောင်းခံရန်လည်း မုချလိုအပ်သည်။

ရင်းမြစ်များကို ပိုမို၍ အကျိုးများစွာ အသုံးပြုခြင်း ဖြစ်ဖို့ သေချာစေရန်နှင့် ထပ်တလဲလဲ မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်များကြောင့် (ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၊ စာမျက်နှာ ၉၃ ကိုကြည့်ပါ) တစ်ဦးချင်းနှင့် အသိုင်းအဝိုင်းများကို ထိခိုက်နစ်နာမှုများအား မဖြစ်အောင် တားဆီးရန်ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုများ၏ အန္တရာယ်ကို ကျော်လွန်ခဲ့သူများ/ အကျူးလွန်ခံရသူများနှင့် လုပ်ဆောင်နေသော အလုပ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးပါလှသည်။ ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု ပျံ့နှံ့သည်ဟု ယုံကြည်ရသော ဇရိယာများတွင် ကြိုးပမ်းဆောင်ရွက်ချက် ပေါင်းစုံသည် ယေဘုယျအားဖြင့် ဆောင်ရွက်နေဆဲဖြစ်သည်။

တိုင်ပင်ခြင်းမရှိဘဲ ပြည်တွင်းနေ ထွက်ပြေးတိမ်းရှောင်သူများ၏ စခန်းများတွင် ၎င်းတို့၏ ကိုယ်ပိုင် အစီအစဉ်များကို တည်ထောင်သော နိုင်ငံတကာ ကိုယ်စားလှယ်အဖွဲ့များက ဖြတ်လမ်းနည်းဖြင့် ဆောင်ရွက်ပေးဖူးသော အန္တရာယ်ကို ကျော်လွန်လာသူများကို ဝိုင်းဝန်းကူညီပြီး ကောင်းစွာတည်ထောင်ထားသော မှတ်တမ်းတင်ခြင်း အစီအစဉ်များရှိသည့် ဒေသခံ အဖွဲ့အစည်းများရှိသော နိုင်ငံအရှေ့မြောက်ဘက်တွင် ဤပူးပေါင်းလုပ်ဆောင်မှုသည် အထူးအကြောင်းကိစ္စ တစ်ရပ် ဖြစ်ဖူးသည်။[၂၈]

ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုကို (သို့မဟုတ် အခြား ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများကို) မှတ်တမ်းတင်ရန်သည် လူတိုင်း၏ အခန်းကဏ္ဍမဟုတ်သည်ကို ကျေးဇူးပြု၍ သတိရပါ။ တစ်ခါတရံတွင် ရှေ့နေများ၊ တက်ကြွလှုပ်ရှားသူများ၊ ဦးဆုံးဆောင်ရွက်သူများ သို့တည်းမဟုတ် အန္တရာယ်ကို ကျော်လွန်လာသူ ထောက်ပံ့ရေး ဝန်ဆောင်မှုများကို ပေးသောသူများအတွက် မှန်ကန်သော လုပ်ဆောင်မှုကဏ္ဍသည် မှတ်တမ်းတင်ခြင်း၊ ဥပဒေအရ အခွင့်ရ မှတ်တမ်းတင်သူများ အပါအဝင် မှတ်တမ်းတင်သူများ၏ ကွဲပြားသော အမျိုးအစားများ စသည်တို့နှင့် ပတ်သက်၍ အန္တရာယ်များနှင့် ကောင်းကျိုးများကို အန္တရာယ်ကို ကျော်လွန်ခဲ့သူအား အသိပေးရန် ဖြစ်ပြီးအန္တရာယ်ကို ကျော်လွန်ခဲ့သူသည် ၎င်း၏ အမှုကို မှတ်တမ်းတင်ချင် သည်လားနှင့်၊ မည်သူနှင့် မှတ်တမ်းတင်မည် စသည်တို့နှင့် ပတ်သက်သော အပြည့်အဝ သတင်းအချက်အလက် သိထားပြီး ဖြစ်သည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်ဖို့ရာ သေချာစေရန် ဖြစ်သည်။ ၎င်းလူများမှာလည်း မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်တွင် လိုက်နာရသော စံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများကို အသက်ရှင် ကျန်ရစ်သူများအား ရှင်းပြရန် ၎င်းတို့ မိတ်ဆက်ပေးသော သတင်းစာဆရာများ အပါအဝင် မှတ်တမ်းတင်သော အဓိကပုဂ္ဂိုလ်များကို ထိန်းချုပ်ထားခြင်းကို ဆောင်ရွက်ရန်

အလွန်အရေးပါသော အခန်းကဏ္ဍ ရှိသည်။

သင်သည် အခွင့်ရပုဂ္ဂိုလ်တစ်ယောက် မဟုတ်ခဲ့လျှင် ("အခွင့်ရပုဂ္ဂိုလ်" ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါ လေးထောင့်ကွက် (၈) တွင် ကြည့်ပါ) အကယ်၍ အန္တရာယ်ကို ကျော်လွှန်လာသူ တစ်ယောက် (သို့မဟုတ် သက်သေ) ၏အတွေ့အကြုံကို ယခင်က မှတ်တမ်းမတင်ဖူးလျှင် မှတ်တမ်းတင်ခြင်းတွင် ၎င်းတို့ကို အခွင့်ရပုဂ္ဂိုလ်မှတစ်ဆင့် သင်က ကူညီပံ့ပိုး လမ်းညွှန်နိုင်ပြီး ၎င်းတို့လိုအပ်သော အထောက်အပံ့ကို ထိခိုက်နစ်နာမှု မပြုလုပ်ဘဲ ရရှိနိုင်သော အခြေအနေများစသည့် အသက်ရှင်ကျန်ရစ်သူနှင့် ၎င်း၏ ရည်မှန်းချက်များအတွက် အကျိုးကျေးဇူးများ ပိုမိုရှိနေနိုင်သော အခွင့်ရပုဂ္ဂိုလ်တစ်ယောက်ထံ လွှဲပြောင်းပေးမည်လား ဆိုသည်ကို မှန်မှန်ကန်ကန် သုံးသပ်ပါ။

အထူးသဖြင့် အကယ်၍ သင်သည် အခွင့်ရပုဂ္ဂိုလ် တစ်ယောက်မဟုတ်လျှင် တာဝန်ရှိခြင်းကို ဗဟိုပြုသော မှတ်တမ်းတင်ခြင်း သို့မဟုတ် စစ်ဆေးခြင်းဆိုင်ရာ အားထုတ်မှုတစ်ခုခုကို မပြုမီနှင့် ပြုနေစဉ်အတွင်း အဘယ်ကြောင့် သင်သည် မှတ်တမ်းတင်လိုသည်နှင့် ဘယ်အတွက် မှတ်တမ်းတင်လိုသည်ကို သင့်ကိုယ်သင်မေးရန်လည်း ကျေးဇူးပြု၍ အချိန်ယူပါ။ ဤချင့်ချိန်ဆုံးဖြတ်ခြင်းတွင် မှတ်တမ်းတင်ခြင်း အလုပ်က အကျုံးလွှန်ခံရသူများ/ အန္တရာယ်ကို ကျော်လွှန်လာသူများနှင့် တရားမျှတမှု မျှော်လင့်ချက်ကို အမှန်တကယ် အကျိုးရှိစေမည်လားဆိုသည်က ပါဝင်သင့်သည်။ အန္တရာယ်ကို ကျော်လွှန်ခဲ့သူများနှင့် တွေ့ဆုံမေးမြန်းခြင်းများမှလွဲ၍ သင့်အလုပ်က လိုအပ်နိုင်သော အခြား အချက်အလက် ရင်းမြစ်များမှာ မည်သည့်နည်း။ ၎င်းတို့၏ အတွေ့အကြုံကို မှတ်တမ်း မတင်ဖူးသေးသော အန္တရာယ်ကို ကျော်လွှန်ခဲ့သူများနှင့် သက်သေများ ရှိသလား။ သင်တာဝန်ယူထားသော မှတ်တမ်းတင်ခြင်းသည် တည်ဆဲ တရားမျှတမှု ဆောင်ရွက်ချက်များကို (ကိုင်တွယ်ဖြေရှင်းနည်း၊ ပုံစံ၊ အသုံးပြုမှုတို့ကို) လျော့ပါးစေခြင်း သို့မဟုတ် ပုံစံတူပြုလုပ်ခြင်းတို့ အမှန်တကယ် သို့တည်းမဟုတ် ဖြစ်နိုင်ခြေ မရှိအောင် သေချာစေရန် သင်လုပ်နိုင်သော အဆင့်များကိုလည်း အသေးစိတ် စီစဉ်ထားသင့်သည်။ ယေဘုယျအားဖြင့် အလွန် စေတနာထားသော ပုဂ္ဂိုလ်အားလုံးသည် ဤအဆင့်များ အားလုံးကို ဆောင်ရွက်ရန် အချိန်မယူဘဲ ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုများကို မှတ်တမ်းတင်ခြင်း သို့တည်းမဟုတ် စစ်ဆေးစုံစမ်းခြင်း ပြုလုပ်သည်။

ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု (နှင့် အခြား ပြင်းထန်သော အမှုများနှင့် အကြမ်းဖက်မှုများ)၏ အန္တရာယ်ကို ကျော်လွှန်ခဲ့သူ တစ်ယောက်ယောက်နှင့် ထိတွေ့ဆက်ဆံခြင်း မတိုင်မီတာဝန်ရှိခြင်းကို အခြေခံသော မှတ်တမ်းတင်ခြင်းကို စတင်ရန် ဆုံးဖြတ်သည့် မည်သူမဆို မှတ်တမ်းတင်ခြင်းအပြင် စုံစမ်းစစ်ဆေးခြင်းနှင့် အခြားဆက်စပ်မှု (ဆေးဘက်ဆိုင်ရာနှင့် လူသားချင်းစာနာမှု ဝါဒဆိုင်ရာကဲ့သို့သော) အဓိကပုဂ္ဂိုလ်များတွင် မည်သူသည် အခွင့်ရ ပုဂ္ဂိုလ်၊ မည်သူသည် အခွင့်ရပုဂ္ဂိုလ်မဟုတ် စသည်တို့ကို စုံစမ်းဖော်ထုတ်ရန် ကြီးမားသော ဂရုပြုမှုကို ထားရှိသင့်သည်။ မည်သည့်အလုပ်ကို လုပ်ဖူးပြီး မည်သည့်အလုပ်ကို လုပ်ပြီးပြီဖြစ်ကာ (ထပ်မံ) မှတ်တမ်းတင်ခြင်းကို အမှန်တကယ် လိုအပ်၊ မလိုအပ်ကိုလည်း စုံစမ်းဖော်ထုတ်သင့်သည်။ လက်ရှိတွင် မြန်မာနိုင်ငံရှိ ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံတကာ အချက်အလက်ရှာဖွေရေးဆိုင်ရာ လွတ်လပ်သော အဖွဲ့၊ ရဲများ၊ အစိုးရရှေ့နေများနှင့် တရားသူကြီးများသည် အဓိက အခွင့်ရ ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သို့သော်လည်း နောက်ထပ် အခွင့်ရ ပုဂ္ဂိုလ်များသည် အနာဂတ်တွင် ရှိလာနိုင်သည်။

| ဇယား (၈)။ ။အခွင့်ရ ပုဂ္ဂိုလ်များ |
|---|
| ဤဖြည့်စွက်ချက်အတွက် "အခွင့်ရ ပုဂ္ဂိုလ်" ဆိုသည်မှာ တရားဥပဒေစိုးမိုးရေး၊ စုံစမ်းစစ်ဆေးရေး၊ သက်သေဆိုင်ရာ ကျွမ်းကျင်မှု၊ တရားစွဲဆိုရေးနှင့်/ သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ တာဝန်တို့ကို ပြုလုပ်ရန် တရားဝင် အစိုးရအာဏာများ ပေးအပ်ခြင်းခံရသည့် သို့မဟုတ် အုပ်ချုပ်ပိုင်ခွင့်ရထားသည့် လူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကို ဆိုလိုသည်။ ဤအခွင့်အာဏာကို ဥပမာအားဖြင့် အစိုးရက နိုင်ငံ့ဥပဒေမှတစ်ဆင့်ဖြစ်စေ၊ အစိုးရနှင့် သဘောတူညီမှုမှတစ်ဆင့်ဖြစ်စေ၊ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၎င်း၏ အခန်း(၇) အာဏာများမှ တစ်ဆင့်ဖြစ်စေ၊ သို့တည်းမဟုတ် ထို့ကဲ့သို့သော တရားဝင် လုပ်ပိုင်ခွင့် ပေးအပ်ရန် အာဏာရှိသော အခြားအဖွဲ့မှ တစ်ဆင့်ဖြစ်စေ တိုက်ရိုက် ပေးအပ်နိုင်သည်။ |

အခွင့်ရပုဂ္ဂိုလ်နှင့် အခွင့်ရပုဂ္ဂိုလ်မဟုတ်သူ နှစ်ယောက်စလုံး အတွက် တာဝန်ယူခြင်းကို ဗဟိုပြုသော မှတ်တမ်းတင်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ အားထုတ်မှုများသည် အန္တရာယ်ကို ကျော်လွှန်ခဲ့သူများ၏ အကျိုးများနှင့် ရပိုင်ခွင့်များကို အမှန်ပင် ဦးစားပေး သတ်မှတ်သင့်သည်။ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းနှင့် အထူးသဖြင့် အမျိုးစုံ မေးမြန်းခြင်းမရှိခြင်းစသည်တို့၏ မဖြစ်ဖူးသည်ထက် မကြာမကြာ ဖြစ်ဖူးပြီးဖြစ်သည့် ဖြစ်နိုင်ဖွယ်ရှိသော စိုးရိမ်ဖွယ် အကျိုးဆက်များကို ကာကွယ်တားဆီးရန် ကျင့်ဝတ်ဆိုင်ရာနှင့် ဝတ္တုရားဆိုင်ရာ ကိုင်တွယ်ဖြေရှင်းနည်းတစ်ခုသည် အဆုံးအစွန် ဂရုစိုက်မှုကို လိုအပ်လာသည်။ လက်တွေ့လုပ်ဆောင်သူများ၏ အတွေ့အကြုံမြင့်မားပြီး ရင်းမြစ်ကောင်းသော စုပေါင်းစည်းကမ်းထိန်းသိမ်းရေး အဖွဲ့များက တာဝန်မယူလျှင် အန္တရာယ်ကို ကျော်လွှန်ခဲ့သူအား (ပြန်၍စိတ်ဒဏ်ရာရခြင်း ကဲ့သို့သော) နောက်ထပ် ထိခိုက်နစ်နာမှုများဖြစ်စေခြင်းနှင့် အရေးကြီး ကိစ္စများအပေါ် သဘောထားကွဲလွဲသော အတွေ့အကြုံများဆိုင်ရာ ဖြစ်စဉ်များသည် ပူးပေါင်းမဆောင်ရွက်သော မှတ်တမ်းတင်ခြင်းနှင့် ထပ်တလဲလဲ

တွေ့ဆုံမေးမြန်းခြင်းများ၏ နောက်ဆက်တွဲများတွင် တားဆီးမရလောက်သည် အထိ ပါဝင်လာပြီး အန္တရာယ်ကို ကျော်လွှန်ခဲ့သူများအပေါ် ကိုလည်း သက်ရောက်စေသော တာဝန်ရှိသည့် အဖွဲ့အစည်း ယန္တရားက မယုံကြည်ခြင်းနှင့် လျစ်လျူရှုခြင်းတို့ကို ခံရကာ အဆုံးသတ်သွားနိုင်သည်။

## ၂။ လျှို့ဝှက်ချက်ထိန်းသိမ်းမှု

မြန်မာနိုင်ငံရှိ ခက်ခဲသော လုံခြုံရေး အခြေအနေကို ထည့်သွင်းစဉ်းစားလျှင် ( အခန်း-၈ ကို ထပ်ကြည့်ပါ။) နိုင်ငံအတွင်း အလုပ်လုပ်နေသော လက်တွေ့လုပ်ဆောင်သူများ သည် အထူးအားရဖွယ်ရှိသော လျှို့ဝှက်ချက်ထိန်းသိမ်းမှု လုပ်ငန်းစဉ်များကို နေရာတကျ ရှိစေရန် လိုအပ်သည်။ (ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၊ စာမျက်နှာ ၉၅-၉၇ ကို ကြည့်ပါ။)

မြန်မာနိုင်ငံအတွင်းရှိ ရှေ့နေများသည် တရားဝင် အသက်မွေးမှုဆိုင်ရာ အခွင့်ထူးမှ အမှန်ပင် အကျိုးကျေးဇူး ရရှိသော်ငြားလည်း အားနည်းသော တရားရေးမဏ္ဍိုင်များ၏ ဆက်စပ်စဉ်းစားရမည့် အခြေအနေတွင် ၎င်းအခွင့်ထူး ဖုံးလွှမ်းထားသော ဆက်သွယ်ရေးလမ်းကြောင်းများကို နိုင်ငံ့အာဏာပိုင်များက နှောင့်ယှက်ခြင်းမှ ကာကွယ်ရန် အနည်းငယ်သာရှိသည်။

မြန်မာနိုင်ငံတွင် လိင်အကြမ်းဖက်မှု အကျူးလွန်ခံရသူများ၏ လျှို့ဝှက်ချက် ထိန်းသိမ်းခြင်းကို ကာကွယ်ရန် မည်သည့် ဥပဒေပြဋ္ဌာန်းမှုမျှ နေရာတကျ မရှိသည့်အပြင် မြောက်များစွာသော အဖွဲ့အစည်းများအကြား အသိအမြင်ရှိမှု မရှိခြင်းနှင့် လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းနှင့် ပတ်သက်သော လူ့ကျင့်ဝတ်ဆိုင်ရာ တာဝန်များနှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးသူများ အားလုံး ကင်းမဲ့ခြင်းတို့ ဖြစ်လျက် ရှိသည်။

## ၄။ လွှဲပြောင်းပေးခြင်းများ

အကျူးလွန်ခံရသူများနှင့် တရားခံများကို ပံ့ပိုးခြင်း သို့မဟုတ် ကာကွယ်ခြင်းကို သေချာစေရန် နောက်ထပ် အကူအညီကို လိုအပ်သော မည်သည့်အချိန်တွင်မဆို အခြား အသင်းအဖွဲ့များ သို့မဟုတ် အဖွဲ့အစည်းများထံ လွှဲပြောင်းပေးခြင်းသည် သင့်လျော်နိုင်သည်။ အမှုများအပေါ် မူတည်၍ ဆေးဝါး အကူအညီ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း သို့မဟုတ် လူမှုရေးနှင့် ဆက်စပ်သော စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုအတွက် လွှဲပြောင်းပေးခြင်းသည် လိုအပ်နိုင်သည်။

လိင်အကြမ်းဖက်မှု အကျူးလွန်ခံရသူများအတွက် ပံ့ပိုးမှု သမားရိုးကျ စနစ်များကို မြန်မာနိုင်ငံအတွင်းတွင် အလွန်အမင်း ကန့်သတ်ပြီး အထူးသဖြင့် ပဋိပက္ခနယ်မြေများတွင် ထိုသို့ဖြစ်သည်။[၂၇၉] လိင်အကြမ်းဖက်မှု အကျူးလွန်ခံရသူ ရှိဟင်ဂျာများနှင့် တွေ့ဆုံမေးမြန်းမှု အစီရင်ခံစာများက ဖော်ပြထားသည်မှာ “ကျွန်ုပ်တို့ ဆုံတွေ့ခဲ့သော အမျိုးသမီးနှင့် မိန်းကလေး အများအပြားမှာ မြန်မာနိုင်ငံရှိ ကျန်းမာရေး ဝန်ဆောင်မှုများနှင့် အဆက်အသွယ် မှတ်တမ်း မဆိုစလောက်သာ ရှိကြသည်။ ယေဘုယျအားဖြင့်မုဒိမ်းမှုအန္တရာယ်ကို ကျော်လွှန်ခဲ့သူများအတွက် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုကို ခိုင်ခိုင်မာမာ အကြံပြုထားသည်ကို ၎င်းတို့မသိကြပေ။ ၎င်းတို့မှာ ပေးရန် ပိုက်ဆံမရှိသည့်အပြင် စောင့်ရှောက်မှုအတွက် ပိုက်ဆံပေးရမည်ဟု ထင်ခဲ့ကြောင်းလည်း အမျိုးသမီးများနှင့် မိန်းကလေးများက ပြောသည်။”[၂၈၀]

ဆေးဘက်ဆိုင်ရာ

နိုင်ငံ့ကျန်းမာရေးစနစ်မှတစ်ဆင့် လိင်အကြမ်းဖက်မှု အကျူးလွန် ခံရသူများအတွက် ပေးထားသော ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှု များသည် နည်းပါးပြီး ထိုကဲ့သို့သော ဝန်ဆောင်မှုများ၏ ထောက်ပံ့ မှုသည် အကျူးလွန်ခံရသူများ၏ လိုအပ်ချက်များကို တက်တက် ကြွကြွ မဆောင်ရွက်ဟု အမျိုးသမီး အဖွဲ့များက တင်ပြသည်။[၂၈၁] မုဒိမ်းမှု အကျူးလွန်ခံရသူများနှင့် ဆက်ဆံမှုအတွက် ဆေးရုံများ တွင် တိကျသော လုပ်ထုံးလုပ်နည်း မရှိနိုင်သည့်အပြင် အကျူး လွန်ခံရသူများ ထိတွေ့ဆက်ဆံရသော မြို့နယ်ဆေးဘက်ဆိုင်ရာ အရာရှိအများစုသည် အမျိုးသားများ ဖြစ်ကြသည်။ အရေးပေါ် သန္ဓေတားဆေးများနှင့် ကူးစက်ရောဂါ ကာကွယ်ဆေးများသည် ကျယ်ကျယ်ပြန့်ပြန့် မရရှိနိုင်ပေ။ ထိုကဲ့သို့သော ပံ့ပိုးမှုအင်္ဂါရပ် များသို့ ပို့ဆောင်ခြင်းသည်လည်း ခြေကျင်သာ ရောက်နိုင်သော ရွာတချို့နှင့် အလွန်အမင်း ခက်ခဲနိုင်သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ လွှမ်းမိုးမှုပိုရှိသော ဧရိယာများတွင် ၎င်းအဖွဲ့အစည်းများက ကွပ်ကဲသော ကျန်းမာရေး စနစ်များကဲ့သို့သော အပြိုင်ကျန်းမာရေးစနစ်များသည် လည်ပတ်နိုင်ဖွယ်ရှိသည်။ ဥပမာအနေဖြင့်ကယား (ကရင်နီ) ပြည်နယ်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ခေါင်းခုက ပံ့ပိုးထားသော ခန့်မှန်းခြေအားဖြင့် (၂၀) ရွေ့လျားဆေးခန်းများနှင့် ကျောပိုးအိတ်လွယ်အဖွဲ့ (၄၈) ဖွဲ့ခန့်ရှိသော ကွန်ရက်တစ်ခုမှ တစ်ဆင့် အစိုးရလွှမ်းမိုးခံမဟုတ်သော ကျန်းမာရေးအဖွဲ့များက ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများကို ပေးကြသည်။ တချို့တွင်သတ်မှတ်ထားသော မုဒိမ်းနှောင်း ကုသရေးကိရိယာ တန်ဆာပလာများရှိခြင်းဖြင့် မုဒိမ်းမှုအန္တရာယ်ကို ကျော်လွှန်ခဲ့သူများကို ပေးသော ပံ့ပိုးမှုအဆင့်သည် အဖွဲ့များအကြား ကွဲပြားကြသည်။[၂၈၂] သို့သော်ငြားလည်း ပြင်းထန်သော ကိစ္စများတွင်အဖွဲ့များက အစိုးရကွပ်ကဲသော ဆေးရုံများထံ လွှဲအပ်ခြင်းကို လုပ်ပေးကြလိမ့်မည် ဖြစ်သည်။

“နိုင်ငံတွင်း လိင်ကိုအခြေခံ၍ အကြမ်းဖက်မှုဆိုင်ရာ စံပြုလုပ်ဆောင်ရေး လုပ်ထုံးလုပ်နည်းများကို မူကြမ်း ရေးဆွဲခြင်းအပြင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်

ရှမ်းပြည်နယ်တို့ရှိ လိင်ကိုအခြေခံ၍ အကြမ်းဖက်မှုများအတွက် ဒေသဆိုင်ရာ စံပြုလုပ်ဆောင်ရေး လုပ်ထုံးလုပ်နည်းများကို မူကြမ်းရေးဆွဲခြင်းလည်း”ပါဝင်သော အမျိုးသမီးများ တိုးတက်ရေးအတွက် နိုင်ငံတွင်း မဟာဗျူဟာအစီအစဉ် (“NSPAW”) တစ်ခုကို အကျိုးသက်ရောက်စေရန် အစိုးရက အာမခံထားပြီးဖြစ်သည်။ အမျိုးသမီးများ တိုးတက်ရေးအတွက် နိုင်ငံတွင်း မဟာဗျူဟာ အစီအစဉ်ကို အကောင်ထည်ဖော်ခြင်း အပေါ် လုပ်ငန်းစဉ်တိုးတက်မှုကို စောင့်ကြည့်မှတ်သား စစ်ဆေးရန်ဖွဲ့စည်းထားသည့် အလုပ်လုပ်သော ကော်မတီတစ်ခု မြန်မာနိုင်ငံဆိုင်ရာ အမျိုးသမီး ကော်မတီမှာရှိပြီး အစိုးရ၏ ဖွံ့ဖြိုးတိုးတက်မှု ကူညီပူးပေါင်းဆောင်ရွက်ရေးဌာန (“DACU”) မှာလည်း ၎င်း၏ အကျိုးသက်ရောက်သော အကောင်အထည် ဖော်ခြင်းကို ပံ့ပိုးရန် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့တစ်ဖွဲ့ရှိသည်။

လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန သည် လိင်အခြေပြုအကြမ်းဖက်မှုအန္တရာယ်ကို ကျော်လွန်လာ သူများအတွက် တယ်လီဖုန်းလိုင်းများကို စတင်ပြုလုပ်ပြီး ဖြစ်သော်လည်း “နိုင်ငံအတိုင်းအတာမှာ ဝန်ထမ်းအယောက် (၃၀) တည်းနှင့် လုပ်နိုင်စွမ်း အကန့်အသတ်ရှိနေပြီး ဖုန်းခေါ်လာတဲ့ တိုင်ကြားချက်တွေဟာ ပြန်လည်မဖြေကြားဘဲ ဖြစ်သွား သည်”ဟု၂၀၁၇ခုနှစ်တွင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အထူးအစည်းအဝေးမှတ်တမ်း အစီရင်ခံသူက မှတ်ချက်ပြု သည်။[၂၈] ထိုကဲ့သို့သော တရားဝင်ဖြစ်သည့် လွှဲပြောင်းရေး စနစ်များကို စတင်ပြုလုပ်ပြီး မြင့်တင်လင့်ကစား ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုများတွင် အကယ်၍ ၎င်းစနစ်များသည် အစိုးရကိုယ်စားလှယ်အဖွဲ့များကို လွှဲပြောင်း ပေးခြင်းတွင် အများဆုံး အကျုံးဝင်နေလျှင် ၎င်းစနစ်များသည် သင့်လျော်သော လွှဲပြောင်းရေးယန္တယားများ ဖြစ်သလားကို ဂရုတစိုက်သုံးသပ်ခြင်း ပြုရန်လိုအပ်လိမ့်မည်။

တရားဝင် ပံ့ပိုးရေး ယန္တရားများ မရှိခြင်းတွင် လိင်အကြမ်းဖက်မှု အကျူးလွန်ခံရသူများအတွက် တရားဝင်မဟုတ်သော ပံ့ပိုးရေး အဖွဲ့အစည်းများ၏ ခိုင်မာသောကွန်ရက်များသည် ထွက်ပေါ် လာကြသည်။ ( မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့အစည်း၊ အမျိုးသမီး အဖွဲ့အစည်း ကွန်ရက်၊ အမျိုးသား အမျိုးသမီး တန်းတူညီမျှရေးကွန်ရက်၊ ကရင်နီ အမျိုးသမီးများ အဖွဲ့အစည်း (“KNWO”)၊ ထိုင်းနိုင်ငံရှိ ကချင်အမျိုးသမီးများ အဖွဲ့အစည်း (“KWAT”)၊ ရှမ်းအမျိုးသမီးများ လှုပ်ရှားမှုကွန်ရက်နှင့် တာအန်း အမျိုးသမီးများ အဖွဲ့အစည်း (“TWO”) တို့ကဲ့သို့သော) အမျိုးသမီး အဖွဲ့အစည်းများနှင့် နှစ်ခြင်းခရစ်ယာန် အသင်းတော် အပါအဝင် ဘာသာရေး အဖွဲ့အစည်းများသည် ကူညီထောက်ပံ့ရေးနှင့် ကာကွယ်ရေးတို့တွင် အရေးပါလှသော အခန်းကဏ္ဍတစ်ခုတွင် ပါဝင်ကြသည်။ လုံခြုံသော နေရာထိုင်ခင်းအတွက် ရွေးစရာများ အပါအဝင် အကျူးလွန်ခံရသူများနှင့် သက်သေများအတွက် အကာအကွယ်အပြင် လူမှုရေးစိတ်ပိုင်း ဆိုင်ရာ အကြံပေးရေးနှင့်တရားရေးဆိုင်ရာ ပံ့ပိုးမှုတို့ပါဝင်သော အမျိုးစုံ ကျယ်ပြန့်သည့် အကူအညီပေးရေး စီမံချက်များကိုလည်း အဓိက ပုဂ္ဂိုလ်များ၏ ကောင်းစွာ ပူးပေါင်းပြီး အလုပ်တွင် နှစ်မြုပ် ထားသော ကွန်ရက်တစ်ခုက စီစဉ်ပေးထားပြီး ဆက်လက်စီစဉ် ပေးထားမည် ဖြစ်သည်။ ကိစ္စတစ်ခုစီ၏ တိကျသော အသေးစိတ် အချက်အလက်များပေါ် မူတည်၍ ၎င်းသည် ထိရောက်သော ကာကွယ်ခြင်းနှင့်ပံ့ပိုးခြင်းတို့အတွက် အကောင်းဆုံး ရွေးစရာ အဖြစ် ကျန်ရစ်နိုင်သည်။

(လူသားချင်းစာနာမှုဆိုင်ရာ အခွင့်အလမ်းကို ပုံမှန်ပိတ်ဆို့ ထား သော်ငြားလည်း) ပံ့ပိုးမှုနှင့်လွှဲပြောင်းမှုတို့အတွက် ပိုမိုသော ရွေးစရာများသည် ပြည်တွင်းရှိ ထွက်ပြေးတိမ်းရှောင်သူများ၏ စခန်းများနှင့် မြန်မာနိုင်ငံပြင်ပရှိ ဒုက္ခသည်စခန်းများအတွင်းတွင် တည်ရှိနေဖွယ်ရှိသည်။ ပြီးလျှင် ၎င်းတို့ စတင်ထားပြီးဖြစ်သော ဝန်ဆောင်မှုများသည် နိုင်ငံတကာ အထောက်အပံ့၏ စည်းကမ်း ချက်ကို ပေါ့လျော့စေခြင်း သို့မဟုတ် ပုံတူနေခြင်းမဖြစ်အောင် သေချာစေရန် ဒေသဆိုင်ရာ ပံ့ပိုးရေးကွန်ရက်များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းသည်အဓိက သော့ချက်ဖြစ်သည်။

ကယား (ကရင်နီ) ပြည်နယ်၊ ကရင် (ကယန်း) ပြည်နယ်နှင့် မွန် ပြည်နယ်ရှိ နယ်မြေအကန့်က ရရှိနိုင်သော ဝန်ဆောင်မှုများဆိုင် ရာ အသေးစိတ်အချက်အလက်အတွက် UNFPA မြန်မာ၊ ‘အင် အားကြီးမားသော ဒဏ္ဍာရီများ၊ ဝှက်ထားသော လျှို့ဝှက်ချက်များ’ (၂၀၁၇) http://myanmar.unfpa.org/sites/default/files/pub-pdf/PowerfulMythsHiddenSecrets_EDITED.pdf. ကို ကြည့်ပါ။

## အခန်း (၈) ။ ။ အန္တရာယ်ကင်းရေးနှင့် စိတ်ပိုင်းဆိုင်ရာလုံခြုံရေး

### (က) နိဒါန်း

"အန္တရာယ်ကင်းရေးနှင့် စိတ်ပိုင်းဆိုင်ရာလုံခြုံရေး သုံးသပ်ခြင်းများသည် ပဓာန အရေးပါခြင်းဖြစ်ပြီး ၎င်းအယူအဆနစ်ခုလုံးသည် ဆက်နွယ်နေသည်"ဟု ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၏ အခန်း (၈)က ရှင်းပြသည်။[၂၈၇] လက်တွေ့လုပ်ဆောင်သူများသည် "၎င်းတို့အလုပ်များ၏ အန္တရာယ်ကင်းရေးနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံရေး သွင်ပြင်များနှင့် ၎င်းတို့ကိုယ်တိုင်အပြင် အကျူးလွန်ခံရသူများ၊ သက်သေများနှင့် ထိုသူတို့၏ မိသားစုများ၊ အသိုင်းအဝိုင်းများအတွက် ပေါ်ပေါက်လာနိုင်သော အန္တရာယ်များကို သိရှိနားလည်မှု" ရှိနေရန် လိုအပ်သည်။[၂၈၈]

စစ်တပ်အုပ်ချုပ်မှု အဆုံးသတ်သွားကတည်းက မြန်မာနိုင်ငံ၏ အစိတ်အပိုင်းများတွင် အရပ်သားလူ့အဖွဲ့အစည်းအတွက် နေရာကို အတိုင်းအတာတစ်ခုအထိ ဖွင့်လှစ်ပေးထားပြီး ဖြစ်သော်လည်း နိုင်ငံ၏ ပဋိပက္ခအကျိုးသက်ရောက်သော အစိတ်အပိုင်းများတွင် လူ့အခွင့်ရေး ပတ်ဝန်းကျင်သည် အလွန်အမင်း ခက်ခဲကျန်နေဆဲဖြစ်သည်။

အထူးသဖြင့် ပဋိပက္ခနှင့် ဆက်စပ်သော အကြမ်းဖက်မှုနှင့် ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုများကို မှတ်တမ်းတင်ခြင်းသည် အထူးပင် အထိမခံ ဖြစ်နေဆဲဖြစ်သည်။ ဤအလုပ်သည် အကျူးလွန်ခံရသူများ၊ သက်သေများနှင့် မှတ်တမ်းတင်သူများအတွက် အရေးပါသော စိတ်ပိုင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုကို ဖြစ်ပေါ်စေရန် အလားအလာရှိသည်။

အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း မှတ်တမ်းတင်သူများနှင့် အကျူးလွန်ခံရသူများ နှစ်ဘက်စလုံးအတွက် စိတ်ပိုင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများသည် အမှုတစ်ခုစီ၏ အသေးစိတ်အချက်အလက်များပေါ်တွင် မူတည်နေသည်။ ၎င်းတို့သည် ပထဝီဝင်အလိုအားဖြင့်လည်း သိသိသာသာ ကွဲပြားနိုင်သည်။ ဥပမာအားဖြင့် ပဋိပက္ခ ဖြစ်ပွားနေသော နေရာများတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများသည် ထကြွသော စစ်မက်မရှိသည့် နေရာတစ်ခုခုမှ စိန်ခေါ်မှုများနှင့် အတော်ပင် ကွဲပြားနိုင်ဖွယ် ရှိသည်။ မှတ်တမ်းတင်သူသည် တိကျသောနေရာတစ်ခုနှင့် တိကျသော အကျူးလွန်ခံရသူများကို မည်သို့ဖြစ်စေ ရောက်ရှိခွင့်၊ တွေ့ဆုံခွင့်ရှိသည်လား ဆိုသည်ကို ဤသည်က အကျိုးသက်ရောက်နိုင်သည်။

လက်တွေ့လုပ်ဆောင်သူများသည် ၎င်းတို့နှင့် အကျူးလွန်ခံရသူများသည် စောင့်ကြည့်ခံနေရနိုင်သည်ကို နားလည်သိရှိနေရန် လိုအပ်သည်။ "လုံခြုံရေး ပူပန်သောကများကြောင့် လူ့အခွင့်အရေးများကို စောင့်ကြည့်ကြပ်မတ်ခြင်းသည် ပွင့်လင်းစွာ မဖြစ်ပွားနိုင်ပေ။ စစ်တပ်နှင့် ရဲများက အကျူးလွန်ခံရသူများကို ဆိတ်ဆိတ်နေအောင် မကြာခဏ ခြိမ်းခြောက်သောကြောင့် ကွင်းဆင်းဆောင်ရွက်သူများနှင့် ၎င်းတို့နှင့် ဆက်ဆံရသော လူများသည် အပစ်အခတ်ရပ်စဲထားသော နေရာများတွင်တောင်မှ လုံခြုံရေးအန္တရာယ်နှင့် ရင်ဆိုင်ကြရသည်။ အကယ်၍ စစ်တပ် သို့မဟုတ် ရဲအဖွဲ့ဝင်တစ်ယောက်က ကွင်းဆင်း ဆောင်ရွက်သူတစ်ယောက်သည် လူ့အခွင့်ရေး ဖောက်ဖျက်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းနေသည်ဟု တွေ့ရှိသွားလျှင် ၎င်းပုဂ္ဂိုလ်ကို ဖိနှိပ်ချုပ်ချယ်သော ဥပဒေများဖြင့် ဖမ်းခြင်း၊ ဒုက္ခပေးခြင်း သို့မဟုတ် ပြင်းထန်သော ဒဏ်ပေးခြင်းတောင်မှ ပြုလုပ်ခံရဖွယ် ရှိနိုင်သည်" ဟု ဒေသဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုက ရှင်းပြသည်။[၂၈၉]

လက်တွေ့လုပ်ဆောင်သူများသည် လုံးဝဥဿုံ လုံခြုံရေး ဗျူဟာတစ်ခုကို ရွေးချယ်ခြင်းနှင့် လက်တွေ့လုပ်ဆောင်သူများ၊ သတင်းအချက်အလက်များနှင့် အကျူးလွန်ခံရသူများ၊ သက်သေများ၏ အန္တရာယ်များကို ထိန်းချုပ်ရန် နည်းလမ်းများပါဝင်သော၊ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၏ အခန်း (၈)တွင် အကြမ်းဖျင်းဖော်ပြထားသည့် အကောင်းဆုံး အလေ့အထများကို ဂရုတစိုက် မှတ်သားထားသင့်သည်။ ၎င်းတွင် "အန္တရာယ်ကင်းရေးနှင့် လုံခြုံရေး သုံးသပ်ချက်များသည် ထိခိုက်နစ်နာမှု မဖြစ်စေရေး မူဝါဒနှင့် ဆက်စပ်နေပြီး လုပ်ဆောင်ချက်များကို အစီအစဉ်ဆွဲခြင်း၊ အကျူးလွန်ခံရသူများနှင့် သက်သေများကို မည်သို့ချဉ်းကပ်မည်၊ မည်သည့်နေရာတွင်တွေ့မည်ကို ရွေးချယ်ခြင်း၊ မှတ်တမ်းပြုစုခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် သတင်းအချက်အလက်များကို သိမ်းဆည်းခြင်းတို့မှစ၍ လွှဲပြောင်းပေးအပ်ခြင်းများအထိ မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်တစ်လျှောက် လက်တွေ့လုပ်ဆောင်သူက ပြုလုပ်ရမည့် ဆုံးဖြတ်ချက် သို့မဟုတ် ပြုလုပ်မှု တစ်ခုခုကို ကျောထောက်နောက်ခံ ပြုထားသင့်သည်" ဟု ဖော်ပြထားသည်။[၂၉၀]

### လက်တွေ့လုပ်ဆောင်သူများအတွက် အန္တရာယ်များကို စီမံလုပ်ဆောင်ခြင်း

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများတွင် အကြမ်းဖျင်း ဖော်ပြထားသော လက်တွေ့လုပ်ဆောင်သူများ၏ ဥပမာ အန္တရာယ်များအရ အောက်ပါတို့သည် မြန်မာနိုင်ငံ အခြေအနေနှင့် အဆက်စပ်နိုင်ဆုံး ဖြစ်ဖွယ်ရှိသည်။

- ယာဉ်ကြောပိတ်ဆို့မှု မတော်တဆများ
- စိတ်ဖိစီးခြင်း၊ အလွန်ပင်ပန်းခြင်း၊ တစ်ဆင့်ခံ စိတ်ဒဏ်ရာနှင့် စိတ်ဒဏ်ရာကြောင့် စိတ်ဖိစီးမှုမှုမမှန်ခြင်း
- ရက်စက်ကြမ်းကြုတ်လိုစိတ် ပြတ်တောင်းပြတ်တောင်း ပေါ်ပေါက်ခြင်းများ
- စုံစမ်းစစ်ဆေးမှုအောက်ရှိ တစ်ဦးချင်း သို့မဟုတ် အဖွဲ့များနှင့်၊ ၎င်းတို့၏ ပံ့ပိုးသူများက အတိအကျ ပစ်မှတ်ထားခြင်း

- လက်ဖြစ်ပေါက်ကွဲပစ္စည်းကိရိယာများ ("IEDs")၊ မထိန်းသိမ်းနိုင်သော ပြဌာန်းအမိန့်ဥပဒေများနှင့် စစ်ပွဲအပျက်အစီးများ
- အမြောက်ဖြင့်ပစ်ခတ်ခြင်း သို့မဟုတ် တိုက်ခိုက်ခြင်း
- သဘာဝဘေးအန္တရာယ်များ (ဥပမာ။ ။ ရေလွှမ်းခြင်းများ၊ မြေပြိုခြင်းများ သို့မဟုတ် ပြင်းထန်သော ရာသီဥတုအခြေအနေများ)
- သူခိုးခိုးခြင်း
- ရုံးခန်းကို ရုတ်တရက် ဝင်မွှေခြင်းနှင့် ဝရမ်းမပါဘဲ ရှာဖွေခြင်း
- တရားရေးအရ နှောင့်ယှက်ခြင်း၊ အာဏာရှင်ဆန်သော ဖမ်းဆီးခြင်း/ ထိန်းသိမ်းခြင်း (အထူးသဖြင့် ပြည်တွင်း လက်တွေ့လုပ်ဆောင်သူများအတွက်)
- မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းခြင်း (ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက်)
- ပြည်ဝင်ခွင့် ဗီဇာများကို ပိတ်ပင်ခြင်းနှင့် တခြား အုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးများ (နိုင်ငံခြားသားများအတွက်)

ထို့အပြင် အောက်ပါ သတ်မှတ်ထားသော အန္တရာယ်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

- အစိုးရက အိမ်များ၏ သန်းခေါင်စာရင်းကို စစ်ဆေးခြင်းများ
- စစ်ဆေးရေးဂိတ်များတွင် ရှာဖွေခြင်း

သင့်လျော်သော နေရာတွင် ဂရုတစိုက် သုံးသပ်ပြီး အောင်မြင်အောင် ဆောင်ရွက်သင့်သော ၎င်းအန္တရာယ်များမှ အမြောက်အမြားအတွက် လျော့ပေါ့ရေးနည်းလမ်းများကို ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၏ စာမျက်နှာ (၁၀၈-၉) တို့ရှိ ဇယား (၃)တွင် အကြမ်းဖျင်း ဖော်ပြထားသည်။

**ဇယား (၉)။ ။ သွယ်ဝိုက်ရရှိသော စိတ်ဒဏ်ရာကို ဖော်ထုတ်ခြင်း**

အလွန် သတိပြုမှုလိုအပ်သော ကိစ္စတစ်ရပ်သည် ဖြစ်ဆဲ အခြေခံအကြောင်းတစ်ရပ်ရှိ ဤသို့ ပြင်းထန်သော ရာဇဝတ်မှုများကို မှတ်တမ်းတင်သောအခါ သွယ်ဝိုက်ရရှိသော စိတ်ဒဏ်ရာထံမှ လက်တွေ့ဆောင်ရွက်သူများ ရင်ဆိုင်ရသော အန္တရာယ်ဖြစ်သည်။[၂၉၁]

အဖွဲ့အစည်းသည် ၎င်း၏ ဝန်ထမ်းများ၏ ကျန်းမာပျော်ရွှင်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဦးချင်း မိမိကိုယ်ကိုယ် ဂရုစိုက်ခြင်းနည်းဗျူဟာများသည် တာရှည် စိတ်ဖိစီးခြင်း၊ သွယ်ဝိုက် စိတ်ဒဏ်ရာရခြင်းနှင့် ကိုယ်အားစိတ်အား ချုံးချုံးကျခြင်းတို့ကို ကြိုတင်ကာကွယ်ရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် မုချလိုအပ်သည်။ နောက်ထပ် သတင်းအချက်အလက်များအတွက် လူ့အခွင့်အရေး အထူးအရာရှိကုလသမဂ္ဂရုံး၊ ' လူ့အခွင့်အရေး စောင့်ကြည့်ကြပ်မတ်ရေးဆိုင်ရာ လက်စွဲ၊ စိတ်ဒဏ်ရာနှင့် မိမိကိုယ်ကိုယ် ဂရုစိုက်ခြင်း'၊ (၂၀၁၁) <http://www.ohchr.org/Documents/Publications/Chapter12-MHRM.pdf>တွင် ကြည့်ပါ။

## (ဂ) သတင်းအချက်အလက်ဆိုင်ရာ အန္တရာယ်များကို စီမံလုပ်ဆောင်ခြင်း

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၏ အခန်း(၈)တွင် ဖော်ပြထားသော သတင်းအချက်အလက်များ၏ အန္တရာယ်အားလုံးသည် မြန်မာနိုင်ငံရှိ လက်တွေ့ ဆောင်ရွက်သူများအတွက် ဖြစ်လာနိုင်သော အန္တရာယ်များ ဖြစ်ကြသည်။ ထိရှလွယ်သော ကိစ္စရပ်များနှင့် ဆက်ဆံရသောအခါ လက်တွေ့လုပ်ဆောင်သူများသည် လုံခြုံစိတ်ချရသော ဆက်သွယ်ရေးနည်းလမ်းများကို အချိန်တိုင်း အသုံးပြုကြောင်း သေချာသင့်ပြီး အွန်လိုင်းပေါ်တွင် တင်သော သတင်း အချက်အလက်များနှင့် ဆိုရှယ်မီဒီယာ အသုံးပြုခြင်းတို့ကို အလွန်ဂရုစိုက်ရမည်။

မြောက်မြားစွာသော အဖွဲ့အစည်းငယ်များသည် လုံခြုံစိတ်ချရသော ဒီဂျစ်တယ်စနစ်ဖြင့် သိမ်းဆည်းသော ဆော့ဖ်ဝဲ မတပ်ဆင်ရသေးပေ။ သို့သော်လည်း ဂရုတစိုက် ပုံစံ ရေးဆွဲထားသော သက်သေပစ္စည်း ကိုင်တွယ်ခြင်းနှင့် သိမ်းဆည်းခြင်း လုပ်ထုံးလုပ်နည်း တစ်ခုက ဖိုင်များ၏လုံခြုံသော သိုလှောင် ခြင်းအတွက် ခွင့်ပြုသော အခမဲ့ဝန်ဆောင်မှုတချို့ကို အကျိုးရှိရှိ အသုံးချနိုင်သည်။ ဒီဂျစ်တယ်နှင့် ဒြပ်ထုသိမ်းဆည်းခြင်း နှစ်ခု စလုံးအတွက် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ် ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်း စည်းကမ်းများ၏ အခန်း(၁၃) တွင်ပါဝင်သော အချက်အလက်များ (သိမ်းဆည်းခြင်းနှင့် ကိုယ်တွယ်ခြင်းဆိုင်ရာ အချက်အလက်များ) ကိုဂရုတစိုက် မှတ်စုထုတ်ထားသင့်သည်။

## အကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ၏ အန္တရာယ်များကို စီမံလုပ်ဆောင်ခြင်း

အခန်း (၇)တွင် ပိုမိုအသေးစိတ် ရှင်းပြထားသည့်အတိုင်း၊ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၏ အခန်း (၈)တွင် ဖော်ပြထားသော အကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ၏ အန္တရာယ်များအရ အောက်ပါတို့သည် မြန်မာနိုင်ငံတွင် ရင်ဆိုင်ရရန် ပိုမိုဖြစ်နိုင်ဖွယ်ရှိသည်။

- ကျူးလွန်သူများက ခြိမ်းခြောက်ခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်း
- ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းထားခြင်း
- လူမှုရေးအမည်းစက်
- ကွာရှင်းခြင်း၊ မိသားစုမှပယ်ထားခြင်း၊ လက်ထပ်နိုင်ခွင့် လျော့နည်းခြင်း
- ဝန်ဆောင်မှုပေးသူများ၊ လက်တွေ့ဆောင်ရွက်သူများနှင့်/ သို့မဟုတ် တရားရေး စနစ်၏ လိင်အပေါ်မူတည်၍ တုန့်ပြန်ဆောင်ရွက်တတ်မှု နည်းပါးခြင်းကြောင့် မိမိကိုယ်ကိုယ် ထိခိုက်စေခြင်း သို့တည်းမဟုတ် သတ်သေခြင်းထိပင် ဖြစ်စေနိုင်သော ပြန်လည် စိတ်ဒဏ်ရာရခြင်း

- (အမျိုးသားများအတွက်) အလိုတူမဟုတ်ဘဲ ၎င်း လုပ်ဆောင်မှုများ ဖြစ်ခဲ့လျှင်တောင်မှ လိင်တူဆန့်ကျင်သော ဥပဒေများအရ "လိင်တူဆက်ဆံမှုများ" အတွက် အကျဉ်းချခံရခြင်း

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများတွင် အလေးပေးထားသည့်အတိုင်း၊ "မှတ်တမ်းတင်ခြင်းဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း အဆင့် ကာလတစ်လျှောက်လုံးနှင့် ကိုယ်တိုင်တွေ့ဆုံမှု ပြုလုပ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်တစ်ခုခုကို မချမီ တစ်ဦးချင်းဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် အသိုင်းအဝိုင်းဆိုင်ရာ အန္တရာယ်များနှင့် ပတ်သက်၍ အကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများကို အကြံပေးရမည်။ သို့သော်ငြားလည်း အကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများသည် တစ်ခါတရံတွင် ခြိမ်းခြောက်မှုများကို သတိမမူမိခြင်းကို သတိပြုသင့်ပြီး နိုင်နိုင်နင်းနင်း လုပ်ကိုင်နိုင်သော ယန္တရားတစ်ခုအဖြစ် ၎င်းတို့၏ အန္တရာယ်များကို လျှော့ချခြင်း သို့တည်းမဟုတ်၊ သတင်းမှားရရှိခြင်း သို့မဟုတ် အတိတ်မှ စိတ်ဒဏ်ရာ အတွေ့အကြုံများ၏ အကျိုးသက်ရောက်မှုကြောင့် အကြောက်တရားများ မဖြစ်ပေါ်စေခြင်းကို ပြုလုပ်ရမည်။[၂၆၂]

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၏ စာမျက်နှာ (၁၁၆ - ၁၁၇) တို့က ၎င်းအန္တရာယ်များအရ အကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများကို ကာကွယ်ရန် ပြုလုပ်သင့်သည့် ဂရုတစိုက် လိုက်နာအပ်သော အဆင့်အချို့ကို စီစဉ်ထားသည်။

# အခန်း (၁၀)။ မြန်မာနိုင်ငံရှိ လိင်အကြမ်းဖက်မှုများတွင် သက်သေအမျိုးအစားများ

## (က) နိဒါန်း

ပဋိပက္ခနှင့်ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှုကို သက်သေပြရန် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်အတွင်းတွင် စုဆောင်းနိုင်သော ကွဲပြားသည့် သက်သေအထောက်အထား အမျိုးအစားများအပြင် ထိုကဲ့သို့သော သက်သေ အထောက် အထားများနှင့် ဆက်စပ်အန္တရာယ်များကို မည်သို့ စုဆောင်း ရမည်ကိုပါ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုများကို စုံစမ်း စစ်ဆေးခြင်းနှင့်မှတ်တမ်းတင်ခြင်းဆိုင်ရာနိုင်ငံတကာစည်းမျဉ်းစည်းကမ်းများ၏အခန်း (၁၀) တွင် ဖော်ပြထားသည်။ တိကျသော မြန်မာနိုင်ငံ သက်သေအထောက်အထားဆိုင်ရာနှင့် မြန်မာနိုင်ငံ တရားဝင်လုပ်ဆောင်ခြင်းများတွင် ထိုကဲ့သို့သော သက်သေ အထောက်အထားကို အသုံးပြုခြင်းအတွက် လုပ်ထုံးလုပ်နည်း ဆိုင်ရာ သတ်မှတ်ချက်များအပေါ် အကျဉ်းချုပ် အသေးစိတ် အချက်အလက်များကို အောက်ပါအခန်းက ဖော်ပြထားသည်။

## (ခ) ထွက်ဆိုချက်သက်သေ

သက်သေထွက်ဆိုချက်ကို လက်ခံခြင်းသည် ယေဘုယျအားဖြင့် သက်သေခံဥပဒေ ၁၈၇၂ အရ အကျုံးဝင်သည်။

အရပ်တွင် နှုတ်သက်သေခံချက်နှင့် ပြစ်မှုဆိုင်ရာ လုပ်ငန်းစဉ်များသည် တိုက်ရိုက်သိဖြစ်ရမည်။ ဆိုလိုသည်မှာ ကောလဟာလ ( ဖြစ်အပျက်၏ အကြောင်းအရာ အထောက်အထားအဖြစ် တခြားတစ်စုံတစ်ယောက်က မိမိကို ပြောသော အရာကို ပြန်ပြောပြခြင်း) မပါဝင်ရပေ။[၂၉၃]

ပြစ်မှုဆိုင်ရာ ကိစ္စများတွင် ခြွင်းချက်တချို့ ကျင့်သုံးသော်လည်း လက်တွေ့တွင် ကောလဟာလကို "နာမည်ဆိုးဖြင့် ကျော်ကြားခြင်း သို့တည်းမဟုတ် ဂုဏ်သတင်း ဆိုးခြင်း"[၂၉၄] ၏ အထောက်အထားအဖြစ် လက်ခံသည့်အပြင် လက်ရှိတွင် သေသွားပြီး ဖြစ်သူများ၏ "သေဆုံးသူ၏ ရေးသားချက်များ"[၂၉၅] ကို သက်သေပေး၍ ရသည်။

## (ဂ) စာရွက်စာတမ်းသက်သေ

မြန်မာနိုင်ငံမှာ သတင်းအချက်အလက် ဥပဒေဆိုင်ရာ လွတ်လပ်ခြင်း မရှိသည့်အပြင် အစိုးရဌာနများမှာ သတင်းအချက်အလက်ကို ရနိုင်ခွင့် ပေးရန် ပုံမှန်အားဖြင့် ဥပဒေအရ တာဝန်မရှိပေ။[၂၉၆]

**ဇယား (၁၀) ဆရာမများကို မုဒိမ်းကျင့် သတ်ဖြတ်ခြင်းတွင် ရရှိသော ရုပ်ပိုင်းဆိုင်ရာ သက်သေများကို စုဆောင်းခြင်းနှင့် ပတ်သက်သည့် အချက်များ**

ရွာထဲတွင် ခေတ္တနေသော စစ်သားများက ကျူးလွန်ခဲ့သည်ဟု စွပ်စွဲကြသော၂၀၁၅ခုနှစ်၌ ကချင်ပြည်နယ်မှ ဆရာမနှစ်ယောက်ကို ထင်ထင်ပေါ်ပေါ် မုဒိမ်းကျင့်သတ်ဖြတ်မှုတွင် သက်သေအထောက်အထား စုဆောင်းခြင်းအတွက် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်ပျက်ကွက်သော ရဲများနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန် ပူပန်မှုများကို ဖော်ပြခဲ့ကြပြီး ဖြစ်သည်။ ရဲများသည် သက်သေအထောက်အထားများကို စုဆောင်းခဲ့သော်လည်း သင့်တော်သော သက်သေထည့် အလုံအိတ်များတွင် သိမ်းဆည်းကာ တံဆိပ်ကပ်ရန် ပျက်ကွက်ပြီး ၎င်းအစား အစားအစာ ထုပ်ပိုးခြင်းအတွက် သုံးလေ့ရှိသော သာမန်ပလပ်စတစ်အိတ်များကို သုံးခဲ့သည်ဟု စွပ်စွဲခံထားရသည်။ ၎င်းတို့သည်လက်ဗွေများကို ကောင်းစွာ မစုဆောင်းခဲ့ကြဟုလည်း အစွပ်စွဲခံထားရသည်။ ထို့အပြင် အကျူးလွန်ခံရသူများထံမှ ရရှိသော သုက်ပိုးနမူနာများသည် ပျောက်သွားသည် သို့တည်းမဟုတ် သုံးနှစ်ကြာသည် အထိ လုပ်ဆောင်နေဆဲဖြစ်သည်။[၂၉၇]

အစိုးရမှတ်တမ်းများသည် လူသိရှင်ကြားမဟုတ်ဘဲ အထူးသဖြင့် ၎င်းတို့ကို သတိထားရမည်ဟုယူဆလျှင် ၎င်းမှတ်တမ်းများနှင့် စာရွက်စာတမ်းများကို အများပြည်သူများက အသုံးပြုခွင့်ရရှိရန် ဖြစ်နိုင်ဖွယ်မရှိပေ။[၂၉၈] ထိုကဲ့သို့သော စာရွက်စာတမ်းများအား အသုံးပြုခွင့်ကို သက်ဆိုင်ရာဌာနရှိ အစိုးရအရာရှိ တစ်ဦးချင်းစီက ၎င်းတို့၏ ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းများအရ ဆုံးဖြတ်လိမ့်မည်။

သို့သော်လည်း ရှေ့နေများ၏ ပြောကြားချက်အရ၊ ကြားနာမှုအတွင်းတရားရုံးတွင် လက်ခံသော အမှုတွဲနှင့် သက်ဆိုင်သော စာရွက်စာတမ်းအားလုံးကို ရှေ့နေများ၊ တရားခံများနှင့် တရားခံ၏ မိသားစုဝင်များအတွက်ကူးယူခွင့်ပြုခြင်းသည်တရားရုံးတွင် ပြုနေကျအလေ့အထဖြစ်သည်။ တရားရေးဆုံးဖြတ်မှုပြီးသော နောက်တွင် ထိုအမှုတွဲ စာရွက် စာတမ်းများကို ၎င်းရှေ့နေများက ကျင့်ဝတ်ဝတ္တရားအရ ခွင့်ပြုသည့် အခြားစိတ်ဝင်စားသော အဖွဲ့များကို ပေးနိုင်သည်။[၂၉၉]

## (ဃ) ရုပ်ပိုင်းဆိုင်ရာသက်သေ

ရုပ်ပိုင်းဆိုင်ရာ သက်သေစုဆောင်းခြင်းနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို သက်သေခံအက်ဥပဒေနှင့် ရဲလက်စွဲ (၂၀၀၁) တို့တွင် ထည့်သွင်းထားသည်။ သက်သေများကို ကောင်းစွာကိုင်တွယ်ခြင်းနှင့် အစီစဉ်တကျ ထိန်းသိမ်းမှုသတ်မှတ်ချက်များကဲ့သို့သော အချက်များသည် ၎င်းတို့တွင် အကျုံးဝင်သည်။[၃၀၀] သို့သော် ရဲများသည် ၎င်းလုပ်ထုံး လုပ်နည်းများကို လိုက်နာရန် မကြာခဏ ပျက်ကွက်ပြီး သက်သေအထောက်အထား ညစ်ညမ်းမှု အန္တရာယ်သို့ ဆိုက်ရောက်စေ သည်။[၃၀၁]

မုဒိမ်းမှုကို သက်သေပြရန် အတည်ပြုခြင်းကို တရားဝင် လိုအပ်ခြင်း မရှိဆိုသော အချက်ရှိသော်လည်း (အထက်ပါ အခန်း ၄ ကို ကြည့်ပါ) ထိုကဲ့သို့သော အမှုများတွင် ဆေးဘက်ဆိုင်ရာ သက်သေ အထောက်အထားကို အရေးပါသည်ဟု မကြာခဏ ယူဆကြသည်။[၃၀၂] အခင်းဖြစ်ရာ နေရာနှင့် အနီးဆုံးဆေးရုံမှ မှူခင်းဆရာဝန်နှင့် ဓာတုဗေဒဆိုင်ရာ ဓာတ်ခွဲခြင်းအတွက်မူ ပြည်ထဲရေးဝန်ကြီးဌာန၏ ဓာတုဗေဒဌာနတို့က ပြုလုပ်ပေးမှ သာလျှင် ဆေးဘက်ဆိုင်ရာ သက်သေတစ်ခုကို တရားရုံးတွင် တင်ပြခွင့်ပြုသည်။

# အဆုံးသတ်မှတ်စုများ

[၁] ဆာရာဖယ်ရိုရီဘယ်ရို (Sara Ferro Ribeiro) နှင့် ဒန်နေးဗန်ဒါဆထရာတန်ပွန်သိုဇ် (Danaé van der Straten Ponthoz) တို့သည် ဗြိတိသျှအစိုးရ၏ နိုင်ငံခြားရေးနှင့် ဓနသဟာယရုံး (မတ်လ ၂၀၁၇) ၏ ကိုယ်စား "ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းပြုခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ" - လိင်အကြမ်းဖက်မှု သို့မဟုတ် နိုင်ငံတကာဥပဒေကို ချိုးဖောက်မှုကို ရာဇဝတ်မှုအဖြစ် မှတ်တမ်းတင်ခြင်းတွင် အကောင်းဆုံး လမ်းညွှန်၊ ဒုတိယအကြိမ်ထုတ်ဝေမှု၊ စာမျက်နှာ ၁၁ https://www.gov.uk/government/uploads/system/uploads/attachment_data/file/598335/International_Protocol_2017_2nd_Edition.pdf.

[၂] CARSV ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဤဖြည့်စွက်မှမ်းမံချက်တွင် အသုံးအနှုန်းကို သိရှိလိုပါက လုပ်ထုံးလုပ်နည်း ၂ ၏ စာမျက်နှာ ၁၁ နှင့် ဤဖြည့်စွက်မွမ်းမံချက်၏ အခန်း ၂ တွင် ဖတ်ရှုပါ။

[၃] လုပ်ထုံးလုပ်နည်း ၂၊ စာမျက်နှာ 11

[၄] လုပ်ထုံးလုပ်နည်း ၂ (IP2) တွင် ပဋိပက္ခနှင့် ရက်စက်ယုတ်မာမှုဆိုင်ရာ လိင်အကြမ်းဖက်မှု ("CARSV") ကို ကျူးလွန်ပြီးနောက် နှစ်ပေါင်း ဆယ်နှင့်ချီ၍ကြာပြီးသည့်အခါ၌ပင် စီရင်နိုင်ခဲ့ပုံကို အသေးစိတ်ဖော်ပြထားသည် (စာမျက်နှာ ၁၄၈)။ ဘော့စ်နီယားနှင့် ဟာဇယ်ဂိုဗီးနားတွင် လိင်အကြမ်းဖက်မှုကို ထိုဖြစ်ရပ်များပြီးနောက် နှစ် ၂၀ အကြာတွင် အောင်မြင်စွာ တရားစီရင်နိုင်ခဲ့သည်။ အာဂျင်တီးနားတွင် ကျူးလွန်ခဲ့ပြီး နှစ် ၃၀ ကြာခဲ့ပြီးဖြစ်သော မုဒိမ်းမှုအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအမှုများ ကျူးလွန်ခဲ့သူများကို တရားစီရင်နိုင်ခဲ့သည် (ဥပမာ - အာဂျင်တီးနားမှ တယ်လီဆာတွင် အမေရိကန်မှ ဆင်နွှဲသော ညစ်ပတ်ယုတ်မာသည့် စစ်ပွဲတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအမှုများအတွက် လူ ၆ ဦးကို တစ်သက်တစ်ကျွန်းချမှတ်လိုက်သည် (၁၆ စက်တင်ဘာ ၂၀၁၇)။ https://www.telesurtv.net/english/news/Argentina-Sentences-6-to-Life-in-Prison-for-Crimes-Against-Humanity-During-US-Backed-Dirty-War-20170916-0016.html).

[၅] ဥပမာ - ကျားမတန်းတူညီမျှရေးကွန်ယက် "တိတ်ဆိတ်ခြင်းနောက်ကွယ် - အမျိုးသမီးများကို အကြမ်းဖက်ခြင်းနှင့် ၎င်းတို့၏တောင့်ခံမှု၊ မြန်မာ - စာတမ်းအကျဉ်းချုပ် (အောက်တိုဘာ ၂၀၁၅)၊ စာမျက်နှာ ၃ http://www.themimu.info/node/61566.

[၆] UNFPA (2017) စွမ်းအင်ပြည့် ဒဏ္ဍာရီများ၊ ဖုံးကွယ်ထားသောလျှို့ဝှက်ချက်များ http://myanmar.unfpa.org/sites/default/files/pub-pdf/PowerfulMythsHiddenSecrets_EDITED.pdf.

[၇]Melissa Crouch (2014) ၏ မြန်မာနိုင်ငံတွင်း ဥပဒေတိုးတက်မှုအလွှာများ၊ မြန်မာနိုင်ငံတွင်း ဥပဒေ၊ လူ့အဖွဲ့အစည်းနှင့် အကူးအပြောင်းကာလ၊ Melissa Crouch and Tim Lindsey (eds.), Hart: Oxford, စာမျက်နှာ.41-47.

[၈] ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသရေးရာဝန်ကြီးဌာန။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံဥပဒေ (29 May 2008), ပုဒ်မ. 232(ခ) (ဤနေရာတွင်၂၀၀၈ ဖွဲ့စည်းပုံဥပဒေ)

[၉] ဤအခန်းတွင် စာမျက်နှာ ၁၂ -၁၂ တွင် ဖတ်ပါ။

[၁၀] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အက်ဥပဒေ ၄၁၈

[၁၁]Monique Skidmore (2003) ဝါးထရံနောက်ကွယ် - မြန်မာနိုင်ငံရှိ အမျိုးသမီးများကို အကြမ်းဖက်မှုပုံစံများ၊ အာရှလူ့အဖွဲ့အစည်းတွင် အမျိုးသမီးများကို အကြမ်းဖက်မှု၊ Lenore Manderson & Linda Rae Bennett (eds.), London: RoutledgeCurzon, စာမျက်နှာ. 78.

[၁၂] ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးအရာရှိ ("UNHCHR")၊ မြန်မာနိုင်ငံရှိ အခြားလူနည်းစုများနှင့် ရိုဟင်ဂျာမူဆလင်များအတွက် လူ့အခွင့်အရေးအခြေအနေ

[၁၃] Laura Baron-Mendoza, 'စစ်ပွဲအစီရင်ခံစာ 2017: မြန်မာနိုင်ငံ၊ အသိအမှတ်ပြုခံရခြင်းအတွက် စစ်ပွဲ, (December 2017), *ဂျီနီဗာအဖွဲ့နိုင်ငံတကာဥပဒေ*, စာမျက်နှာ. 2, https://www.geneva-academy.ch/joomlatools-files/docman-files/Myanmar%20A%20Battle%20for%20Recognition.pdf.

[၁၄] ဗမာဟု တစ်ခါတစ်ရံသိထားကြပြီး ထိုစကားလုံးသည် မြန်မာနိုင်ငံသားကို ခေါ်ရန်သုံးသည်

[၁၅] ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးအရာရှိ UNHCHR (2016), A/HRC/32/18 အပိုဒ် ၂။ အစိုးရသည် ရိုဟင်ဂျာမူဆလင်များကို တိုင်းရင်းသားလူမျိုးစုအဖြစ် ထည့်သွင်းထားခြင်းမရှိပေ (ဇယား ၁ ရိုဟင်ဂျာမူဆလင်များကို ရှင်းလင်းခြင်းတွင်ကြည့်ပါ။

[၁၆] Skidmore (2003), စာမျက်နှာ. 77

[၁၇] David C Williams (2014), 'မြန်မာနိုင်ငံ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သည့်အရာများက ဆိုးရွားနေသနည်း" မြန်မာနိုင်ငံတွင်း ဥပဒေ၊ လူ့အဖွဲ့အစည်းနှင့် အကူးအပြောင်းကာလ၊ Melissa Crouch and Tim Lindsey (eds.), Hart: Oxford, စာမျက်နှာ. 118.

[၁၈]Baron-Mendoza (2017), 'စစ်ပွဲအစီရင်ခံစာ 2017'စာမျက်နှာ 3.

[၁၉] Skidmore (2003), စာမျက်နှာ. 77

[၂၀] Betsy Apple, 'မုဒိမ်းမှုအတွက်ကျောင်း - မြန်မာစစ်တပ်နှင့် လိင်အကြမ်းဖက်မှု', နိုင်ငံတကာကမ္ဘာ့အခွင့်အရေး *Earth Rights International*, (1998), စာမျက်နှာ 9

[၂၁]Baron-Mendoza (2017), 'စစ်ပွဲအစီရင်ခံစာ 2017'စာမျက်နှာ 2

[၂၂] Skidmore (2003), စာမျက်နှာ 78

[၂၃] Ibid.

[၂၄] Ibid., p. 80. ဖြတ်လေးဖြတ်နည်းဗျူဟာကို ကချင်ပြည်နယ်တွင် အသုံးပြုခြင်းကို မကြာသေးခင်က နမူနာများကို ဖတ်ရန် - စတယ်လာနော် "မြန်မာနိုင်ငံ၏ စစ်ဒဏ်ရာကို ဖြတ်လေးဖြတ်နည်းဗျူဟာက ပိုမိုနက်ရှိုင်းလာစေခဲ့သည်" (15 July 2017), *Asia Times*, http://www.atimes.com/article/four-cuts-strategy-deepens-myanmars-war-wounds/.

[၂၅] ဥပမာ - လူ့အခွင့်အရေးစောင့်ကြည့်ရေး ("HRW") "မပြောပြခဲ့သော ဝေဒနာများ - မြန်မာနိုင်ငံ ကချင်ပြည်နယ်တွင် စစ်အတွင်း မတရားမှုများနှင့် အတင်းအကျပ် နေရပ်တိမ်းရှောင်ရခြင်း"(March 2012), https://www.hrw.org/sites/default/files/reports/burma0312ForUpload10.pdf

[၂၆] Catherine Brown (1999), 'မြန်မာ - အကြမ်းဖက်မှုဖြင့် နိုင်ငံရေးအမြတ်ထုတ်ခြင်း', *ကံဆိုးမိုးမှောင်ကျခြင်းများ 22(3)*, Blackwell Publishing, p. 236.

[၂၇] Skidmore (2003), စာမျက်နှာ. 78

[၂၈] Ibid., pp. 78, 83-84.

[၂၉]Baron-Mendoza (2017), 'စစ်ပွဲအစီရင်ခံစာ 2017',စာမျက်နှာ. 2 – 3။ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်များမှာ ကရင်ဗုဒ္ဓဘာသာ/ ပရဟိတဆိုင်ရာ ဒီမိုကရက်တစ် တပ်မတော် ("DKBA")၊ ရှမ်းပြည်နယ်ထိန်းသိမ်းရေးကောင်စီ ("RCSS")၊ ရှမ်းပြည် တောင်ပိုင်းတပ် ("SSA-South")၊ ချင်းအမျိုးသားတပ်ဦး ("CNF")၊ ကရင်အမျိုးသားစုပေါင်းတပ် ("KNU")၊ ကရင် အမျိုးသား လွတ်လပ်ရေးတပ်နှင့် ငြိမ်းချမ်းရေးကောင်စီ ("KPC")၊ ရခိုင်လွတ်လပ်ရေးပါတီ ("ALP")၊ ပအိုဝ်း အမျိုးသား လွတ်လပ်ရေးအဖွဲ့("PNLO")၊ ကျောင်းသား သမဂ္ဂဒီမိုကရေစီ တပ်ဦး("ABSDF") တို့ဖြစ်သည်။

[၃၀] Baron-Mendoza (2017), 'စစ်ပွဲအစီရင်ခံစာ 2017', စာမျက်နှာ. 3၊ ၂၀၁၄ နှင့် ၂၀၁၇ အလယ်တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် လူ ၆၀၀ ကျော်သေဆုံးပြီး လူ ၇၀၀ ကျော် ဒဏ်ရာရရှိကာ (၄၀% မှာ အရပ်သားများဖြစ်)သည်။ ကြည့်ရန် - အာရှဖောင်ဒေးရှင်း "မြန်မာနိုင်ငံ - အာရှတွင် ပဋိပက္ခနှင့် အကြမ်းဖက်မှုနိုင်ငံ" (2017), p. 9, https://asiafoundation.org/wp-content/uploads/2017/10/Myanmar-TStateofConflictandViolence.pdf

[၃၁] Baron-Mendoza (2017), 'စစ်ပွဲအစီရင်ခံစာ 2017' စာမျက်နှာ 2-3

[၃၂] ထို့အပြင် ၂၀၁၇ ဖေဖော်ဝါရီလမှစ၍ တာအန်းအမျိုးသားတပ် ("TNLA") နှင့် ရှမ်းပြည်တောင်ပိုင်းတပ် တို့ကြားတွင် တိုက်ပွဲများ ရှိခဲ့သည်။

[၃၃] Baron-Mendoza (2017), 'The War Report 2017' စာမျက်နှာ 4 (ပုံ ၂)

[၃၄]Matt Schissler, Matthew J Walton and Phyu Phyu Thi, 'မြန်မာနိုင်ငံတွင် ဘာသာရေးပဋိပက္ခ အကြောင်းရင်း"6 August 2015, *The Diplomat*, https://thediplomat.com/2015/08/the-roots-of-religious-conflict-in-myanmar/.

[၃၅]Ibid. စာမျက်နှာ . 10.

[၃၆] Ibid.,စာမျက်နှာ. 10.

[၃၇] လူဦးရေထိန်းသိမ်းရေးဥပဒေ (May 2015), ဗုဒ္ဓဘာသာ အမျိုးသမီးများအတွက် အထူးထိမ်းမြားရေးဥပဒေ (August 2015)၊ ဘာသာပြောင်းခြင်းဥပဒေ (August 2015) နှင့် တစ်လင်တစ်မယားဥပဒေ (August 2015). ဆက်လက်ဖတ်ရန် - Ibid., pp. 11-12.

[၃၈] နိုင်ငံတကာ အကျပ်အတည်းဖြေရှင်းရေး အဖွဲ့ (2017), 'ဗုဒ္ဓဘာသာနှင့် နိုင်ငံအင်အား, p. 12.

[၃၉] Ibid., p. ii.

[၄၀] Ibid

[၄၁]အကြမ်းဖက်မှုနှင့် မတရားမှု၏ သမိုင်းကြောင်းအကျဉ်းချုပ်ကို သိရန် HRW, 'ဆုတောင်းဖို့ပဲ ရှိတော့တယ် - မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုနှင့် တိုင်းရင်းသား သန့်ရှင်းရေးဆိုင်ရာ ရာဇဝတ်မှုများ (April 2013), Appendix I, https://www.hrw.org/report/2013/04/22/all-you-can-do-pray/crimes-against-humanity-and-ethnic-cleansing-rohingya-muslims

[၄၂] ကုလသမဂ္ဂတင်ပြမှုအစီရင်ခံစာ "မြန်မာနိုင်ငံတွင် ၂၀၁၆ အောက်တိုဘာလမှစ၍ ထွက်ပြေးလာသော ရိုဟင်ဂျာများကို အင်တာဗျူးများ" (February 2017), p. 5, http://www.ohchr.org/Documents/Countries/MM/FlashReport3Feb2017.pdf.

[၄၃]HRW, "တစ်ကိုယ်လုံးနာနေတယ် - မြန်မာနိုင်ငံတွင် ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးများကို လိင်အကြမ်းဖက်မှုများ" (November 2017), p. 14.ပိုမိုသိရှိရန် - ကုလသမဂ္ဂအစီရင်ခံစာ (2017), p. 5.

[၄၄]HRW (2013), 'ဆုတောင်းဖို့ပဲ ရှိတော့တယ်', p. 139.

[၄၅] Ibid., p. 141.

[၄၆] Ibid., p. 141.

[၄၇] ရခိုင်ပြည်နယ်အကြံပေးကော်မရှင် "ရခိုင်ပြည်နယ်ရှိ လူများအတွက် ငြိမ်းချမ်းမျှတပြီး အလားအလာကောင်းသော အနာဂတ်သို့ - ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာ" August 2017), p. 19, http://www.kofiannanfoundation.org/app/uploads/2017/08/FinalReport_Eng.pdf
ပြည်ထောင်စုသမ္မတနိုင်ငံ (2013), 'ရခိုင်ပြည်နယ်ရှိ ဂိုဏ်းဂဏခွဲခြား အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးရေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာ', 8 July 2013, http://www.burmalibrary.org/docs15/Rakhine_Commission_Report-en-red.pdf ("2013 Rakhine Commission Report"); HRW (2017), 'တစ်ကိုယ်လုံးနာနေတယ်, p. 13.

[၄၈] September 2017တွင် လူပေါင်း  606,000 ခန့် ဘင်္ဂလားဒေ့ရှ်သို့ တိမ်းရှောင်သွားကြသည်။ ကြည့်ရန် - နေရပ်တိမ်းရှောင် ထွက်ပြေးသူများ စောင့်ကြည့်ရေးစင်တာ 'မြန်မာနိုင်ငံအတွင်းတွင် နေရပ်တိမ်းရှောင်နေရသော ရိုဟင်ဂျာများ မည်မျှပိတ်မိနေသနည်း' (2017),http://www.internal-displacement.org/library/expert-opinion/2017/how-many-internally-displaced-rohingya-are-trapped-inside-myanmar.

[၄၉] ကုလသမဂ္ဂစောင့်ကြည့်အစီရင်ခံစာ(2017), စာမျက်နှာ. 13-36.

[၅၀]'ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ ထုတ်ပြန်ချက်', (11 September 2017), http://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=22041.

[၅၁]ကုလသမဂ္ဂစောင့်ကြည့်အစီရင်ခံစာ(2017), စာမျက်နှာ ၄၂

[၅၂] Justin Rowlatt, 'အောင်ဆန်းစုကြည်က ရိုဟင်ဂျာသတ်ဖြတ်မှုအတွက် စွပ်စွဲချက်များကို ရင်ဆိုင်နေရသလား' 18 December 2017, BBC News,http://www.bbc.com/news/world-asia-42335018.

[၅၃]Associated Press, 'ကုလသမဂ္ဂအရာရှိက ရိုဟင်ဂျာ အရေးအခင်းတွင် လူမျိုးတုံးသတ်ဖြတ်မှုလက္ခဏာ ရှိသည်ဟု ဆိုသည်', 1 February 2018, https://www.washingtonpost.com/world/asia_pacific/un-official-says-rohingya-crisis-has-hallmarks-of-genocide/2018/02/01/53180580-0723-11e8-aa61-f3391373867e_story.html?utm_term=.9e27d67618d4.

[၅၄] Marzuki Darusman,မြန်မာနိုင်ငံရှိ အချက်အလက်ရှာဖွေရေး နိုင်ငံတကာစီမံချက်ခေါင်းဆောင် ပြောကြားချက် -  'မြန်မာနိုင်ငံရှိ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာမူဆလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေကို လေ့လာနေသော လူ့အခွင့်အရေးကောင်စီ၏ ထုတ်ပြန်ချက်', (5 December 2017), http://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=22495&LangID=E.

[၅၅] See e.g. HRW (2017), 'ကမ္ဘာ့အစီရင်ခံစာ ၂၀၁၇ - မြန်မာ - ၂၀၁၆ ဖြစ်ရပ်များ', https://www.hrw.org/world-report/2017/country-chapters/burma.

[၅၆] CEDAW ကော်မတီကို ကြည့်ပါ - 'အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းပုံစံအားလုံးကို ဖယ်ရှားခြင်းဆိုင်ရာ ကော်မတီ', 7 November 2008, CEDAW/C/MMR/CO/3, အပိုဒ်. 24 ("ကော်မတီသည် ရှမ်း၊ မွန်၊ ကရင်၊ ပလောင်နှင့် ချင်းအမျိုးသမီးများကို လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ကျူးလွန်သော မုဒိမ်းမှုအပါအဝင် လိင်အကြမ်းဖက်မှုနှင့် အခြားအကြမ်းဖက်မှုပုံစံများ မြင့်မားနေခြင်းသည် စိုးရိမ်ဖွယ်ဖြစ်နေကြောင်း ဖော်ပြထားသည်")။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအခြေအနေများကို အထူးသတင်းထောက်မှ တိုးတက်မှုအစီရင်ခံစာ 7 March 2012, A/HRC/19/67, အပိုဒ်. 60-61. See further footnote

[၅၇] လက်နက်ကိုင်ပဋိပက္ခနှင့် ကလေးသူငယ်များ စောင့်ကြည့်စာရင်း၊ 'ဆက်မငြင်းပါနင့်တော့ - မြန်မာနိုင်ငံရှိ လက်နက်ကိုင် ပဋိပက္ခကြောင့် ထိခိုက်ရသောကလေးများ', (May 2009), pp. 5, 30-31, http://watchlist.org/publications/no-more-denial-children-affected-by-armed-conflict-in-myanmar-burma-may-2009.

[၅၈] HRW (2017), 'ကမ္ဘာ့အစီရင်ခံစာ ၂၀၁၇: မြန်မာ'

[၅၉]ဩစတေးလျအစိုးရအစီရင်ခံစာ (2017), 'မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ နေရပ်တိမ်းရှောင်ရမှုများအပေါ် ဩစတေးလျနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ', https://reliefweb.int/sites/reliefweb.int/files/resources/rakhine-what-will-our-assistance-do.pdf.

[၆၀] See e.g. CEDAW Action Myanmar, 'အကြောင်းအရာများအပေါ် မြန်မာဗဟိုဝန်ဆောင်မှုရုံး စောင့်ကြည့်အစီရင်ခံစာ - အမျိုးသမီးများကို အကြမ်းဖက်မှု', (17 June 2016), pp. 5, 15, http://tbinternet.ohchr.org/Treaties/CEDAW/Shared%20

Documents/MMR/INT_CEDAW_NGO_MMR_24232_E.pdf; HRW (2017), Burma 2016 Country Profile, https://www.hrw.org/world-report/2017/country-chapters/burma.

[၆၁] ချမ်းသာ - 'တာအန်းအမျိုးသမီးများအဖွဲ့က မုဒိမ်းသမားများကို အရေးယူရန်တောင်းဆို', *Myanmar Times*, 31 October 2017, https://www.mmtimes.com/news/taang-womens-group-demands-action-against-rape-suspects.html

[၆၂] CEDAW Action Myanmar (2016), p. 15. ဤအစီရင်ခံစာတွင် မည်သည့်အကျပ်ကိုင်မှုကို အသုံးပြုသည်ကို မရှင်းလင်းသော်လည်း သိရှိမှတ်သားရသည်မှာ "လက်ထပ်ရန် ကတိပေးပြီး ကာမလိမ်လည်ရယူမှုသည် ဒေသအတွင်းတွင် လိင်အကြမ်းဖက်မှုဖြစ်ပြီး မြန်မာရာဇသတ်ကြီးပုဒ်မဖြင့် ပြစ်ဒဏ်ချမှတ်သည်": UNFPA, 'အင်အားကြီးသော ဒဏ္ဍာရီ ဖုံးကွယ်ထားသော လျှို့ဝှက်ချက်များ', (2017), p. 16.

[၆၃] ၂၀၁၇ တွင် ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုမှ ရှင်သန် လွတ်မြောက်လာသူများကို မေးမြန်းရန် ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်ခဲ့သော မြန်မာနိုင်ငံရှိ အချက်အလက်ရှာဖွေရေး နိုင်ငံတကာစီမံချက် ("UNFFM")အဖွဲ့ဝင်တစ်ဦး၏ မြန်မာနိုင်ငံအကြောင်း ပြောကြားချက် - "ဤလိင်အကြမ်းဖက် မှုများသည် အရေးအခင်း အခြေအနေများစွာကို တွေ့ကြုံခဲ့ဖူး သည့် ကာလတလျှောက် အဆိုးရွားဆုံးပင်ဖြစ်သည်": OHCHR, 'ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်ခဲ့သော မြန်မာနိုင်ငံရှိ အချက် အလက်ရှာဖွေရေး နိုင်ငံတကာစီမံချက်မှ ကောက်နှုတ်ချက်', (27 October 2017), http://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=22320&LangID=E.

[၆၄] On this see OHCHR, 'မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး အခြေအနေများကို အထူးကိုယ်စားလှယ်၏ စီမံချက်အဆုံးသတ်ထုတ်ပြန်ချက်', (1 February 2018), http://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=22619&LangID=E

